
# ကော်လမင်းအောက်

ဝင်ရှန်နိုင် နှင့်

လဝန်းသစ်



ပြည်တွင်းပြည်ပ အဖျ

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရ
- အမျိုးသားပြန်လည်စည်းလ
- ခိုင်မာသည့်ဖွဲ့စည်းပုံအ
- ဖြစ်ပေါ်လာသော ဒွ
  တည်ဆောက်ရေး။

■ စိုက်ပျိုးရေးကို အခြေခံ
■ ဈေးကွက်စီးပွားရေးစနစ်
■ ပြည်တွင်းပြည်ပမှ အတ
■ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်
  လက်ဝယ်တွင်ရှိရေး။

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေ
  ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓါတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာ

# အခန်း(၁)

ည်
ငိ

မိုးဆမ်းပန်းစာပေ

သစ်လုံးအိမ် ဂရံတာတွင် ထိုင်စောင့်နေစဉ်မှာပင် မြင်းညိုကြီးစီးပြီး ခြံဝင်းအတွင်းသို့ ဝင်လာသူအား တွေ့လိုက်ရသည်။ မြင်းစီးသမားက ဂျင်းဘောင်းဘီအပြာ မီးခိုးရောင်တီရှပ်တို့ကို တွဲဖက်ဝင်ဆင်ပြီး တီရှပ်အပေါ်မှာ ချိုင်းပြတ်ဂျာကင်တစ်ထည်ကိုထပ်ပြီး ဝတ်ဆင်ထားသည်။ အသားဖြူဖြူ အရပ်မြင့်မြင့်နှင့် ယောကျ်ားပီသ ချောမောသူ ဖြစ်၏။

မြင်းစီးသမားက သစ်လုံးအိမ်ဝရံတာတွင် ထိုင်နေသောသူမကို လှမ်းမြင်လိုက်ဟန်ရှိသည်။ ဖြည်းဖြည်းမှန်မှန် စီးလာ

သစ်လုံးအိမ် ဝရံတာတွင် ထိုင်စောင့်နေစဉ်မှာပင် မြင်းညိုကြီးစီးပြီး ခြံဝင်းအတွင်းသို့ ဝင်လာသူအား တွေ့လိုက်ရသည်။ မြင်းစီးသမားက ဂျင်းဘောင်းဘီအပြာ မီးခိုးရောင်တီရှပ်တို့ကို တွဲဖက်ဝင်ဆင်ပြီး တီရှပ်အပေါ်မှာ ချိုင်းပြတ်ဂျာကင်တစ်ထည်ကိုထပ်ပြီး ဝတ်ဆင်ထားသည်။ အသားဖြူဖြူ အရပ်မြင့်မြင့်နှင့် ယောက်ျားပီသ ချောမောသူ ဖြစ်၏။

မြင်းစီးသမားက သစ်လုံးအိမ်ဝရံတာတွင် ထိုင်နေသော သူမကို လှမ်းမြင်လိုက်ဟန်ရှိသည်။ ဖြည်းဖြည်းမှန်မှန် စီးလာ

သော မြင်းညိုကြီးကို ဖနောင့်ဖြင့် တို့လိုက်သည်။ မြင်းညိုကြီးက သစ်လုံးအိမ်ဆီသို့ လျင်မြန်စွာ ပြေးထွက်၏။

ဝရံတာရှိ သစ်သားထိုင်ခုံတွင် ထိုင်နေသော မိန်းကလေးက မြင်းစီးသမားကို ကြည့်ကောင်းကောင်းနှင့် ငေးကြည့်နေသည်။ သစ်လုံးအိမ်၊ ယာခင်းပြင်နှင့် မြင်းစီးသမားတို့မှာ လိုက်ဖက်လှသည်ဟု သူမက တွေးနေမိသည်။ မြင်းစီးသမားမှာ ခေတ်ဟောင်းကောင်းဘွိုင်ကားများထဲမှ နွားကျောင်းသားပုံပေါက်နေသည်။

မြင်းစီးသမားက မြင်းကို သစ်လုံးအိမ်ရှေ့တွင် ရပ်လိုက်သည်။ သစ်လုံးအိမ် ဝရံတာတွင် ထိုင်နေသော မိန်းကလေးကို တစ်လှည့် . . အိမ်ရှေ့တွင် ရပ်ထားသော နှစ်ယောက်စီး ပြိုင်ကားနီနီလေးကို လှည့်ကြည့်သည်။

မိန်းကလေးမှာ ပြိုင်ကားလေးလိုပင် ကိုယ်ကျပ်အင်္ကျီအနီ ထမီအနီတို့ကို ဝတ်ဆင်ထားသည်။ ထိုင်ခုံပေါ်တွင် ခါးဆန့်ပြီး မတ်မတ်လေး ထိုင်နေသဖြင့် အချိုးကျသော ခန္ဓာကိုယ်အလှတို့ ပေါ်လွင်နေ၏။

"မင်းက ဘယ်သူများပါလိမ့် . . ကျုပ်ဆီကို မိန်းကလေးသည့်သည်လာလေ့ မရှိပါဘူး"

မြင်းစီးသမားက စူးရှအရောင်လက်နေသော မျက်လုံးအစုံဖြင့် မိန်းကလေးအား ကြည့်ရင်း မေးလိုက်သည်။

မိန်းကလေးက မြင်းစီးသမားကို ရွှန်းစိုတောက်ပသော မျက်လုံးအစုံဖြင့် ကြည့်ရင်း နှုတ်ခမ်းဆိုးဆေး နီနီရဲရဲ ဆိုးထားသော နှုတ်ခမ်းနှစ်လွှာ ပွင့်ဟမတတ် ပြုံးသည်။

"ကျွန်မ . . နီနီနန်းဝေပါ"

"အာ . . ဟုတ်ပြီ၊ ကားလဲနီ၊ လူလဲနီ၊ နာမည်ပါနီတဲ့ကောင်မလေး . . ကျုပ်ခြံထဲကို ဘာကိစ္စ ရောက်နေတာလဲ"

"အစ်ကိုက ကိုမင်းနောင် မဟုတ်လား"

မြင်းစီးသမားက မျက်မှောင်ကြုံ့လိုက်သည်။ သူ့နာမည်ကို သိနေသော အနီရောင်မလေး နီနီအား ခပ်စူးစူး ကြည့်၏။

"မင်း ဘယ်သူလဲ . ."

"ကျွန်မ နီနီနန်းဝေလို့ ပြောပြီးပြီလေ"

နီနီက ကလေးဆန်သော အမူအရာနှင့် ဖြူဖွေးညီညာသည့် သွားတန်းလေးပေါ်အောင် ရယ်ပြသည်။ ရယ်နေသော





မိုးဆမ်းပန်းစာပေ

နီနီမျက်နှာကို ကြည့်ရင်း မင်းနောင်၏ရင်မှာ လှပ်ခနဲ ဖြစ်သွားသည်။ နှစ်ပေါင်းများစွာ ခံစားခဲ့ရသော ဝေဒနာဟောင်းတစ်ခု ရင်ကို တိုးဝှေ့ဖြတ်သန်းသည်။

"မင်း . . ဖြူဖြူ ညီမလေးလား"

နီနီနန်းဝေက ခေါင်းညိတ်ပြသည်။

"ဦးနန်းဝေရဲ့သမီးပေါ့ . . "

"ဩော် . . ဟုတ်ပါတယ်ဆို"

"အခု . . မင်း ကျုပ်ဆီကို ဘာလာလုပ်တာလဲ၊ ဦးနန်းဝေရဲ့သမီးဟာ ကျုပ်နဲ့ပတ်သက်စရာ အကြောင်းမရှိဘူးလေ"

နီနီ ရှုတ်ခမ်းလေး စလိုက်သည်။

"ဘာဖြစ်လို့ ပတ်သက်စရာ အကြောင်းမရှိရမှာလဲ၊ အစ်ကိုက မမဖြူနဲ့ ပတ်သက်ခဲ့တယ် မဟုတ်လား၊ မမဖြူနဲ့ ပတ်သက်ခဲ့တယ်ဆိုရင် နီနီနဲ့လည်း ပတ်သက်ရမှာပေါ့"

မင်းနောင်က တစ်စုံတစ်ရာကို တုံ့ပြန်ပြောဆိုခြင်း မပြုဘဲ နီနီမျက်နှာကို စူးစိုက်ကြည့်သည်။

"နီနီ အခုဒီကိုလာတာ ဖေဖေက ခိုင်းခဲ့လို့ပါ၊ ဖေဖေက စာတစ်စောင် ရေးခဲ့ပြီး သူရေးခဲ့တဲ့စာ အစ်ကို့လက်ထဲထည့်ဖို့





ဒီစာကို နီနီကိုယ်တိုင် သွားပို့ဖို့ မှာခဲ့တယ်"

"နေပါဦး . . မင်းပြောပုံက ဦးနန်းဝေ တစ်နေရာရာကို ထွက်သွားသလိုဘဲ၊ သူက တောင်ညီနောင်မှာ မရှိတော့ဘူးလား"

နီနီ၏ မျက်နှာပေါ် အရိပ်ကလေးတစ်ရိပ် ဖြတ်ပြေးသွားသလို ရှိသည်။ သူမက ရီဝေသော မျက်လုံးအစုံဖြင့် မင်းနောင်အား ကြည့်သည်။

ထိုအကြည့်ကြောင့် မင်းနောင်၏ ရင်ထဲ သို့ စူးနင့်သော ခံစားချက်တစ်ရပ် တိုးဝင်လာသည်။ နီနီ၏ အကြည့်သည် တစ်ရံရောအခါက ဖြူဖြူ၏ အကြည့်နှင့် တထပ်တည်း တူနေပါလားဟု သူတွေးမိ၏။

"ဖေဖေက တောင်ညီနောင်မှာတင် မဟုတ်ဘူး၊ ဒီလောကကြီးမှာကို မရှိတော့တာ၊ ဖေဖေ ဆုံးသွားပြီ အစ်ကို . . ဖေဖေ ဆုံးသွားလို့လဲ နီနီ တောင်ညီနောင်ကို ရောက်လာခဲ့တာပါ၊ ဟောဒီမှာ ဖေဖေက အစ်ကို့အတွက် ရေးခဲ့တဲ့စာပါ"

မင်းနောင်က နီနီလက်ထဲမှ စာအိတ်ကို လှမ်းယူသည်။ စာအိတ်ကို ဖောက်ကာ အတွင်းမှစာကို ထုတ်ဖတ်သည်။ စာဖတ်

ရင်း မင်းနောင်၏ မျက်နှာတွင် အပြောင်းအလဲများစွာ ပေါ်သွား၏။ စာဖတ်အပြီးတွင် မင်းနောင် ငိုင်ကျသွားသည်။ တခဏအမျှ ငိုင်နေပြီးနောက် သူက အိတ်ထဲမှ မီးခြစ်ထုတ်ကာ စာကို မီးရှို့လိုက်သည်။

"စာကို ဘာဖြစ်လို့ မီးရှို့ရတာလဲ အစ်ကို"

"ဒီစာထဲမှာပါတဲ့ အကြောင်းအရာတွေ တစ်ခြားလူကို မသိစေချင်လို့ပါ"

"အဲဒီအကြောင်းတွေ နီနီသိပါတယ်"

"ဩော် . . ဟုတ်လား"

"မမဖြူပြာ ဖေဖေ့ကို သိပ်ချစ်တယ်၊ ဖေဖေ့စကားဆို မြေဝယ်မကျ နားထောင်တယ်၊ မေမေမရှိတော့တဲ့နောက် ဖေဖေ တောင်ညီနောင်ကို ပြောင်းတော့ အဖေနဲ့မခွဲနိုင်ဘူးဆိုပြီး မမဖြူ လိုက်သွားခဲ့တယ်၊ နီနီကတော့ ဘွားဘွားဆီမှာပဲနေ . . ဘွားဘွား လက်ထဲမှာပဲ ကြီးပြင်းခဲ့တယ်လေ"

"အဲဒါတွေ စာထဲမှာ ပါပါတယ်"

"နီနီက နီနီသိတာကို ပြောပြမလို့ပါ၊ အစ်ကိုနဲ့မမ တွေ့ကြပြီးတဲ့နောက် ရတ်တရက် မမက အစ်ကို့ကို အဆက်အသွယ်ဖြတ်လိုက်တယ်၊ အဲဒါကို အစ်ကို မခံနိုင်ခဲ့ဘူး မမကို အသေအလဲ လိုက်ရှာရင်း ဖေဖေ့ဆီကို ရောက်သွားတယ်၊ ဖေဖေက မမ အိမ်ထောင်ပြုသွားပြီ၊ နိုင်ငံခြားကို ထွက်သွားပြီ ဆိုပြီး အစ်ကို့ကို လှည့်စားခဲ့တယ်၊ တိုတိုပြောရရင် အစ်ကိုက မမကို စိတ်နာပြီး ဒီမှာဇာတ်မြုပ်ပြီး လာနေတယ်"

"ဟုတ်ပါပြီ . . ဒါတွေကို ဘာဖြစ်လို့ ပြောနေတာလဲ၊ ဖြူဖြူပြာ လက်ထပ်သွားတာ မဟုတ်ဘူး၊ လူယုတ်မာတစ်ယောက်ရဲ့ အဖျက်အဆီးခံလိုက်ရပြီး ရူးသွပ်သွားတာ၊ ဦးနန်းဝေက ဖြူဖြူကို အိမ်ထဲမှာ ဝှက်ထားပြီး တိတ်တိတ် ဆေးကုတယ်၊ ဆေးကုနေရင်း ဖြူဖြူ ဆုံးသွားတယ်၊ ဦးနန်းဝေက ဖြူဖြူအပေါ် ယုတ်မာခဲ့တဲ့လူကို ရပ်ဖျက်ပြီး သွားတိုက်ခိုက်တော့ သေကောင်းပေါင်းလဲ ဒဏ်ရာရလာခဲ့တယ်၊ မသေခင် နီနီကို အကြောင်းကြား ကိုယ့်ကို စာရေးခဲ့တယ် ဒါဘဲ မဟုတ်လား"

"ဟုတ်ပါတယ် အစ်ကို၊ စာထဲမှာ မပါတဲ့ အကြောင်းအရာတစ်ခု ရှိပါသေးတယ်၊ အဲဒါကို နီနီတစ်ယောက်ထဲ သိတယ်"

"ဘာအကြောင်းအရာလဲ နီနီ"

"မမဖြူကို ဖျက်ဆီးခဲ့တဲ့ လူယုတ်မာဟာ သာမြင့်ဆိုတာ ရယ် . . သာမြင့်ကို တရားဥပဒေအရ အပြစ်ပေးနိုင်အောင် ဆောင်ရွက်ဖို့အတွက် ဖေဖေက ငွေသိန်းနှစ်သောင်း ထားခဲ့တယ်၊ နီနီကို အစ်ကိုနဲ့တွေ့ပြီး အကူအညီတောင်းပြီး ဖေဖေထားခဲ့တဲ့ ငွေနဲ့ တရားခံပေါ်အောင် ဖော်ထုတ်နိုင်းခဲ့တယ်၊ အဲဒီအကြောင်း တွေနဲ့ နီနီ အစ်ကို့ဆီကို လာခဲ့တာပါ"

မင်းနောင် ခေါင်းတစ်ဆတ်ဆတ် ညိတ်သည်။

"အစ်ကို နားလည်ပါပြီ၊ ဒါပေမယ့် တစ်ခုတော့ ပြတ်ပြတ်သားသား သိချင်တယ်"

"ဘာသိချင်တာလဲ အစ်ကို"

"ဦးနန်းဝေ ရေးခဲ့တဲ့စာဟာ ဘယ်လောက်ထိ မှန်သလဲ ဆိုတာပါ"

နီနီက မင်းနောင်၏ မျက်နှာကို စေ့စေ့ကြည့်သည်။ ပြီး အသာအယာ ရယ်လိုက်၏။

"အစ်ကိုက ဖေဖေ့ကို အခဲမကျေနိုင်သေးဘူးနဲ့ တူတယ်"

"အဲသလိုတော့ မဟုတ်ပါဘူး . . ဒါပေမယ့် . ."





"ဒါပေမမယ့်နဲ့ အစ်ကို . . ဖေဖေက အစ်ကိုနဲ့ မမဖြူ တို့ကို တမင်ခွဲတာ မဟုတ်ဘူး၊ မမဖြူအကြောင်းကို တမင်လျှို့ ဝှက်ထားခဲ့တာပါ၊ ဘယ်လောက် လျှို့ဝှက်ထားသလဲဆိုရင် မမ ဖြူနဲ့ပတ်သက်ပြီး နီနီတို့တောင် မသိရပါဘူး၊ နီနီကိုယ်တိုင်လဲ မမဖြူ အိမ်ထောင်ပြုပြီး နိုင်ငံခြားကို ထွက်သွားပြီလို့ ထင်နေ ခဲ့တာပါ . . အစ်ကိုသိအောင် ပြောရရင် ဖေဖေရေးခဲ့တဲ့စာဟာ ရာနှုန်းပြည့် မှန်ပါတယ်၊ မှန်တယ်ဆိုတဲ့ အကြောင်း နီနီရဲရဲကြီး အာမခံပါတယ်"

မင်းနောင်က နီနီကို ရီဝေသော မျက်လုံးအစုံဖြင့် စူးစိုက် ကြည့်သည်။ ပြီးနောက် သက်ပြင်းရှည်ကြီး တစ်ချက်ချလိုက် ၏။

"မင်းအခု တောင်ညီနောင်ကနေ လာတာလား"

နီနီက ခေါင်းညိတ်ပြသည်။

"ဟုတ်တယ် အစ်ကို"

"မိုင်သုံးရာလောက် ခရီးကို မင်းတစ်ယောက်ထဲ လာခဲ့ တာလား အဖော်မပါဘူးလား"

"နီနီမှာ ခိုင်းတာလုပ်တဲ့ အဖော်ပါပါတယ်၊ ဒီအဖော်

ပါတဲ့နောက် တစ်ခြားအဖော် မလိုပါဘူး”

“ခိုင်းတာလုပ်တဲ့ အဖော်ဟုတ်လား . . အဲဒါက ဘာလဲ”

နီနီက ပခုံးသိုင်းအိတ်လေးကို ဖွင့်ပြသည်။ အိတ်ထဲမှ အနီရောင်ပစ္စတိုကို မြင်ရ၏။

“ခိုင်းတာလုပ်တဲ့ အဖော် ဟုတ်လား . . သေသေချာချာ ကော ခိုင်းတတ်လို့လား”

“လက်တွေ့ကြုံတဲ့ အခါကျ အစ်ကို သိပါလိမ့်မယ်၊ အစ်ကို နောက်ထပ်မေးစရာ ရှိသေးသလား . . မေးစရာ မရှိတော့ရင် ကျွန်မကို ကော်ဖီတစ်ခွက် တိုက်ပါ၊ ဒါမှမဟုတ် ရေတစ်ခွက် တိုက်ပါ၊ မိုင်သုံးရာခရီးကို ဖြတ်ကျော်လာခဲ့တာ အရမ်းပင်ပန်းနေတယ်”

မင်းနောင်က နီနီအား ကြည့်ရင်း ပြုံးလိုက်သည်။

“ဆောရီးပဲ ညီမလေး . . စကားပြောနေတာနဲ့ အဲဒါကို ကိုယ်မေ့သွားတယ်၊ ဒါလောက် ခရီးအဝေးကြီးကနေ လာတာ ပင်ပန်းမှာပေါ့၊ လာပါ . . အိမ်ထဲကို ဝင်ပါ ကော်ဖီလဲ တိုက်မယ်၊ ညစာလည်း ကျွေးမယ်၊ နေဦး . . တစ်ခါတည်း စီစဉ်ရအောင် ညီမလေး ဒီမှာဘဲ ညအိပ်ရမှာဆိုတော့ အဖော်လိုတယ်





အဖော်အတွက် စီစဉ်ရမယ်”

“ဒီမှာ ညအိပ်တည်းခိုဖို့ အဆင်မပြေရင်လည်း နီနီ ရွာထဲမှာ သွားအိပ်ပါ့မယ်”

မင်းနောင်၏ မျက်နှာထား တင်းသွားသည်။ နီနီကို ခတ်စူးစူးကြည့်လိုက်၏။

“ရွာထဲမှာ မင်းအသိ ရှိလို့လား”

“မရှိပါဘူး”

“ဒါနဲ့များ ရွာထဲမှာ သွားအိပ်မယ်လို့ ပြောရသေးတယ်၊ မင်းအတွက် ခြံထဲက မိန်းကလေးနှစ်ယောက်ခေါ်ပြီး အဖော်လုပ်ခိုင်းမယ်၊ မိန်းကလေးနှစ်ယောက် ဆိုရင်တောင် ရှုပ်နေသေးတယ်၊ ဒေါ်စိန်တို့သားအမိကိုဘဲ ခေါ်လိုက်မယ်”

မင်းနောင်က အိမ်တံခါးကိုဖွင့်ပြီး အိမ်ထဲသို့ ဝင်သည်။ အိမ်ထဲသို့ ရောက်ရောက်ခြင်းပင် သူက အိမ်ရှေ့ခန်းတွင် ချိတ်ထားသော မောင်းကို ခတ်ဆတ်ဆတ် နှစ်ချက်ထုလိုက်၏။ မောင်းသံက တုန်ဟီးလျက် ပေါ်လာပြီး ပတ်ဝန်းကျင် တစ်ခုလုံးကို ပျံ့နှံ့သွားသည်။

“ဒေါ်စိန် . . အခုဘဲ ရောက်လာပါလိမ့်မယ် ညီမလေး၊

ဒီမှာထိုင်ကွာ ကိုယ် ကော်ဖီဖျော်လိုက်မယ်"

"ဟုတ်ကဲ့ အစ်ကို"

မင်းနောင်က နီနီအား ဧည့်ခန်းတစ်နေရာတွင် နေရာချထားပေးပြီး အိမ်အတွင်းသို့ ဝင်သည်။ နီနီက ဓားနှစ်လက်ကြက်ခြေခတ်လျက် ချိတ်ထားသည့်မှလွဲပြီး ဘာအပြင်အဆင်အချယ်အသမှ မရှိသော ဧည့်ခန်းကို မျက်လုံးဝေ့ပြီး ကြည့်သည်။ ဧည့်ခန်းသည် အလွန်ရိုးစင်း ရှင်းလင်းပြီး အလှအပ အဆောင်အယောင် တစ်ခုမှမရှိကြောင်း သိလိုက်ရသည်။

နီနီ ဟိုငေးသည်ငေးနှင့် ကြည့်နေစဉ် အိမ်ပေါ်သို့ တက်လာသည့် ခြေသံကို ကြားရသည်။ နီနီက ပန်းသိုင်းအိတ်ထဲ ဖျပ်ခနဲ လက်နှိုက်ပြီး ခြေသံပေါ်ထွက်လာရာသို့ ကြည့်သည်။ အသက်ငါးဆယ်အရွယ် မိန်းမကြီးတစ်ယောက်နှင့် သူနှင့်ရွယ်တူ မိန်းကလေးတစ်ယောက် အိမ်ထဲသို့ ဝင်လာသည်ကို တွေ့လိုက်ရ၏။

"ဟော . . ဒေါ်စိန်တို့ ရောက်လာပြီကိုး၊ ဒီမှာ ဧည့်သည် ညီမလေး တစ်ယောက် ရောက်လာတာနဲ့ ဒေါ်စိန်တို့ကို အဖော်လုပ်ပေးဖို့ ခေါ်လိုက်တာပါ"





ဒေါ်စိန်က ခေါင်းကိုညင်သာစွာ ညိတ်ပြသည်။

"အိမ်ရှေ့မှာ ကားရပ်ထားတာ မြင်ကတည်းက ဧည့်သည် ရောက်နေပြီဆိုတာ ခန့်မှန်းမိပါတယ်၊ မိန်းကလေး ဧည့်သည်ဆိုတော့လည်း ဒေါ်လေးတို့ ဒီမှာနေပေးရမှာပေါ့၊ သူက သမီးနဲ့ရွယ်တူလေးဘဲ"

"ဟုတ်တယ် . . ဒေါ်လေး ရန်ကုန်က လာတာလေ၊ သူ့နာမည်က နီနီတဲ့၊ နီနီ ဒေါ်လေးစိန်က ကိုယ့်ပါတနာ ကျော်ထွန်းရဲ့အမေလေ၊ ဒီညီမလေးက ကျော်ထွန်းရဲ့ ညီမလေး ထွေးထွေးတဲ့ . ."

မိန်းမချင်း အပြန်အလှန် မိတ်ဖွဲ့စကားတွေ ပြောကြသည်။ စကားပြောရင်း နီနီက မင်းနောင် ဖျော်ပေးသော ကော်ဖီခါးခါးကို အားရပါးရ သောက်သည်။

"ကဲ . . ဒေါ်လေး သူအိပ်ဖို့ စားဖို့ကအစ အဆင်ပြေအောင် လုပ်ပေးပါနော်၊ ကျွန်တော် ရေသွားချိုးလိုက်ချင်တယ်၊ ထွေးထွေးက ကျော်ထွန်းကို ခေါ်ပေးပါလား၊ ခရီးထွက်စရာ ပေါ်လာတော့ ခြံတစ်ခုလုံး သူ့ကို အပ်ခဲ့ရမှာ၊ အလုပ်ကိစ္စ တိုင်ပင်မှ ဖြစ်မယ်"

"ကိုကိုက ရေချိုးပြီးရင် အစ်ကိုမင်းနောင်ဆီ လာမယ်လို့ ပြောပါတယ်၊ သူရောက်လာမှာပါ သွားခေါ်ဖို့တောင် မလိုပါဘူး"

"ဒါဆိုရင် အဆင်ပြေတာပေါ့၊ နီနီ ခဏနေ့ာ် အစ်ကို ရေချိုးလိုက်ချင်တယ်၊ ပြီးရင် အစ်ကိုတို့ တိုင်ပင်စရာရှိတာ တိုင်ပင်ကြတာပေါ့"

နီနီက ကော်ဖီပန်းကန်ကို ပြန်ချထားရင်းမှ ခေါင်းညိတ် လိုက်သည်။ မင်းနောင် နေရာမှခွာပြီး အိမ်အတွင်းပိုင်းသို့ ဝင်ခဲ့၏။

သူက ရေချိုးရင်း နီနီပြောခဲ့သည့် စကားတွေကို ပြန်စဉ်းစားသည်။ စဉ်းစားရင်းမှ ယခုကိစ္စတွင် သူပါဝင်ပတ်သက်သင့်သည်ဟု ဆုံးဖြတ်လိုက်၏။

ထိုသို့ဆုံးဖြတ်လိုက်သည်နှင့် သူ့စိတ်ထဲတွင် ပေါ့ပါးသွားသည်။ ယခုတစ်ကြိမ် ရွာသာယာတောမှ ခွဲရမှာကို နောက်ဆံတင်းနေခြင်း မရှိတော့ပေ။ ဖြူဖြူနန်းဝေ အတွက်ဆိုလျှင် အသက်စွန့်ရန်ပင် အသင့်ရှိနေလေသည်။



## အခန်း (၂)

ယာဉ်မောင်းများ ယာဉ်နောက်လိုက်များ တစ်ယောက်နှင့်တစ်ယောက် နောက်ပြောင်သံ ရယ်မောသံတို့က ကြားစခန်းတစ်ခုလုံးကို လှုပ်လှုပ်ရှားရှား ဖြစ်သွားစေသည်။

မင်းနောင်က မှောင်ရိပ်တွင်ရပ်ပြီး တစ်ယောက်နှင့်တစ်ယောက် နောက်ပြောင်လိုက် တွန်းထိုးကြည်စယ်လိုက် လုပ်နေသော ကားသမားများကို အကဲခတ် ကြည့်ရှုနေသည်။ သူကြည့်နေစဉ် စားသောက်ဆိုင်အတွင်းမှ ထွက်လာသော ခရီးသည်များကို တွေ့ရ၏။

အထက်ဘက်သို့ တက်သည့် မှန်လုံကား နှစ်စီးပေါ်သို့ ခရီးသည်တွေ တက်ကြသည်။ လူစုံသည်နှင့် ကားနှစ်စီး မောင်းထွက်သွား၏။

ကြားစခန်းတွင် ရှိနေသော အောက်ဘက်သို့ ဆင်းမည့် ကားနှစ်စီးမှ ခရီးသည်များကို ခေါ်သံ ပေါ်လာသည်။ ခရီးသည်တွေ 'စားသောက်ဆိုင်ထဲမှ ထွက်လာပြီး ကားပေါ်သို့ တက်ကြသည်။ တခဏအကြာတွင် အောက်ဘက်သို့ ဆင်းသည့် မှန်လုံကားနှစ်စီး ထွက်ခွာသွား၏။

ခရီးသည်တင်ကားများ ထွက်သွားသည့်နောက် ကြားစခန်းတွင် ကုန်တင်ကားသုံးစီး ကျန်ခဲ့သည်။ မင်းနောင်က နောက်ဆုံးတွင် ရပ်ထားသော ဒိုင်နာကား အနီးသို့ လျှောက်ခဲ့ပြီး မောင်ရိပ်ခိုကာ ရပ်လိုက်သည်။

စားသောက်ဆိုင်အတွင်းမှ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့ ထွက်လာကြသည်။ ရှေ့တွင်ရပ်ထားသော ကုန်တင်ကားနှစ်စီးပေါ်သို့ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့ တက်လိုက်ကြသည်။ ကားနှစ်စီးမှာ တစ်စီးပြီးတစ်စီး မောင်းထွက်သွား၏။





စားသောက်ဆိုင်ထဲမှ ဒိုင်နာကား၏ ယာဉ်နောက်လိုက် ထွက်လာပြီး ကားကို လှည့်ပတ်စစ်ဆေးသည်။ မှောင်ရိပ်ခိုကာ ရပ်နေသော မင်းနောင်က သူ့အနီးသို့ ယာဉ်နောက်လိုက် ရောက်လာသည်နှင့် သွက်လက်စွာ လှုပ်ရှားသည်။

သူက ယာဉ်နောက်လိုက်ကို ဖမ်းချုပ်ပြီး မေ့ဆေးဆွတ်ထားသည့် အဝတ်ဖြင့် ယာဉ်နောက်လိုက်၏ နှာခေါင်းကို ပိတ်အုပ်လိုက်သည်။

ယာဉ်နောက်လိုက်က မင်းနောင်၏ လက်ထဲမှ လွတ်အောင် အတင်းရုန်းသည်။ မင်းနောင်က 'ကရိဖောင်း' ဆွတ်ထားသည့် အဝတ်ဖြင့် အုပ်ထားခြင်းကို မလွှတ်။ ယာဉ်နောက်လိုက်မှာ မေ့ဆေးနံ့ကို ရှူရင်းမှ ဆက်လက်ရုန်းကန်ခြင်း မပြုနိုင်တော့ဘဲ တဖြည်းဖြည်း ငြိမ်ကျသွားသည်။

မင်းနောင်က ယာဉ်နောက်လိုက်ကို လမ်းဘေးမှောင်ရိပ်ထဲသို့ ဆွဲခေါ်သွားသည်။ ထိုသူ့ကို မှောင်ရိပ်တွင် သက်သောင့်သက်သာ နေနိုင်အောင် ပြင်ဆင်ပေးပြီးနောက် ကားရပ်ထားရာသို့ လျှောက်လာခဲ့သည်။

ဒိုင်နာကားကို မောင်းနှင်မည့် ယာဉ်မောင်း စားသောက်

ဆိုင်ထဲမှ ထွက်လာပြီး ကားပေါ်သို့ တက်လိုက်သည်။

"အောင်ဘုရေ . . ဂျမ်းတုံးဖြုတ်ပေါ့"

"ဟုတ်ကဲ့ . . ဆရာ"

မင်းနောင်က အသံဖျက်ပြီး အော်ပြောသည်။ ကားနောက်ဘီးရှေ့တွင် ခုထားသည့် သစ်သားတုံးကို ဖြုတ်ကာ ကားနောက်ပိုင်း တန်းတစ်ခုတွင် တင်လိုက်သည်။ ထို့နောက်တွင် ကားရှေ့ခန်းသို့ လျှောက်ခဲ့ပြီး ယာဉ်မောင်း၏ ဘယ်ဘက်ရှိ ကားတံခါးကို ဖွင့်ကာ ကားပေါ်သို့ တက်လိုက်သည်။

"ဟော . . မင်း"

"တိတ်တိတ်နေစမ်း . . ကားကို စက်နှိုးပြီး မောင်းထွက်၊ ရှုတ်ရှုတ်သဲသဲလုပ်ဖို့ မစဉ်းစားနဲ့ . . ဘာမှမဖြစ်ခင် မင်းအရင် သေမယ်နော်"

မင်းနောင်က လက်ထဲတွင် ကိုင်ထားသော ပစ္စတိုကို လှုပ်ပြပြီး ပြောသည်။ ယာဉ်မောင်းက ပစ္စတိုကိုတလှည့် ခေါင်းစွပ်အနက်ကြီး စွပ်ကာ ရုပ်ဖျက်ထားသော မင်းနောင်ကို တစ်လှည့် ကြည့်သည်။

"ကားမောင်းထွက်လေ မင်းဘာလုပ်နေတာလဲ"





"ဟုတ် . . ဟုတ်ကဲ့"

ယာဉ်မောင်းက ကားကို စက်နှိုးပြီး မောင်းထွက်သည်။ ကြားစခန်းမှ တစ်မိုင်ခန့်အကွာသို့ အရောက်တွင် မင်းနောင်က ယာဉ်မောင်းအား ကားရပ်ခိုင်းလိုက်သည်။

"ကားကို ရပ်လိုက်တော့"

ယာဉ်မောင်းက ကားကို ရပ်လိုက်၏။ မင်းနောင်သည် ဘယ်လက်ဖြင့် အိတ်ထဲမှ မေ့ဆေးဆွတ်ထားသည့် အဝတ်ကို ထုတ်ကာ ယာဉ်မောင်း၏ မျက်နှာပေါ် အုပ်ချလိုက်သည်။ နှုတ်မှရှူးရှူးဝါးဝါးအော်ပြီး ယာဉ်မောင်းက ရုန်းသည်။ ရုန်းရင်းကန်ရင်းနှင့် ယာဉ်မောင်း ငြိမ်ကျသွားသည်။

မင်းနောင်က သူထိုင်နေသည့်ဘက်သို့ ယာဉ်မောင်းကို ဆွဲယူသည်။ ကားပေါ်မှ ကြိုးတစ်ချောင်းဖြင့် ယာဉ်မောင်း၏ လက်နှစ်ဖက်ကို ချည်နှောင်လိုက်သည်။ ပြီးနောက် အိတ်ထဲမှ တိတ်ပြားကြီး တစ်ပြားထုတ်ပြီး ယာဉ်မောင်း၏ ပါးစပ်ပေါ် အုပ်ကပ်လိုက်သည်။

မင်းနောင်က ယာဉ်မောင်းအား သူထိုင်ခဲ့သည့် နေရာတွင် ထားပြီး သူက ယာဉ်မောင်းနေရာသို့ ဝင်ကာ ကားကိုမောင်း

ထွက်သည်။ အဝေးပြေး လမ်းမကြီးအတိုင်း ဆယ်မိုင်ခန့် မောင်းနှင်ခဲ့ပြီးနောက် လမ်းဘယ်ဘက်ရှိ မြေနီလမ်းတစ်ခုသို့ ချိုးဝင်လိုက်သည်။

မြေနီလမ်းအတိုင်း သုံးမိုင်ခန့် မောင်းခဲ့သည်နှင့် မြို့တစ်မြို့၏ မြို့ပါတ်လမ်းသို့ ရောက်သည်။ မင်းနောင်က မြို့ပါတ်လမ်းပေါ်ရှိ ခြံဝင်းတစ်ဝင်း အတွင်းသို့ ကားကို မောင်းဝင်သည်။ သတိလစ်မေ့မြောနေပြီဖြစ်သော ယာဉ်မောင်းအား ကားရှေ့ခန်းကြမ်းပြင်ပေါ်သို့ တွန်းချပြီး ခြံဝင်းအတွင်းရှိ ဂိုဒေါင်တစ်လုံးရှေ့တွင် ကားကို ရပ်လိုက်သည်။

မင်းနောင်က ကားကို ရပ်လိုက်စဉ်မှာပင် ဂိုဒေါင်ပတ်ဝန်းကျင်မှ မီးတွေဖျပ်ခနဲ လင်းလာသည်။ ပိတ်ထားသည့် ဂိုဒေါင်တံခါးကြီးမှာလည်း ပွင့်သွား၏။ မင်းနောင်က ကားကိုပွင့်သွားသည် တံခါးအတိုင်း ဂိုဒေါင်အတွင်းသို့ မောင်းဝင်လိုက်သည်။

ဂိုဒေါင်အတွင်း၌ လူသုံးယောက် ရှိနေသည်။ လူသုံးယောက်အနက် အလည်တွင် ရပ်နေသော အသားမဲမဲ ပါးစပ်ပြဲပြဲ ထိပ်ပြောင်ပြောင်နှင့်လူမှာ မင်းနောင်၏ အဆက်အသွယ် ဦးဘတုတ် ဖြစ်သည်။





ကျန်နှစ်ယောက်မှာ ဦးဘတုတ်၏ သက်တော်စောင့်များပင်ဖြစ်၏။ မင်းနောင်က ဂိုဒေါင်အလည်တွင် ကားကို စက်သတ်ရပ်နားပြီး သော့တွဲကို ဖြုတ်ကာ ကားပေါ်မှ ဆင်းသည်။

"ဘယ်နှယ့်လဲ မင်းနောင် . . မင်းမလာတဲ့ ကားက ငါ လိုချင်တဲ့ ပစ္စည်းတွေပါတာ . . ဟုတ်ရဲ့လား"

"အဲဒါ ခင်ဗျားဖာသာ ခင်ဗျား စစ်ကြည့်လေ"

"စစ်တာတော့ စစ်ကြည့်မှာပေါ့ . . မင်းဆီက စကားကိုလည်း ကြားချင်လို့"

"ကျွန်တော့်ကားကို ဂိုဒေါင်ထဲ မောင်းသွင်းတယ်ဆိုကတည်းက ချို့ယွင်းချက် မရှိလို့ပေါ့"

ဦးဘတုတ် ရယ်လိုက်သည်။ ရယ်ရင်း သူ့ဘေးတစ်ဖက်တစ်ချက်မှ သက်တော်စောင့် နှစ်ယောက်ကို လှမ်းကြည့်သည်။

"ကဲ . . ငါ့ကိုယ်စား မင်းတို့ဘဲ စစ်ကြည့်လိုက်ပါ"

သက်တော်စောင့် နှစ်ယောက်နေရာမှ ခွာသည်။ ကားနောက်ပိုင်းသို့ လျှောက်ခဲ့ပြီး ကားနောက်တွင် အုပ်ထားသည့် တာလပတ်ကို ဖွင့်လိုက်သည်။ ထို့နောက် နှစ်ယောက်စလုံး ကား

ပေါ်သို့ တက်ကာ စစ်ဆေးသည်။

"ကားတစ်စီးလုံး အပိုင်စီးလာရတာ မဲင်းခက်ခက်ခဲခဲ လုပ်ရမှာဘဲနော်"

မင်းနောင်က ဦးဘတုတ်အား တည်ငြိမ်သော အမူအရာဖြင့် ကြည့်ပြီး ခေါင်းတစ်ဆတ် ခါလိုက်သည်။

"ထင်သလောက် မခက်ပါဘူး၊ ကားမောင်းတဲ့လူက ခတ်ညံ့ညံ့ပါ ဘာအရည်အချင်းမှ မရှိဘူး၊ ယောက်ဖအားကိုးနဲ့ လူတွင်ကျယ် လုပ်နေတာ"

"သူ့ကို ဘယ်မှာကန်ချခဲ့သလဲ"

"ကားပေါ်မှာ ပါပါတယ်၊ တစ်ရေးတစ်မော အိပ်ပျော်နေအောင် သိပ်ထားရတယ်လေ"

ကားပေါ်တက်ပြီး ပစ္စည်းစစ်ဆေးသူ နှစ်ယောက် ပြန်ဆင်းလာကြသည်။ ထိုသူနှစ်ယောက်က ဦးဘတုတ်အား လှမ်းကြည့်ပြီး ခေါင်းညိတ်လိုက်ကြ၏။

"ပစ္စည်းတွေ မှန်ပါတယ်ဆရာ"

"ငွေရှင်းဖို့ဘဲ ကျန်တာပေါ့"

မင်းနောင်က ဝင်ပြောလိုက်သည်။





ဦးဘတုတ်က မင်းနောင်အား စူးစိုက်ကြည့်ရင်း ပြုံးလိုက်သည်။

"မင်းက အလုပ်လုပ်တဲ့အခါ တိကျသလို ပိုက်ဆံကိုလဲ ပြတ်ပြတ် တောင်းဟတ်တယ်လို့ ကြားတယ်"

"ကျွန်တော်က ပိုက်ဆံလိုချင်လို့ ဒီအလုပ်လုပ်တာ အလုပ်ပြတ်၊ အတောင်းပြတ်၊ အယူပြတ်ရမှာပေါ့"

ဦးဘတုတ်က သူ့ဘေးရှိ သက်တော်စောင့်က လက်ဟန်ပြလိုက်သည်။ ထိုသူက ခရီးဆောင်ပခုံးသိုင်း အိတ်တစ်လုံးကို မင်းနောင်အား ပေးသည်။ မင်းနောင်က အိတ်ကိုဖွင့်ကြည့် စစ်ဆေးပြီး ကျေနပ်ဟန် ခေါင်းညိတ်ပြလိုက်သည်။

"ပစ္စည်းတွေ ချလို့ရပြီ"

သက်တော်စောင့် နှစ်ယောက်က လက်ခုပ်တီးလိုက်သည်။ ဂိုဒေါင်အတွင်းပိုင်းမှ အလုပ်သမား ငါးယောက် ထွက်လာပြီး ကားပေါ်မှ ပစ္စည်းများကို ချသည်။

"ငါမင်းကို သဘောကျတယ်၊ အလုပ်ကို ဒီလိုလုပ်မှပေါ့ လိုအပ်ရင် မင်းကို ဆက်သွယ်မယ်နော်"

မင်းနောင်က ခေါင်းညိတ်ပြလိုက်သည်။

"ကျွန်တော်က ကတိတည်တဲ့လူ အပေးအကမ်း ရက်ရောတဲ့လူမျိုးနဲ့ဘဲ အလုပ်လုပ်ချင်တာ"

ဦးဘတုတ်က ခေါင်းညိတ်ပြသည်။ ထို့နောက် မင်းနောင်ကို စူးစူးစိုက်စိုက် ကြည့်လိုက်၏။

"ငါကလည်း မင်းလို လူမျိုးနဲ့ဘဲ အလုပ်လုပ်ချင်တယ်"

ကားပေါ်မှ ပစ္စည်းချနေသံကို ကြားရသည်။ မင်းနောင်က ငွေစက္ကူများပါသည့် အိတ်ကို ကောက်လွယ်သည်။ ထို့နောက် ကားနောက်ပိုင်းဆီသို့ လှမ်းကြည့်လိုက်၏။ ပစ္စည်းချ၍ပြီးသွားဟန် အလုပ်သမားများ ကားပေါ်မှ ဆင်းလာကြသည်။

"ကားပေါ်က ပစ္စည်းကုန်ပြီလားဟေ့ . . "

"ကုန်ပြီ ဆရာကြီး . . တာလပတ်တောင် ပြန်ချထားပေးလိုက်ပြီ"

"အေး . . အဲဒါဆိုလည်း ပြီးရောဟေ့"

မင်းနောင်က ဦးဘတုတ်အား နှုတ်ဆက်ဟန် လက်တစ်ဖက် မြှောက်ပြပြီး ကားပေါ်သို့ တက်သည်။ ကားပေါ်သို့ အရောက်မှာပင် သူက ခေါင်းစွပ်အနက်ကို စွပ်လိုက်၏။ ပြီးနောက် ကားကို စက်နှိုးလိုက်သည်။





ပိတ်နေသည့် ဂိုဒေါင်းတံခါး ဖြည်းညင်းစွာ ပွင့်လာသည်။ မင်းနောင်က ကားကို နောက်ဆုတ်ပြီး အပြင်သို့ မောင်းထွက်သည်။ အပြင်ကို ရောက်သည်နှင့် လာလမ်းအတိုင်း ပြန်မောင်းသည်။

ကြားစခန်း အနီးသို့ အရောက်တွင် ကားကိုရပ်လိုက်ပြီး သတိလစ်မေ့မြောနေဆဲ ဖြစ်သော ယာဉ်မောင်းအား ကြည့်သည်။

"မင်းက ယောက်ဖအားကိုးနဲ့ မိုက်နေတာ ကြာပြီဆိုတော့ ဒီတစ်ခါ ခံလိုက်ပေါ့ကွာ၊ တစ်ခါတစ်လေ မင်းတို့ခံရတဲ့ အလှည့်လဲ ရှိရဦးမှာပေါ့"

မင်းနောင်က ငွေအိတ်ကို စလွယ်သိုင်းလွယ်ပြီး ကားပေါ်မှ ခုန်ဆင်းသည်။ လမ်းမကြီးအတိုင်း အနည်းငယ် လျှောက်ပြီး နောက်လမ်းဘေးရှိ ချုံကွယ်တစ်ခုသို့ ဝင်သည်။

ချုံအကွယ်တွင် ကားအနက်တစ်စီး ရပ်ထားသည်။ မင်းနောင်က ကားတံခါးသော့ဖွင့်ပြီး ကားပေါ်သို့ တက်သည်။ ပြီးနောက် ကားကို စက်နှိုးမောင်းထွက်ခဲ့လေသည်။

# အခန်း(၃)



လေအေးစက် ဖွင့်ထားသဖြင့် အခန်းထဲတွင် အေးစိမ့်နေသည်။ မင်းနောင်က မဲချပ်ကို ကိုင်ထားရင်း အခန်းတစ်ခုလုံးကို မျက်လုံးဝေ့ကြည့်သည်။ အခန်းတစ်ခုလုံး မီးခိုးငွေ့တွေ ဝေ့ပျံ့နေသည်ကို သတိပြုမိ၏။

"အခန်းတစ်ခုလုံး ဆေးလိပ်မီးခိုးတွေနဲ့ ပြည့်နေပါလား၊ ပြတင်းပေါက်လေး ဘာလေး ဖွင့်ဦးမှာပေါ့ . . ကြာရင် အသက်ရှူကျပ်ပြီး သေကုန်မယ်"

ဒိုင်ကိုင်နေသော စန်းဖေက မျက်မှန်သေးသေးလေးကို

ပင့်ပြီး မင်းနောင်ကို ကြည့်သည်။ ထို့နောက် သူ့ဘေးတွင် ရပ်နေသော ဗလကောင်းကောင်း ထောင်ထောင်မောင်းမောင်းနှင့် လူကို ခေါင်းတစ်ချက် ညိတ်ပြသည်။

"ပြတင်းပေါက် ဖွင့်ပေးလိုက်ပါကွာ"

ဗလကောင်းနှင့်လူက မင်းနောင်ကို မကျေမနပ်နှင့် တစ်ချက်ကြည့်ပြီး အခန်းထောင့်ရှိ ပြတင်းပေါက်ကို ဖွင့်လိုက်သည်။ အပြင်ဘက်မှ လေတွေ တိုးဝင်လာသဖြင့် မီးခိုးငွေ့တွေ လွင့်ပြယ်စပြုသည်။ ထို့အတူပင် အခန်းထဲတွင် ပျံ့လွင့်နေသော အအေးဓာတ်တွေလည်း လွင့်ပြယ်စပြုလာသည်။

လူငါးယောက် ကစားနေသော ဖဲဝိုင်းတွင် မင်းနောင် တစ်လှည့်မှ မနိုင်သေး . . သူက ငွေစက္ကူများကို ရှေ့သို့တိုးလိုက်ပြီး ဖဲတစ်ချက် ထပ်ဆွဲသည်။

ဖဲချပ်ကို ဖြည်းညင်းစွာ ပွတ်ဆွဲကြည့်ရှုပြီးနောက် သူ့လက်ထဲတွင် ကိုင်ထားသည့် ဖဲချပ်များပေါ် သို့ ဖြောင်းခနဲ ရိုက်ချလိုက်သည်။ တစ်ဆက်တည်းပင် စိတ်ပျက်လက်ပျက်ဖြစ်သွားဟန်နှင့် ဖဲချပ်တွေကို စားပွဲပေါ် ပစ်ချလိုက်သည်။

ဒိုင်၏ လက်ထိပ်အိမ်ရှိ လူငယ်က တစ်ဝိုင်းလုံးရှိ ငွေ





တွေကို စားသည်။ ဒိုင်လုပ်သော စန်းဖေသည် အပြုံးမပျက်ပင် ဖဲချပ်တွေကို ကုလားဖန်ထိုးသည်။

စန်းဖေမှာ ဒိုင်ဖြစ်နေသော်လည်း ဖဲချိုးပုံ ကုလားဖန်ထိုးပုံမှာ ကျွဲကျွဲလည်လည် မရှိ၊ ဖဲရိုက်တတ်ခါစ လူတစ်ယောက်က ဖဲချိုးနေပုံနှင့် တူနေသည်။

စန်းဖေကုလားဖန် ထိုးနေပုံကို ကြည့်ပြီး မင်းနောင်၏ စိတ်ထဲတွင် သင်္ကာမကင်း ဖြစ်သွားသည်။ စန်းဖေသည် တမင်တကာပဲ မကျွမ်းသည့် ပုံပေါ်အောင် ဟန်ဆောင်နေသည်ဟု သဘောပေါက်လိုက်သည်။ ထိုသို့ သဘောပေါက်လိုက်သည်နှင့် ယခု ဖဲဝိုင်းတွင် ရှိနေသူတို့၏ လုပ်ပုံကိုင်ပုံကို သူသဘောပေါက်သွားသည်။

"သာမြင့်က စန်းဖေတို့ ဖဲဝိုင်းကို အကာအကွယ် ပေးထားတယ်၊ ဒီကောင်တွေက အုပ်စုနဲ့ ဖဲလိမ်ရိုက်နေတာ"

သူငယ်ချင်းဖြစ်သူ စခန်းသာ သတင်းထောက် လှဝေစကားကို နားတွင် ပြန်ကြားသည်။ သူက ဖဲဝိုင်းအခြေအနေကို သတိထားလိုက်သဖြင့် အဖြေကို ရှာတွေ့သွားသည်။ ထို့ကြောင့်ပင် သူသည် လက်နှစ်ဖက်ကို စားပွဲအောက်သို့ချပြီး စန်းဖေနှင့်

အပေါင်းပါတို့ကို မျက်နှာထားတင်းကာ ကြည့်သည်။

"ခင်ဗျားတို့ ကစားပုံက မဟန်ပါလား . . မင်းနောင်ကို ဒီနည်းမျိုးနဲ့ အနိုင်ယူလို့ မရဘူးလေ"

စန်းဖေက မင်းနောင်အား မျက်နှာထားတင်းတင်းနှင့် ကြည့်သည်။ စန်းဖေ၏ဘေးမှ ဗလကြီးက လက်မောင်းကြွက်သားများ ပေါ်အောင် လက်ပိုက်လိုက်ပြီး မင်းနောင်အား မိုက်ကြည့်ကြည့်သည်။

"မင်း . . ဘာစကားပြောတာလဲ"

"ဘာစကား ပြောရမှာလဲ . . ခင်ဗျားတို့ ဖဲလိမ်ရိုက်နေတယ်လို့ ပြောတာလေ၊ ဒီဝိုင်းမှာ ရှိတဲ့လူတွေဟာ ခင်ဗျားရဲ့လူတွေဆိုတာ ကျုပ်သိတယ် ခင်ဗျားတို့က ကျုပ်ကို အချဉ်ပဲဆိုပြီး ညှပ်ချနေကြတာ မဟုတ်လား"

စန်းဖေက မရယ်ချင်နှင့် ဟက်ခနဲ ရယ်လိုက်သည်။

"မင်းက ရှုံးလို့ ပြဿနာ ရှာတာလား . . ငါတို့ ကစားတာကို သဘောမကျရင် ဒီဝိုင်းကနေ အချိန်မရွေး ထထွက်သွားလို့ရတယ်၊ မင်းကို ဘယ်သူမှ မတားဘူး"

စန်းဖေက မျက်နှာထားတင်းတင်းနှင့် ပြောသည်။ သူ





က လက်တစ်ချက် အလှုပ်တွင် ဗလကြီးနေရာမှ ခွာထွက်လာသည်။ ထိုအချိန်မှာပင် မင်းနောင်က စားပွဲအောက်မှာ လက်ကို ထုတ်လိုက်၏။ သူ့လက်ထဲတွင် ဒသသမသုံးရှစ်ခြောက်လုံးပြူး တစ်လက် ပါလာသည်။

"ကျုပ်က တားမှာကိုလဲ ဂရုမစိုက်ဘူး၊ တားတဲ့လူကို ရှင်းတဲ့နည်း ကျုပ်မှာရှိတယ်၊ ကျုပ် ဆက်မကစားတော့ဘူး သွားမယ်၊ ဒါပေမယ့် ဒီအတိုင်း မသွားနိုင်ဘူး၊ ကျုပ် မတရားရှုံးထားတာတွေကို ပြန်ယူသွားမယ်ဟေ့ . . ပိုက်ဆံတွေ ငါ့ဘက်ကို တိုးပေးစမ်း"

မင်းနောင်က စန်းဖေအား ပြောရင်းမှ လက်ထိပ်အိမ်မှ လူငယ်ကိုပါ လှမ်းပြောသည်။ လူငယ်က တုန်တုန်ရီရီနှင့် ဝိုင်းထဲရှိ ငွေအားလုံးကို မင်းနောင်ဘက်သို့ တိုးပေးသည်။

"ငါက ငါ့ပိုက်ဆံကိုပဲ လိုချင်တာ . . ငါ ဝင်းထဲဝင်ထိုင်တော့ ငါးသောင်းပါတယ်၊ ငါးသောင်းတိတိရေပေး"

လူငယ်က ငွေပုံထဲမှ တစ်ထောင်တန် ငွေစက္ကူများကို ထုတ်ပြီး စီထပ်ကာ ရေတွက်သည်။ ငွေတစ်သောင်းစီ ခွဲကာ ထပ်ပြီး ငါးသောင်းပြည့်သည်နှင့် မင်းနောင်အား ပေးလိုက်

သည်။ မင်းနောင်က ငွေစက္ကူများကိုယူပြီး ဖီးလ်ဂျက်ကက် အိတ်ထဲသို့ ထည့်ကာ နေရာမှ ထသည်။ စန်းဖေက မကျေမနပ် ဖြစ်ဟန်အမူအရာနှင့် မင်းနောင်အား ကြည့်သည်။

"မင်းက ပြဿနာကြီးအောင် လုပ်လိုက်တာဘဲ"

"ဩော် . . ဟုတ်လား၊ ဒီလိုလုပ်တာနဲ့ ပြဿနာကြီး သွားနိုင်သလား"

မင်းနောင်က စန်းဖေအား မထီတရီနိုင်သော အမူအရာ နှင့် ကြည့်ရင်းပြောသည်။ ထို့နောက် စန်းဖေ၏ဘေးတွင် ဝင်ရပ် သည်။ သေနတ်ပြောင်းများဖြင့် စန်းဖေ၏ပါးကို ပွတ်သည်။ တစ်ဆက်တည်းပင် လက်ပြန်ရိုက်ချက်ဖြင့် စန်းဖေ၏ဘေးတွင် ရပ်နေသော ဗလကြီးကို ရိုက်ချသည်။

လက်မောင်း ကြွက်သားကို ထုတ်ပြီး ရပ်နေသော ဗလ ကြီး၏နံကြားသို့ လက်ပြန်ရိုက်ချက် တန်းဝင်သွားသည်။ ဖြောင်း ခနဲ မြည်သံနှင့်အတူ ဗလကြီးရှေ့ကို ငိုက်ကျသွား၏။ မင်းနောင် က ဗလကြီး၏လက်ကို လှမ်းကိုင်ပြီး နောက်သို့ဆွဲကာ ကျောပေါ် သို့ တွန်းတပ်သည်။ ဗလကြီးထံမှ ငယ်သံပါအောင် အော်လိုက် သံပေါ်လာသည်။





"နောက်တစ်ခါ မင်းရဲ့လက်မောင်း ကြွက်သားကို ထုတ် ပြီး လူကို မခြိမ်းခြောက်နဲ့ . . မင်ဗလက နေရာတိုင်းမှာ အ သုံးမကျဘူး နားလည်လား"

ဗလကြီးက နှုတ်မှညည်းရင်း ခေါင်းညိတ်ပြသည်။ မင်း နောင်သည် မဲ့ပြုံးပြုံးပြီး ဗလကြီးကို ဆောင့်တွန်းပစ်လိုက် သည်။ ဗလကြီး ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲ ကျသည်။

"ဒီမှာ စန်းဖေ . . ပြဿနာကြီးချင်ရင် ကြီးလို့ရတယ်၊ မင်းနောင်က မတရား မလုပ်ဘူး၊ မတရားလုပ်တာကိုလည်း မခံဘူး၊ သဘောပေါက်တယ်နော် . . မကျေနပ်ရင် ခုချက်ချင်း တုံ့ပြန်လို့ ရတယ်၊ ကျုပ်က သေနတ်ပါမှ မိုက်ရဲတဲ့ကောင် မဟုတ်ဘူး"

မင်းနောင်က လက်ထဲမှ သေနတ်ကို ခါးကြားထိုးလိုက် သည်။ ထို့နောက် စန်းဖေတို့ရှေ့က ခွာထွက်သည်။ စန်းဖေတို့ကို အရေးစိုက်ဟန်မပြ တစ်ချက်ကလေးမှပင် လှည့်မကြည့်ဘဲ ထွက် ပေါက်ဆီသို့ လျှောက်သွားသည်။

စန်းဖေသည် မင်းနောင်ကို မကျေမနပ်နှင့် ကြည့်သည်။ သို့သော် တစ်ချက်မှ မလှုပ် . . စန်းဖေ အပြင်ကို ရောက်သွား

သည်ထိ မလှုပ်မယှပ် ငြိမ်သက်စွာ ကြည့်ရင်း ကျန်ရစ်သည်။

မင်းနောင်သည် အိမ်အပြင်သို့ ရောက်သည်နှင့် ကားရပ်ထားရာသို့ တန်းတန်းမတ်မတ် လျှောက်ခဲ့သည်။ ကားတံခါးဖွင့်ကာ ကားပေါ်တက်လိုက်ပြီး စက်မနှိုးသေးဘဲ လက်ကိုင်ဖုံးကို ဖွင့်လိုက်၏။

"မီးတော့ ရှို့ခဲ့ပြီ . . စန်းဖေကို ရန်စလိုက်ပြီ၊ မနက်ဖြန် ပုံမှန်အတိုင်း ဆက်သွယ်မယ်"

ဖုံးကို ပြန်ပိတ်လိုက်သည်။ ထို့နောက် ကားကို စက်နှိုးပြီး မောင်းထွက်ခဲ့လေသည်။

မိုးဆမ်းပန်းစာပေ

## အခန်း(၄)

အခန်းထဲတွင် ပိတ်လှောင်ပူအိုက်နေသဖြင့် ပြတင်းပေါက်ကို ဖွင့်လိုက်သည်။ မီးရောင်ထိန်လင်းနေသော စခန်းသာမြို့ကို အပေါ်စီးမှ မြင်ရသည်။ မြို့ကွက်ပေါ်သို့ ဖြတ်လာသောလေ၏ အေးစိမ့်သော အထိအတွေ့က ပင်ပန်းနွမ်းနယ်သမျှကို ပြေသွားစေသလို ရှိ၏။

မင်းနောင်က အခန်းမီးကို ပိတ်လိုက်သည်။ ပြတင်းပေါက်ကို ဖွင့်လျက်ထားပြီး ခုတင်ပေါ်သို့ လှဲချလိုက်သည်။ ပြတင်းပေါက်မှတဆင့် တွေ့မြင်ရသော ကြယ်ပွင့်တွေ လင်းလက်

နေသည့် ကောင်းကင်ပြင်ကို ငေးကြည့်သည်။

ကောင်းကင် မျက်နှာပြင်တွင် ပျံ့ကျဲနေသော ကြယ်ပွင့်လေးများမှာ အရောင်တဖျပ်ဖျပ် လက်နေသည်။ သူသည် အရောင်တဖျပ်ဖျပ် လက်နေသော ကြယ်ပွင့်လေးများကို ကြည့်ရင်း တစ်ခါက ကြယ်ကြွေစဉ် ဆုတောင်းခဲ့ဖူးသည့် အဖြစ်ကို ပြန်သတိရသည်။

ဖြူဖြူနှင့် ချစ်သူဘဝ ပျော်ခဲ့ရသော ကာလတိုလေးတစ်ခု ပြန်စဉ်းစား ကြည့်လျှင် အိပ်မက်တစ်ခုဟုပင် ထင်ရသည်။ ချစ်၍မဝ ပျော်၍မဝ ခင်လေးမှာပင် ဖြူဖြူတစ်ယောက် ပျောက်ခြင်းမလှ ပျောက်သွားခဲ့သည်။

တစ်နယ်တစ်ကျေးတွင် ရှိသော ဖခင်ဖြစ်သူထံသို့ ဖြူဖြူ ထွက်သွားပြီးဟု သိသည်နှင့် မင်းနေခင် ခြေရာကောက်ပြီး လိုက်ခဲ့သည်။ ဖြူဖြူဖခင် ဦးနန်းဝေနှင့်တွေ့မှ မင်းနေခင် ရင်ကွဲပက်လက် ဖြစ်ခဲ့ရ၏။

ဦးနန်းဝေထံတွင် ဖြူဖြူမရှိ၊ ဖြူဖြူသည် အခြားသူတစ်ယောက်၏ ရင်ခွင်သို့ ဝင်သွားပြီး ထိုသူနှင့်အတူ ရေခြားမြေခြား တိုင်းတပါးသို့ ရောက်သွားပြီဟု သိလိုက်ရသည်တွင်





မင်းနေခင်အတွက် အနာဂါတ်မဲ့သွားသလို ခံစားလိုက်ရသည်။

ဖြူဖြူ မရှိသော ဘဝတွင် သူမပျော်နိုင်တော့၊ ဖြူဖြူအား လွမ်းသည့်စိတ်ကို နာသည့်စိတ်နှင့် ဖြေကြည့်သည်။ ဖြေ၍မရ လွမ်းဆွတ်ကြေကွဲခြင်းကြောင့် မတည်ငြိမ်နိုင်ဘဲ ရှိခဲ့သည်။

လွမ်းဆွတ်ကြေကွဲရင်းနှင့်ပင် ဘဝရပ်တည်ရေးအတွက် ကျိုးစားခဲ့ရသည်။ အမိပွါယ်ရှိသော ဘဝမှာ နေရမှဆိုသည့် ယုံကြည်စိတ် ဝင်လာသည်နှင့် ပြည်သူ့သားကောင်း ဘဝသို့ ကူးပြောင်းသည်။ တိုင်းပြည်တာဝန်ကို အသက်ပေးပြီး ထမ်းဆောင်သည်။

အသက်ကို ပဓာနမထားဘဲ ရှုတ်ရှုတ်ချုံချုံ တာဝန်ထမ်းဆောင်ရင်းမှ ဒဏ်ရာဒဏ်ချက်များစွာ ရခဲ့သည်။ ကိုယ့်ကိုကိုယ် ကျန်းမာဆဲ ဖျတ်လတ်သွက်လက်ဆဲ ဒေါင်ဒေါင်မြည်နေဆဲဟု ထင်ထားခဲ့သော်လည်း ဆေးအဆင့် မမှီတော့သည့်နောက် ဘဝသစ်တစ်ခုကို စရပြန်သည်။

တောင်ယာသမား စိုက်ပျိုးရေးသမားအဖြစ် တောင်ပေါ်ဒေသလေးတစ်ခုမှာ လွမ်းဆွတ်စိတ်ကို အဖော်ပြုရင်း နေခဲ့

သည်။ ကိုယ့်စိတ်ကို ကိုယ်မထိန်းနိုင်သည့် အခါမျိုးတွင် ဦးနန်းဝေအား ဆက်သွယ်ပြီး ဖြူဖြူသတင်းကို မေးမြန်းစုံစမ်းရသည်။ ဖြူဖြူသတင်းကို မေးမြန်းစုံစမ်းရသည်။

ဖြူဖြူတစ်ယောက် ရင်ခွင်သစ်မှာ ပျော်နေကြောင်း သူ့ဘဝနှင့်သူ အသားကျနေကြောင်း ကြားရသည့်အခါ မင်းနောင်မှာ ပင့်သက်ရှိုက်ရင်းကပင် ကျေနပ်လိုက်ရသည်။

တစ်ခါတွင် သူက မဆက်သွယ်ဘဲ ဦးနန်းဝေက ဆက်သွယ်လာသည်။ ထိုစဉ်က ရင်းနှီးခင်မင်စိတ် ကရုနာစိတ်ဖြင့် ဦးနန်းဝေက ဆက်သွယ်မေးမြန်းခြင်းဟု ထင်ထားခဲ့သော်လည်း အမှန်တွင် ထိုစဉ်က ဆက်သွယ်ခြင်းမှာ ဖြူဖြူ ကွယ်လွန်သွားခြင်း ဖြစ်ကြောင်း နီနီပြောမှ သိခဲ့ရသည်။

ဖြူဖြူနှင့် တွေ့ခဲ့ရသော ချစ်ရက်လေးများမှာ တိုတောင်းသော်လည်း တစ်သက်လုံး ရင်ထဲမှာ စွဲနေအောင် နိုင်မြဲခဲ့သည်။

နင့်သီးသော ခံစားချက်များကြောင့် စိတ်ဖောက်ပြန်ရူးသွပ်သွားခဲ့သော ဖြူဖြူအကြောင်း စဉ်းစားမိစဉ် ရင်မှာနာကျင်ရသည်မှာ ယနေ့တိုင် အိုသည်ဟောင်းသည်ဟု မရှိသေး၊





နာကျင်သည့် ဝေဒနာတို့မှာ သစ်လွင်နေဆဲ ပြင်းထန်နေဆဲ ဖြစ်၏။

ကြယ်ပွင့်ကလေးများကို ကြည့်၍ အတွေးမျှင် တန်းမိရာမှ မင်းနောင် သက်ပြင်းချလိုက်သည်။ အတွေးတွေကို ဖြတ်တောက်ပြီး အိပ်ပျော်စေရန် ကြိုးစားသည်။ မျက်လုံးအစုံကို မှေးမှိတ်ထားသော်လည်း ရုတ်တရက် အိပ်၍မပျော် . . အိပ်ချင်စိတ်တွေ ကင်းမဲ့နေ၏။

မင်းနောင်က စိတ်အာရုံကို စုစည်းသည်။ ခေါင်းထဲတွင် ဗလာဖြစ်အောင် ကြိုးစားသည်။ ထိုသို့ ကြိုးစားနေစဉ်မှာပင် တိုးတိတ်ညင်သာသော လှုပ်ရှားသံကို သတိပြုမိလိုက်၏။

မင်းနောင်က မှေးမှိတ်ထားသည့် မျက်လုံးအစုံကို ဖြည်းညင်းစွာ ဖွင့်သည်။ ဖွင့်ထားသည့် ပြတင်းပေါက်ဆီသို့ လှမ်းကြည့်သည်။ သူကြည့်နေစဉ်မှာပင် ပြတင်းပေါက်ဘောင်ကို ဆွဲတက်လာသော လူတစ်ယောက်ကို တွေ့ရသည်။

မှောင်နေသဖြင့် ပြတင်းပေါက်ပေါ် တက်ကာ သူ၏မျက်နှာမမြင်ရ၊ အရပ်မနိမ့်မမြင့်နှင့် ယောက်ျားတစ်ယောက်ဟုသာ သိလိုက်ရသည်။

ထိုသူသည် ပြတင်းပေါက်မှတဆင့် အခန်းထဲသို့ ညင်သာစွာ ဆင်းသည်။ လက်ထဲတွင် တစ်စုံတစ်ရာကို ကိုင်ပြီး မင်းနောင်ရှိနေသော ခုတင်အနီးသို့ ချဉ်းကပ်လာသည်။

မင်းနောင်က ပြတင်းပေါက်မှ တစ်ဆင့်လာသူ၏ လှုပ်ရှားမှုကို မျက်တောင်မခတ်တမ်း ကြည့်နေသည်။ ထိုသူသည် ခုတင်ဘေးတွင် လာရပ်ပြီး မင်းနောင်အား ငုံ့ကြည့်သည်။ မင်းနောင်က အသက်မှန်မှန်ရှူပြီး ငြိမ်နေခြင်းကို အိပ်ပျော်နေခြင်းဟု ထင်မှတ်လိုက်ပုံရသည်။

ထို့ကြောင့်ပင် ထိုသူက ညာလက်ကို ဖြည်းညင်းစွာ မြှောက်သည်။ အပြင်ဘက်မှ အလင်းရောင်ကြောင့် ထိုသူ၏ လက်ထဲမှအရာ အရောက်လက်သွားသည်။ ပုံသဏ္ဌာန်အရ ဓားတစ်လက်ဟု မင်းနောင် သိလိုက်၏။

ထိုစဉ် မြှောက်ကိုင်ထားသည့် ဓားဖြင့် မင်းနောင်အား ထိုးချသည်။ မင်းနောင်က ကိုယ်ကို တစ်ပါတ်လှိမ့်ပြီး နေရာမှ ဖျပ်ခနဲ ခုန်ထသည်။ တစ်ဆက်တည်းပင် ခြေဖဝါးစောင်းဖြင့် ဓားသမား၏လက်ကို ကန်လိုက်သည်။

ပြင်းထန်သော ကန်ချက်ကြောင့် ထိုသူ့လက်ထဲမှ ဓား





လွင့်ထွက်သွားသည်။ ဓားကိုင်လက်မှာလည်း တွဲလောင်းကျသွား၏။ မင်းနောင်က ကြောင်အန်းအန်း ဖြစ်သွားသော ခုတင်ဘေးမှ လူ၏နံကြားကို လက်သီးဖြင့် လှမ်းထိုးသည်။ နှာမှ အွတ်ခနဲ မြည်သံနှင့်အတူ ထိုသူနောက်သို့ လန်ကျသွားသည်။

မင်းနောင်က ကြမ်းပြင်ပေါ်သို့ လန်ကျပြီး ငြိမ်သက်သွားသော ညလူကို တစ်ချက်ကြည့်သည်။ ထို့နောက်တွင် ညလူ၏ဘောင်းဘီအိတ်၊ အင်္ကျီအိတ်တို့ကို နှိုက်ပြီး သဲလွန်စတွေ့လိုတွေ့ငြား ရှာသည်။ ဘာမှရှာမတွေ့သည့်အခါ ထိုသူ့ကို ချိုင်းမှဆွဲကာ အခန်းအပြင်သို့ ထုတ်သည်။

ညသန်းခေါင်ကျော်နေပြီမို့ အပြင်ဘက် စင်္ကြံလမ်းအတွင် အသွားအလာမရှိ ရှင်းလင်းနေသည်။ မင်းနောင်က ညလူအား ချိုင်းတစ်ဖက်မှမပြီး စင်္ကြံလမ်းအတိုင်း လျှောက်ကာ ဟော်တယ်အောက်ထပ်သို့ ဆင်းသည်။

ဟော်တယ်အောက်ထပ်တွင် ညတာဝန်ကျ စာရေးတစ်ယောက် ရှိနေသည်။ ထိုစာရေးက လူတစ်ယောက်ကို တွဲခေါ်လာသော မင်းနောင်ကို တွေ့သည်နှင့် နှုတ်ဆက်ဟန် လက်တစ်ဖက် မြှောက်ပြလိုက်သည်။

"ဆရာ့သူငယ်ချင်းလား"

"သူငယ်ချင်း မဟုတ်ဘူး သူခိုး၊ လူသတ်သမား ငါ့အခန်းထဲ ခိုးဝင်ပြီး ခိုးမလို့ လုပ်နေတုန်း ငါနဲ့တွေ့တာ"

"ကျွန်တော် ဘာလုပ်ပေးရမလဲ ဆရာ . ."

"ဘာမှလုပ်ဖို့ မလိုဘူး . . ငါ ဒီကောင့်ကို ဟော်တယ် အပြင်ရောက်အောင် ကန်ထုတ်ပစ်မယ်"

"အဲဒါဆို ကျွန်တော် တံခါးဖွင့် ပေးပါ့မယ် ဆရာ"

စာရေးက ဟော်တယ်ဘေးတံခါးကို ဖွင့်ပေးသည်။ မင်းနောင်က ညလူကို တံခါးအပြင်ဘက်သို့ တွန်းထုတ်လိုက်၏။ ညလူ မြေပြင်ပေါ်သို့ ဒလိမ့်ခေါက် ကွေးကျသွားသည်။ မင်းနောင်က စာရေးအား တံခါးပြန်ပိတ်ခိုင်းပြီး သူ့အခန်းရှိရာသို့ သူပြန်တက်ခဲ့လေသည်။



# အခန်း(၅)

ရေဇလာသည် စခန်းသာ၏ နာမည်ကျော် စားသောက်ဆိုင်တစ်ဆိုင် ဖြစ်သည်။

တစ်နေကုန် လှုပ်ရှားမှု ကင်းမဲ့နေခဲ့သော ရေဇလာမှာ ညနေစောင်းပြီဆိုသည်နှင့် လူစည်လာတတ်သည်။ ယခု ညဆယ်နာရီမှာ ရေဇလာ၏ အစည်ကားဆုံးအချိန် ဖြစ်၏။

မင်းနောင်က ဘီယာတစ်ခွက် အာလူးကြော် တစ်ပန်းကန်နှင့် အနည်းငယ် ချောင်ကျသော စားပွဲတွင် ထိုင်နေသည်။ သူက စီးကရက် တစ်လိပ်ကို ဖွာရှိုက်ရင်းမှ ဆိုင်အတွင်း၌ ရှိနေ

သူတို့အား အကဲခတ်ကြည့် ကြည့်နေသည်။

မင်းနောင်က မျက်လုံးအစုံကို အနားမပေးဘဲ ဟိုသည်ကြည့်နေစဉ် အရပ်ထောင်ထောင်မောင်းမောင်း ဗလကောင်းကောင်းနှင့် လူတစ်ယောက် သူ့စားပွဲရှေ့တွင် လာရပ်သည်။

"ဒီခုံမှာ ကျွန်တော် ထိုင်လို့ ရပါတယ်နော်"

မင်းနောင်က စားပွဲဘေးတွင် ရပ်နေသူအား မော်ကြည့်ရင်း ခေါင်းညိတ်ပြလိုက်သည်။

"ထိုင်ပါ . . ရပါတယ်၊ ဒီစားပွဲမှာ ကျွန်တော်ကလွဲလို့ တစ်ခြား ဘယ်သူမှ မရှိပါဘူး"

ဗလကောင်းကောင်းနှင့်လူက အသာအယာ ပြုံးရင်း မင်းနောင်နှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်သည်။

"ကျွန်တော် နာမည် ဆင်ပေါက်ပါ၊ ကျွန်တော်က ဆရာထွန်းလုံ လက်အောက်မှာ အလုပ်လုပ်နေပါတယ်"

"ဪ . . ဟုတ်လား"

"ကျွန်တော်က ခင်ဗျားကို မြင်မြင်ခြင်း အရက်တိုက်ချင်စိတ်ပေါ်လာလို့ ဒီစားပွဲမှာ လာထိုင်တာဗျ"

"ဪ . . ဟုတ်လား၊ ကျွန်တော်က အရက်မြင်းပြင်း





သောက်လေ့ မရှိပါဘူး၊ ဘီယာလောက်ဘဲ သောက်တတ်လို့ ဘီယာမှာပြီး သောက်နေတာပါ၊ ကျွန်တော့်ကို စေတနာထားတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ကျေးဇူးတင်ကြစတမ်းဆိုရင် ကျွန်တော်က ကျေးဇူးတင်ရမှာပါ၊ ညတုန်းက ကျွန်တော့်လူ စံလင်းကို ခင်ဗျားသင့်ရုံ ဆုံးမပြီး ပြန်လွှတ်လိုက်တဲ့အတွက် ခင်ဗျားကို တကယ်ကျေးဇူးတင်မိပါတယ်"

ဆင်ပေါက်က မျက်နှာထား တည်တည်နှင့် ပြောသည်။ သူ့မျက်နှာ အမူအယာက မထူးခြားသော်လည်း သူ့စကားကမူ ထူးခြားနေကြောင်း မင်းနောင် သတိပြုမိသည်။

"ခင်ဗျားက ခင်ဗျားရဲ့လူကို လွှတ်လိုက်တာဟာ ကျွန်တော့်ကို ဆုံးမဖို့ မဟုတ်လား . . အဲဒါကလည်း စန်းဖေတို့ ဖဲဝိုင်းက ကိစ္စကြောင့် ဖြစ်မယ် ထင်တယ်"

ဆင်ပေါက်က မင်းနောင်အား ခတ်စူးစူး တစ်ချက်ကြည့်ပြီး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် . . စန်းဖေက ကျွန်တော်တို့နဲ့ပတ်သက်နေတယ်လေ၊ သူက သူတို့ကို စောင့်ရှောက်ဖို့အတွက် ကျွန်တော်

တို့ကို ငှားထားတာ"

"သူတို့က ကာလိန်ကျတဲ့ အထဲက ခင်ဗျားတို့ကို ဝေပုံကျ ပေးနေတယ်လို့ ပြောပါ"

"အေးလေ . . ခင်ဗျားပြောသလိုဘဲ ထားလိုက်ပါတော့"

မင်းနောင်က ဆင်ပေါက်အား အေးစက်စက်နိုင်သော အကြည့်ဖြင့် ကြည့်လိုက်သည်။

"ဒီအတိုင်းဆိုရင် ခင်ဗျားတို့နဲ့ ကျွန်တော်နဲ့က ဘက် တစ်ဘက်စီက လူတွေ ဖြစ်နေပြီပေါ့၊ ဒါနဲ့တောင် ခင်ဗျားက ကျွန်တော်နဲ့ အရက်အတူ သောက်ချင်ရသေးသလား"

"အဲဒါက ခင်ဗျားကို မိတ်ဆွေ ဖွဲ့ချင်လို့ပါ"

"ဩော် "

ဆင်ပေါက်က မင်းနောင်အား ကြည့်ပြီး အယာအယာ ပြုံးသည်။

"စံလင်းဆိုတဲ့ ကောင်ဟာ သိပ်သွက်တယ်၊ သူ့ကို ခိုင်း လိုက်ရင် ကိစ္စပြီးတာချည်းဘဲ အခုခင်ဗျားနဲ့ကျတော့ သူခံလိုက် ရတယ်၊ ဒါကြောင့် ကျွန်တော် ခင်ဗျားကို စိတ်ဝင်စားပြီး မိတ် ဆွေလာဖွဲ့တာ"





"မိတ်ဆွေလာဖွဲ့တော့လဲ မိတ်ဆွေပေါ့ဗျာ မဟုတ်ဘူး လား"

ဆင်ပေါက်က သူ့အတွက် စားပွဲထိုး လာချပေးသည့် အရက်ကို ဖြည်းညင်းစွာ အရသာခံသောက်ရင်း မင်းနောင်အား စူးစူးစိုက်စိုက် ကြည့်သည်။

"ခင်ဗျား . . ဒီမြို့ကို အလည်လာတာတော့ မဟုတ်နိုင် ဘူး၊ အကြောင်းတစ်ခုခုကြောင့် ဒီကိုရောက်လာတာ ဖြစ်မယ် လို့ ကျွန်တော် ထင်တယ်"

မင်းနောင် ရယ်လိုက်သည်။

"ဒါက ကျွန်တော့်အကြောင်းကို စုံစမ်းတာပေါ့ ဟုတ် လား"

"စိတ်ဝင်စားလို့ လေ့လာတာပါ"

ဆင်ပေါက စကားအသုံးအနှုန်းကြောင့် မင်းနောင် ရယ် ချင်မိသွားသည်။ သို့သော် သူက မဟုတ်ဘဲ ခေါင်းညိတ်လိုက် သည်။

"ကျွန်တော်က ရွာသာယာက လာတာပါ၊ ရွာသာယာ မှာ ကျွန်တော့် စိုက်ပျိုးရေးခြံ ရှိတယ်၊ အခုတော့ အဲဒီခြံ သူများ

လက်ထဲ ရောက်သွားပြီ ဆိုပါတော့"

"ဘာဖြစ်လို့လဲ ခင်ဗျားက မြံကို ရောင်းလိုက်တာလား"

"ဖဲရှုံးလို့ ကျွန်တော့်ပါတနာကို အပ်လိုက်ရတာ၊ အဲဒီက နေ ထွက်လာပြီး ပိုက်ဆံများများ ရမယ့်အလုပ်ကို လုပ်မိတယ်၊ အဲဒီအလုပ်က ပြဿနာနည်းနည်းရှိလို့ ဒီဘက်ကို ဆက်ထွက် လာတာပါ"

"ဩော် . . ဒီလိုကိုး၊ ခင်ဗျားစကားကို ကြားမှ ကျွန်တော် ပိုပြီးစိတ်ဝင်စားသွားပြီဗျာ . . လောလောဆယ် ခင်ဗျား မြို့ တော်မှာဘဲ တည်းတယ်နော်"

"ဟုတ်ပါတယ်"

"ကျွန်တော်က ခင်ဗျားနဲ့ သင့်တော်တဲ့ အလုပ်ရှိလို့ ကမ်းလှမ်းရင် ခင်ဗျား လုပ်နိုင်မလား"

"ဘာအလုပ်လဲဆိုတာ သိရရင် စဉ်းစားတာပေါ့"

"ဘာအလုပ်လဲဆိုတာ မကြာခင် သိရပါစေ့မယ်"

"ဟုတ်ပြီလေ . . အဲဒီအခါကျ ကျွန်တော်တို့ စကား ပြောကြတာပေါ့"

ဆင်ပေါက်က ခေါင်းညိတ်ပြပြီး သူ့ခွက်ထဲမှ အရက်





ကို မော့သောက်လိုက်သည်။

"ကျွန်တော်က ဒီည ခင်ဗျားကို ဒကာခံမယ် ဆုံးဖြတ် ထားတဲ့အတွက် ဘီယာဖိုး ရှင်းခဲ့ပါရစေ၊ နောက်တော့ တွေ့မယ် ဗျာ"

"ကောင်းပါပြီ"

ဆင်ပေါက်က စားပွဲထိုးတစ်ယောက်ကို ခေါ်ကာ ကျ သင့်ငွေ ရှင်းသည်။ ပြီးနောက် မင်းနောင်အား နှုတ်ဆက်ပြုံးပြုံး ကာ နေရာမှ ထထွက်သွား၏။

ဆင်ပေါက် ထွက်သွားသည်နှင့် မင်းနောင်က ဘီယာ ကို တစ်စိမ့်စိမ့် သောက်သည်။ သူသည် ဘီယာသောက်ရင်း ဆင်ပေါက် ချဉ်းကပ်လာပုံကို ပြန်စဉ်းစား၏။

ဆင်ပေါက် သူ့ကို ချဉ်းကပ်လာပုံမှာ အလွန်ရိုးစင်းသော ပရိယာယ်တစ်ခု ဖြစ်ကြောင်း မင်းနောင် သိနေသည်။ ယခု လောက်ဆိုလျှင် ဆင်ပေါက်က သူ့အဆက်အသွယ်များမှ တ ဆင့် ရွာသာယာမှ မင်းနောင်အကြောင်း စုံစမ်းမည်ဖြစ်ကြောင်း သိနေသည်။

ဘီယာတစ်ခွက် မကုန်ခင်မှာပင် သူ၏လက်ကိုင်ဖုန်း

မြည်လာသည်။ သူက ဖုန်းကို ထုတ်ယူနားထောင်လိုက်၏။

"ဟုတ်ကဲ့ . . ပြောပါ"

"အစ်ကို အခု ဘယ်မှာလဲဟင်"

"စားသောက်ဆိုင်တစ်ဆိုင်မှာပါ နီနီ"

"ညက အစ်ကို့အခန်းကို လှဝင်လို့ဆို"

"ဪ . . အဲဒါကြားလို့ ဖုန်းဆက်တာလား၊ အခုအဲဒီ ကိစ္စ ပြီးသွားပါပြီ"

"အစ်ကို့အကွက်ဆင်တာ အံဝင်ခွင်ကျ ဖြစ်ရဲ့လား"

"ဖြစ်ပါတယ် . . ဒီနယ်က လူတွေ မကြာခင်မှာတဲ့ ကိုယ့်လက်တွဲဖော်တွေ ဖြစ်လာလိမ့်မယ်၊ အခုဘဲ ဆင်ပေါက်ဆိုတဲ့ လူနဲ့သိလိုက်ရပြီ၊ သူက ကိုယ့်ကို ရန်ရှာတဲ့ စံလင်းရဲ့ ဆရာသမားပေါ့"

"ဟင်"

"သူ့ကို သိပြီဆိုတော့ သူ့အထက်က ဆရာသမားကို သိအောင် လုပ်ရမယ်၊ အဲဒီဆရာသမားရဲ့ အထက်မှာ နောက်တစ်ယောက် ရှိရဦးမယ်"

"အစ်ကိုက ရေဆုံးရေဖျား လိုက်တော့မယ်ဆိုပါတော့"





"ဒါပေါ့ ညီမရဲ့"

"အောင်မြင်ပါစေ အစ်ကို၊ နီနီ အစ်ကို အောင်ပွဲခံတာကို တွေ့ချင်တယ်"

"မြင်ရမှာပေါ့ . . မကြာမီ လာမည် မျှော် ဟုတ်လား"

"မျှော် . . မျှော်နဲ့ မျှော်နိုင်းပြီး ပေါ်မလာဘဲ ပျောက်သွား တာမျိုးတော့ မဖြစ်ပါစေနဲ့နော်"

မင်းနောင် ရယ်လိုက်သည်။

"စိတ်ချ နီနီ . . အဲဒါမျိုး ဘယ်တော့မှ မဖြစ်ဘူး"

"အစ်ကို အခု ဘာဆက်လုပ်မလဲ"

"အခန်းကို ပြန်တော့မယ်လေ၊ ဒီညအတွက် ဘာမှလုပ်စရာ မရှိတော့ဘူး"

"ဒါဆိုရင်လည်း ပြန်ပြီး အနားယူတော့ နီနီစကားဖြတ်လိုက်တော့မယ်နော်"

"အိုကေ နီနီ"

အဆက်အသွယ် ဖြတ်သွားသည်။ မင်းနောင်က လက်ကိုင်ဖုန်းကို ပိတ်သိမ်းလိုက်၏။ ခွက်ထဲတွင် ကျန်နေသေးသော ဘီယာကို ဆက်မသောက်တော့ဘဲ ထိုင်နေရာမှ ထသည်။

မင်းနောင်က ဘာကိုမှ သတိမထားသည့် ဟန်ဖြင့် ဆိုင်ထဲမှ ထွက်သည်။ ဆိုင်အပြင်ရှိ ကတ္တရာလမ်းအတိုင်း လျှောက်ရင်း သူက ဆက်လုပ်ရမည့် အစီအစဉ်တွေကို စဉ်းစားလာသည်။ ဘေးမှကြည့်လျှင် သတိလက်လွတ် လျှောက်နေသည့်ပမာ ဖြစ်သော်လည်း သူက ရှေ့နောက်ဝဲယာကိုမပြတ် အကဲခတ် ကြည့်ရှုလာခဲ့သည်။

သူ့အခန်းရှိသည့် ဟော်တယ်ရှေ့သို့ အရောက်တွင် တွေးလာခဲ့သည့် အတွေးတွေကို ဖြတ်တောက်လိုက်သည်။ ပြီးနောက် ဟော်တယ်အတွင်းသို့ ဝင်ခဲ့လေသည်။



# အခန်း(၆)

မော်ရုံ စားသောက်ဆိုင်သည် အဝေးပြေးလမ်းမကြီးမှ အတွင်းဘက်သို့ နှစ်မိုင်နီးပါး ဝင်ရသော စုပေါင်းစိုက်ပျိုးရေး ကျေးရွာအနီးတွင် တည်ရှိသည်။ စားသောက်ဆိုင်မှာ ကျေးရွာနှင့် နီးသည်ဆိုသော်လည်း တစ်ဖာလုံနီးနီး ဝေးသည်။

ထို့ကြောင့် ကျေးရွာက စားသောက်ဆိုင်အတွက် အနှောင့်အယှက် မဖြစ်သလို စားသောက်ဆိုင်ကလည်း ကျေးရွာအတွက် အနှောင့်အယှက် မဖြစ်ချေ။ စားသောက်ဆိုင်သို့ လာရောက်စားသောက်သူများအနေနှင့် အေးအေးဆေးဆေး လွတ်

လွှတ်လပ်လပ်နှင့် အပန်းဖြေ စားသောက်နိုင်သည်။

မင်းနောင်သည် သူ့ကားကို မော်ရုံစားသောက်ဆိုင်ရှေ့တွင် မရပ်ဘဲ ရှေ့ကို ကျော်ဖြတ်ပြီး မောင်းသည်။ ဆိုင်ရှေ့တွင် ကားနှစ်စီး ရပ်ထားသည်ကို သတိပြုမိ၏။

ကားနှစ်စီးစလုံးမှာ တံခါးပိတ်ထားသည်။ မှန်ကို စတောကာ ကပ်ထားသဖြင့် ကားအတွင်းသို့ ဖောက်ပြီးမမြင်ရ၊ ထိုကားနှစ်စီးမှာ ဆင်ပေါက်တို့ လူစုနှင့် ပတ်သက်ဆက်နွှယ်နေလိမ့်မည်ဟု မင်းနောင် တွေးထင်မိ၏။

မင်းနောင်က ကားကို စားသောက်ဆိုင် အနောက်ဘက်သို့ ရောက်အောင် ကွေ့ပတ်ပြီး မောင်းသည်။ ထို့နောက် ကားပေါ်မှဆင်းကာ သစ်ပင်တွေ ချုံပုတ်တွေကြားမှဖြတ်ပြီး စားသောက်ဆိုင်ဘက်သို့ ထွက်သည်။

စားသောက်ဆိုင် အနောက်ဖက်ရှိ သစ်ပင်များမှာ တစ်ပင်နှင့်တစ်ပင် ထိမတတ် ပေါက်နေပြီး တောအုပ်တစ်ခုပမာ ဖြစ်နေသည်။ မင်းနောင်က သစ်ပင်တွေကြားမှ အကာအကွယ်ယူပြီး စားသောက်ဆိုင် ရှိရာသို့ ချဉ်းကပ်သည်။

ထိုသို့ ချဉ်းကပ်ရင်း တံခါးပိတ်ထားသော စားသောက်





ဆိုင်၏ ဘေးတစ်ဖက်ရှိ သစ်ပင်ကြီး တစ်ပင်ဆီသို့ အာရုံရောက်သွားသည်။ ထိုသစ်ပင်အောက်မှ လှုပ်ရှားမှုတစ်ခုကို မြင်လိုက်သဖြင့် သစ်ပင်ရှိရာသို့ ခြေဖော့နင်းပြီး ချဉ်းကပ်သည်။

သစ်ပင်အောက်တွင် ဆံပင်တိုတို ရုပ်ကြမ်းကြမ်းနှင့် လူတစ်ယောက် ထိုင်နေသည်။ ထိုသူ၏ ပုံပန်းသဏ္ဌာန်အရ အနေအထားက ဒုစရိုက်ဂိုဏ်သား တစ်ယောက်ဟု သိသာပေါ်လွင်နေသည်။

မင်းနောင်က ခါးကြားတွင် ထိုးထားသည့် ပစ္စတိုကို ထုတ်ကိုင်သည်။ သစ်ပင်အောက်တွင် ရှိနေသူနှင့် ဦးသထက်ဦးအောင် ချဉ်းကပ်သည်။ မနီးမဝေးသို့ အရောက်တွင် ထိုသူ့ထံသို့ ရိုပ်ခနဲ ခုန်ဝင်သည်။ လက်ထဲမှ သေနတ်ဖြင့် ထိုသူ၏ နားထင်ကို တေ့ထားလိုက်၏။

“ငါ့လက်ထဲကဟာ သေနတ်နော် . . မင်းလှုပ်တာနဲ့ သေမယ်”

သစ်ပင်အောက်မှလူ မလှုပ်ရဲတော့၊ မင်းနောင်က ထိုသူဘေးမှ သေနတ်ကို ခြေထောက်ဖြင့် ကန်ထုတ်လိုက်သည်။

“မင်းနောင်ဆိုတာ မင်းလား”

သစ်ပင်အောက်မှလူက အသံမာမာဖြင့် မေးသည်။ သေနတ်ဖြင့် အချိန်ခံထားလျက်က လေသံမာနိုင်သည်မှာ သူ့ကိုယ်သူ စိတ်ချ၍သော ဖြစ်မည်ဟု မင်းနောင် စဉ်းစားမိသည်။ သူက သေနတ်ကို ခါးကြားထဲ ပြန်ထိုးပြီး ထိုင်နေသူကို ဒူးဖြင့် တိုက်လိုက်သည်။

ထိုသူ ငိုက်ကျအသွားတွင် ခြေစောင်းဖြင့် ခတ်ဆတ်ဆက် ကန်လိုက်၏။ နှုတ်မှ အွတ်ခနဲ မြည်သံနှင့်အတူ သစ်ပင်အောက်မှလူ ပုံကျသွား၏။

"မြန်လိုက်တဲ့လက် . . ဒါပေမယ့် သေနတ်ကို ခါးကြားပြန်ထိုးလိုက်တာကတော့ အရှုံးကို မိုက်မဲတာဘဲ၊ လက်နှစ်ဖက်စလုံးကို မြှောက်ပြီး ငြိမ်ငြိမ်နေလိုက်စမ်း"

မင်းနောင်က သစ်ပင်အောက်မှလူကို မဲနေစဉ် နောက်ပါးမှ အမိန့်ပေးသံကို ကြားရသည်။ မင်းနောင်က အံတင်းတင်းကြိတ်ပြီး လက်နှစ်ဖက်ကို ဖြည်းညင်းစွာ မြှောက်သည်။ ထိုအချိန်မှာပင် သူ့နောက်သို့ ရောက်လာသူက ခါးကြားမှ သေနတ်ကို ဆွဲယူလိုက်၏။

မင်းနောင် လက်နက်မဲ့သွားစဉ် သူ့လက်ချက်ဖြင့် သစ်





အောက်တွင် ပုံကျသွားသူ နေရာမှထသည်။ မင်းနောင်ကို မကျေမနပ်နှင့်ကြည့်ပြီး ဘယ်ညာလက်သီးချက်များ ပစ်လွှတ်သည်။

ပြင်းထန်သော လက်သီးချက် မင်းနောင်၏ မေးရိုးကို ထိသည်။ ကျန်လက်သီး တစ်ချက်က ဝမ်းဗိုက်ကို ထိသည်။

မင်းနောင်၏ မျက်လုံးအစုံ မီးပွင့်သွား၏။ ပါးစပ်ထဲမှ သွေးတွေ ဟောခနဲထွက်ပြီး ရှေ့ကို ငိုက်ကျသွားသည်။

"တော်ပြီ အောင်လေး . . ဆရာက သူနဲ့စကားပြောမှာ ရုပ်ပျက်ဆက်ပျက် ဖြစ်နေလို့ မရဘူး"

မင်းနောင်အား နောက်မှ သေနတ်နှင့် ချိန်ထားသူက ပြောလိုက်သည်။ မင်းနောင်ကို ထိုးကြိတ်နေသော အောင်လေးက သူ့လက်ကို ပြန်ရုပ်လိုက်၏။

"ဒီကောင် ငါ့ကို ဆော်သွားထားတာ သိရဲ့လား အောင်ကြီး"

"ငါ သိပါတယ်၊ ဒါပေမယ့် ဆရာသမားက သူ့ကို ပြင်းပြင်းထန်ထန် မထိခိုက်စေနဲ့လို့ အမိန့်ပေးထားတယ်လေ"

အောင်လေးက မကျေမနပ်နှင့် သက်ပြင်းချလိုက်သည်။

မင်းနောင်ကို ခတ်ရှုးရှုး တစ်ချက်ကြည့်ပြီး လှည့်သွားသောသူ၏ သေနတ်ကို ကောက်ကိုင်လိုက်သည်။

"ဟော့ကောင် ရှေ့ကသွားစမ်း၊ ငါ့စိတ်ကို ငါထိန်းမထားရင် မင်းသေချင်းဆိုးနဲ့တောင် သေတယ်၊ သွား . . မြန်မြန်သွား"

အောင်လေးက မင်းနောင်ကို တွန်းထိုးပြီး အမိန့်ပေးသည်၊ မင်းနောင်မှာ ယိုင်ထိုးလျက် ရှေ့မှလျှောက်သည်။ အောင်ကြီးနှင့်အောင်လေးတို့က နောက်မှလိုက်၏။

စားသောက်ဆိုင် နောက်တည့်တည့်သို့ အရောက်တွင် အောင်လေးက ပတ်ထားသည့် တံခါးကို ကန်ဖွင့်လိုက်သည်။ ပြီးနောက် မင်းနောင်၏ပခုံးကို ခတ်ဆတ်ဆတ် တွန်းသည်။ မင်းနောင်မှာ ယိမ်းယိမ်းယိုင်ယိုင်နှင့် စားသောက်ဆိုင်သို့ ရောက်သွားသည်။

စားသောက်ဆိုင်မှာ နေ့ခင်းပိုင်းကျမှ စဖွင့်သော ဆိုင်ဖြစ်၍ ယခုလို နံနက်ပိုင်းတွင် လူမရှိဘဲ ရှင်းလင်းနေသည်။ ဆိုင်ရှေ့တံခါးများမှာလဲ ပိတ်ထားလျက် ရှိသဖြင့် ပြင်ပမှ ဝင်လာမည့်သူ မရှိနိုင်ပေ။

ဆိုင်နောက်ပိုင်းကို ဖြတ်မိသည်နှင့် ဘားခန်းသို့ ရောက်





သည်။ ဘားကောင်တာတွင် သားသားနားနား ဝတ်ဆင်ထားသော လူတစ်ယောက် ရှိနေသည်။ ဘားခန်းထိပ် စားပွဲတွင် ဆင်ပေါက် ထိုင်နေသည်ကို တွေ့ရ၏။

ဆင်ပေါက်က ဆိုင်အနောက်ဖက်မှ ဝင်လာသော မင်းနောင်တို့ကို မျက်မှောင်ကြုတ်ပြီး ကြည့်သည်။

"ဒါက ဘယ်လိုဖြစ်တာလဲကွ၊ အောင်ကြီးနဲ့အောင်လေး မင်းတို့ သူ့ကိုဘယ်ကနေ ခေါ်လာတာလဲ"

"ဒီလူ ဆိုင်အနောက်ဘက်က ခိုးကြောင်ခိုးဝှက်နဲ့ လာတာ။ ကျွန်တော်ကို တွေ့တွေ့ခြင်း ဘာမပြော ညာမပြောနဲ့ သေနတ်နဲ့ ချိန်ပြီး တိုက်ခိုက်တယ်"

"မင်းဗျူးလှူက မာရေကျောရေ လုပ်လို့ နည်းနည်းဆုံးမတာ . . နောက်တစ်ယောက်က ကျွန်တော့်ကို သေနတ်နဲ့ ချိန်ထားတဲ့အခါကျတော့ သူက သတ္တိရှိရှိနဲ့ ပြန်ထိုးပါတယ်"

မင်းနောင်၏ စကားကြောင့် အောင်လေး မကျေမနပ် ဖြစ်သွားသည်၊ သူက မင်းနောင်အား တိုက်ခိုက်တော့မည့်ဟန် ရှေ့တိုးလိုက်သည်။

"ဒါက ဘယ်လိုဖြစ်တာလဲ အောင်လေး၊ ငါ့ရှေ့မှာ

တောင် မင်းက လက်ပါချင်နေသလား"

"ဒီကောင် လေကျယ်လွန်းလို့ပါ ဆရာ"

"တိတ်စမ်းကွာ . . ငါသူ့ကို မေးစရာ ရှိတယ်၊ မင်းတို့ နောက်ဆုတ်နေ . . အောင်ကြီး သူ့သေနတ် ပြန်ပေးလိုက်"

အောင်ကြွးက မကျေမနပ်နှင့် ပစ္စတိုကို ပြန်ပေးသည်။ မင်းနောင်က ပစ္စတိုကို ခါးကြားထဲ ထိုးထားလိုက်၏။

"မင်းကို ငါက ဒီမှာ မနက်စာကျွေးမယ်ဆိုပြီး ဖိတ်လိုက်တာ၊ မင်းက ဘာဖြစ်လို့ ဆိုင်အနောက်ဖက်နေ တိတ်...ဝင်လာရတာလဲ"

ဆင်ပေါက်က မင်းနောင်အား သူ့ရှေ့ထိုင်ခုံတွင် ထိုင်ရန် လက်ဟန်ပြရင်းမှ မေးသည်။ မင်းနောင်က မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျားလာတော့ ကျွန်တော့်ကို ဖိတ်ခေါ်ပြီး ဆိုင်အနောက်ဘက်မှာ ဘာဖြစ်လို့ အစောင့်တွေ ချထားတာလဲ"

"ဟာ . . အဲဒါ မင်းနဲ့မဆိုင်ပါဘူး၊ တစ်ခြားကိစ္စအတွက် ပြင်ဆင်ထားတာပါ၊ ဆိုင်အနောက်ဖက်မှတင် မဟုတ်ဘူး၊ ဆိုင်အပေါ်ထပ်မှာလည်း ကင်းချထားတာ ရှိတယ်"

"ကဲ . . ထားပါတော့၊ ခင်ဗျား အခုစကားပြောစရာရှိ





လို့ ကျွန်တော့်ကို ခေါ်တာမဟုတ်လား . . ဘာပြောမလို့လဲ . . ပြောပါ"

"မင်းကလည်း လောလိုက်တာ၊ ဟိုမှာ ဆရာစကား ပြောနေတာ မတွေ့ဘူးလား၊ သူစကားပြောရင် မင်းသဘော ပေါက်လာမှာပါ၊ သူက ဆရာကောင်းမြတ်လေ"

"သြော်"

စောစောက ဘားကောင်တာနောက်တွင် ရှိနေသူက မင်းနောင်တို့ ရှိနေသည့် စားပွဲဆီသို့ လျှောက်လာသည်။ သူက မင်းနောင်ကို စေ့စေ့ကြည့်ပြီး မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်သည်။

ကောင်းမြတ်က စိန်လက်စွပ်ကြီး ဝတ်ထားသည့် လက်ဖြင့် စားပွဲမျက်နှာပြင်ကို တစ်ခေါက်ခေါက် ခေါက်သည်။ ထို့နောက် မျက်မှောင်ကြုံ့ပြီး မင်းနောင်အား ကြည့်သည်။

"မင်းက အထိုးအကြိတ် အသတ်အပုတ် ကျွမ်းကျင်တယ်၊ တိုက်ခိုက်ရေးမှာ တော်တယ်ဆိုတဲ့ သတင်းကို ငါကြားထားတယ်၊ အခုမင်းကို တွေ့တော့ ကြားထားတာ ဟုတ်လောက်တယ်လို့ ငါထင်မိတယ်၊ မင်း အခုဘာ ပြောချင်သလဲ ပြောပါ"

မင်းနောင်က ဟာန်များလွန်းသော ကောင်းမြတ်ကို ကြည့်ရင်း မဲ့ပြုံးပြုံးသည်။ ပြုံးရင်းနှင့် သူက ခေါင်းကို ခတ်ဆတ်ဆတ် ခါလိုက်သည်။

"ကျွန်တော်က ဘာပြောချင်ရမှာလဲ . . ခင်ဗျားတို့ ကျွန်တော့်ကို ဖိတ်ခေါ်ခဲ့တာ ပြောစရာရှိတာ ခင်ဗျားတို့ဘဲ ပြောပေါ့"

မင်းနောင်၏ မာဆတ်ဆတ် အပြောကြောင့် ကောင်းမြတ်မျက်နှာထား တင်းသွားသည်။ သူက မင်းနောင်အား အရောင်တဖျပ်ဖျပ် လက်နေသော မျက်လုံးအစုံဖြင့် စူးစိုက်ကြည့်လိုက်လေသည်။



အခန်း (၅)

"မင်းကို ငါတို့က ဖိတ်ခေါ်လိုက်တာဟာ မင်းအတွက် ကံဇာတာ တက်လာပြီလို့ မှတ်ပါ။ မင်းဟာ သတ္တိရှိတယ်၊ ထက်မြက်တယ်၊ လုပ်ရဲကိုင်ရဲ ရှိတယ်၊ မင်းအကြောင်းကို မင်းသိတာထက် ပိုပြီးငါတို့က သိနေကြပြီ"

"ခင်ဗျားတို့က ကျွန်တော့်အကြောင်းကို ခရေစေ့တွင်းကျ သိနေပြီဆိုပြီး ခြိမ်းခြောက်ဖို့ အကျပ်ကိုင်ဖို့ စဉ်းစားနေတယ်ဆိုရင်တော့ သိပ်မှားသွားပြီ၊ ကျွန်တော်က ကိုယ့်ကိုကိုယ် သေမထူး နေမထူးလို့ သဘောထားတာဗျ"

မင်းနောင်၏ စကားကြောင့် ကောင်းမြတ် ရယ်လိုက်သည်။

"မင်းပြောပုံက ငါတို့ကို အထင်သေးတဲ့ပုံဘဲ၊ မင်းစခန်းသာကို အရင်က အဆက်အသွယ်ပေါင်း ထွန်းအားကိုးနဲ့ လာတာမဟုတ်လား"

"အဆက်အသွယ်ပေါင်း မဟုတ်ပါဘူး၊ အသိမိတ်ဆွေပါ"

"ဟုတ်ပါပြီလေ . . သူက ဒီမြို့မှာ နေထိုင်လှုပ်ရှားဖို့ ကူညီခဲ့တယ် မဟုတ်လား"

မင်းနောင်က ခေါင်းညိတ်လိုက်သည်။

"အဲဒီထွန်းဆိုတာ ငါ့လက်ရုံးဘဲ၊ သူ့နာမည် ထွန်းလုံလို့ ခေါ်တယ်၊ သူက တစ်ခြားနယ်တွေကို ထွန်းဆိုတဲ့ နာမည်နဲ့ ရုပ်ဖျက်ပြီး သွားလေ့ရှိတယ်၊ သူ အဲသလိုသွားရင် မင်းနဲ့တွေ့ခဲ့တာ သူက မင်းရဲ့ရည်ရွယ်ချက်ကို ကောင်းကောင်းသိတယ်"

မင်းနောင်၏ရင်မှာ ထိတ်ခနဲ ဖြစ်သွားသည်။ သို့သော် နီနီမှလွဲပြီး သူ့လျှို့ဝှက်ချက်ကို သိသူမရှိဆိုသည့် အတွေးက စိုးရိမ်စိတ်ကို ပြေသွားစေသည်။





"ထားပါကွာ . . အဲဒါတွေ ပြောနေလို့ အကြောင်းမထူးပါဘူး၊ ခင်ဗျား ဘာဖြစ်ချင်သလဲ ဆိုတာကိုဘဲ ပြောပါ၊ ခင်ဗျား လုပ်စေချင်တဲ့ အလုပ်ကို ကျွန်တော် စိတ်ဝင်စားရင် လုပ်မယ်"

"ရှင်းရှင်းပြောရမယ် . . ဆိုပါတော့"

မင်းနောင်က ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ်"

"ဒါဆိုရင်လည်း ပြောမယ် . . ငါတို့ မင်းကို သဘောကျတယ် မင်းဟာ အရည်အချင်းရှိတဲ့ လူတစ်ယောက် ငါတို့အလုပ်ထဲမှာ မင်းပါလာရင် အောင်မြင်မှုတွေ ဆက်တိုက်ရမယ်လို့ ယုံကြည်တယ်၊ ငါတို့ လုပ်ရမယ့် အရေးကြီးဆုံး အလုပ်တစ်ခုကို မင်းသာဝင်လုပ်ရင် သိပ်အဆင်ပြေစရာရှိလို့ မင်းကို ခိုင်းချင်တယ်"

"အဲသလို ပြောမှပေါ့ဗျာ . . ဒါမှလည်း ကျွန်တော့်ဘက်က စဉ်းစားစရာ ရှိတာ စဉ်းစား၊ ဆုံးဖြတ်စရာ ရှိတာ ဆုံးဖြတ်လို့ ရမှာပေါ့"

"အခု မင်းစောစောကပြောတဲ့ သေမထူး နေမထူးဆိုတဲ့ စကားကို ပြန်ရုပ်သိမ်းပြီပေါ့ . . ဟုတ်လား"

မင်းနောင်က ဟက်ခနဲ တစ်ချက်ရယ်ပြီး ခေါင်းညိတ်ပြသည်။ ကောင်းမြတ်က မင်းနောင်၏ ပခုံးကို တစ်ရင်းတစ်နှီး လှမ်းပုတ်လိုက်သည်။

"မင်းဟာ ကြီးပွားချမ်းသာချင်စိတ် ရှိတယ်၊ လုပ်ရဲကိုင်ရဲ ရှိတယ်၊ တစ်နေ့မှာ မင်းဟာ ထိပ်ဆုံးကို ရောက်ရမယ်ဆိုတဲ့ စိတ်မျိုး ရှိတယ်ဆိုတာ ငါတို့သိပြီးသားပါ၊ ဒါကြောင့်လည်း မင်းက ငါတို့လူ စံလင်းကို တိုက်ခိုက်ခဲ့ပေမယ့် ခွင့်လွှတ်ပြီး မင်းကို ဆက်သွယ်တာပေါ့၊ မင်းငါတို့နဲ့ လက်တွဲမယ်ဆိုရင် လုပ်ငန်းတွေရဲ့ အမြတ်ငါးရာခိုင်နှုန်းကို ရမယ်၊ သွားလာစရိတ် စားသောက်စရိတ်တွေကို ငါတို့တာဝန်ယူမယ်"

"ငါးရာခိုင်နှုန်း ရမယ် ဟုတ်လား"

"ဟုတ်တယ် .. ငါးရာခိုင်နှုန်းဆိုလို့ နည်းတယ်မထင်ပါနဲ့ ငါတို့လုပ်ငန်းတွေက .."

ကောင်းမြတ်၏ စကားမဆုံးခင်တွင် မင်းနောင် လက်ကာပြလိုက်သည်။

"ခင်ဗျားတို့ လုပ်ငန်းအားလုံးရဲ့ အမြတ်ငါးရာခိုင်နှုန်းဆိုတာ လက်ရှိအနေအထားအရ ကျွန်တော် ခြောက်လ ရှာရင်





တောင် မရနိုင်ဘူးဆိုတာ သိပါတယ်၊ ခင်ဗျားတို့ လုပ်ငန်းအားလုံးကိုတော့ ကျွန်တော် မသိဘူး၊ အခုသိထားသလောက်လေးနဲ့ တွက်ချက်ကြည့်ပြီး ပြောတာ ငွေကြေးကိစ္စ ကျွန်တော် သဘောကျပါပြီ"

"ဒါဆိုရင် တာဝန်ပိုင်းကို ပြောကြတာပေါ့၊ လတ်တလောမှာ ငါတို့အတွက် သိပ်အရေးကြီးတဲ့ အလုပ်တစ်ခု မင်းကို ခိုင်းချင်တယ်"

"ခိုင်းလေ .. ခိုင်းပါ၊ ကျွန်တော်က ခင်ဗျားတို့နဲ့ လက်တွဲဖို့ ဆုံးဖြတ်လိုက်ပြီးပြီဆိုတော့ ခိုင်းချင်တာ ခိုင်းလို့ရပါပြီ"

ကောင်းမြတ်က မင်းနောင်အား စေ့စေ့ကြည့်ရင်းမှ ပြုံးသည်။

"သိပ်ခဲခဲယဉ်းယဉ်း လုပ်ရမယ့် အလုပ်မျိုးတော့ မဟုတ်ပါဘူး၊ စခန်းသာကို ငါတို့ အုပ်စီးနိုင်တဲ့ အခြေအနေ ရောက်အောင် ကူညီဖို့ပါ၊ ဒီမြို့က စီးပွားရေးလုပ်ငန်းတွေမှာ ငါတို့ဝင်တိုးလို့ မရဘူး၊ ဒီလိုတိုးလို့ မရတာဟာ ငါတို့အရင် ဒီမြို့က လုပ်ငန်းတွေကို ချုပ်ကိုင်ထားတဲ့လူ ရှိလို့ပဲ"

"အဲဒီလူကို ကျွန်တော် ရှင်းပစ်ရမှာလား"

"အိုး . . နိုး . . နိုး၊ အဲသလို မဟုတ်ပါဘူး။ ရန်သူကို အပြတ်ရှင်းဖို့ဆိုတာ ခက်ခဲတာမှ မဟုတ်တာဘဲ၊ ငါ့မှာရှိတဲ့ လူတွေနဲ့ လုပ်လို့ရပါတယ်၊ ရန်သူကို ရှင်းပစ်တာထက် ပူးသတ်တာက ပိုပြီးကောင်းတယ်၊ ပိုပြီး အရာရောက်တယ်၊ ပိုပြီးအဓိပ္ပါယ်ရှိတယ်"

"ပူးသတ်ရမယ် ဟုတ်လား . . ဘယ်လို ပူးသတ်ရမှာလဲ၊ ဘယ်သူ့ကို ပူးသတ်ရမှာလဲ"

"ပြောပြမယ်လေ . . မင်းဘာလုပ်ရမယ်ဆိုတာ တစ်ခုခြင်း ပြောပြပါ့မယ်၊ ဒီမြို့မှာ အဓိကကျတဲ့ လုပ်ကွက်မှန်သမျှကို လက်ဝါးကြီး အုပ်ထားတဲ့ ဦးအေးချို ဆိုတာ ရှိတယ်၊ သူက အသက်ကြီးပါပြီ၊ သူလုပ်နိုင်ကိုင်နိုင်တုန်းက ငါတို့နဲ့ ဝေမျှပြီး အလုပ်လုပ်ကြတယ်၊ အခု သူအလုပ်မလုပ်နိုင်တော့လို့ သူ့နေရာကို သူ့သား သန်းမောင်နဲ့ သန်းအောင်က တာဝန်ယူရတဲ့အခါ ငါတို့လူတွေ လှုပ်ရှားလို့တောင် မရတော့ဘူး"

"ဟုတ်ပြီ . . ကျွန်တော် သဘောပေါက်ပြီ"

"အေး . . မင်းဟာ နည်းနည်းလေး ပြောလိုက်တာနဲ့ သဘောပေါက်မယ်ဆိုတာ ငါသိပါတယ်၊ အဲဒီသန်းမောင်တို့က





မင်းအကြောင်းကို လိုက်စုံစမ်းနေတယ်၊ အဲဒီအဓိပ္ပါယ်က သူတို့မင်းကို အလိုရှိတယ်ဆိုတဲ့ သဘောဘဲ"

"ကျွန်တော်က သူတို့ဆီကို သူ့လူကိုယ်ဘက်သား လုပ်ပြီး ဝင်ရမယ် ဆိုပါတော့"

"ဟုတ်တယ် မင်းနောင်"

"သူတို့က တရားဝင်လုပ်ငန်းတွေဘဲ လုပ်နေတာ မဟုတ်လား"

ကောင်းမြတ်က ခေါင်းညိတ်ပြသည်။

"ဒီလိုဘဲပေါ့ . . ငါတို့ လုပ်တဲ့အတိုင်း သူတို့လည်း တရားဝင်လုပ်ငန်းတွေဘဲ လုပ်နေကြတာ၊ နောက်ကွယ်မှာတော့ အကြံအဖန်တွေ ရှိတာပေါ့၊ ဒါက အထူးပြောစရာ မလိုတဲ့ အကြောင်းအရာတွေလေ"

"ဟုတ်ပါပြီ . . ဟုတ်ပါပြီ၊ ကျွန်တော်ကလည်း စကားအဖြစ် မေးတာပါ၊ ဘာတွေ လုပ်ရမယ်ဆိုတာ သိပါတယ်၊ နေဦး . . တစ်ခုမေးပါရစေ၊ ခင်ဗျားတို့ ဒီမှာ အစောင့်တွေ ချထားတာ ဘာဖြစ်လို့လဲ"

"အဲဒါ သန်းမောင်တို့ သန်းအောင်တို့ကြောင့်ပေါ့ . .

သူတို့က အခွင့်အရေးရတာနဲ့ ငါတို့ကို ဖြိုမယ်လို့ ဆုံးဖြတ်ထားကြတာ . . သူတို့က အချိန်မရွေး ဒုက္ခပေးနိုင်လို့ လုံခြုံရေးအတွက် စီစဉ်ထားရတာ"

"ဟုတ်ပြီ . . ကျွန်တော် နားလည်ပြီ"

"ကဲ . . ငါတို့ မနက်စာ စားကြရအောင် စားသောက်ရင်းနဲ့ မင်းလုပ်ရမယ့် အလုပ်ကိစ္စ တိုင်ပင်ကြမယ်၊ ငါတို့အတွင်းခန်းကို ပြောင်းကြရအောင်"

ကောင်းမြတ်က စကားပြောရင်း ထိုင်နေရာမှ ထလိုက်သည်။ မင်းနောင်ကလည်း ကောင်းမြတ်နှင့်အတူ ထိုင်နေရာမှ ထလိုက်လေသည်။



# အခန်း(၈)

နံနက်စောစော ထမြည်လာသော ဖုန်းသံက မင်းနောင်ကို အိပ်ယာမှ နိုးသွားစေသည်။ သူက ခုတင်ဘေးရင်း စားပွဲပေါ်ရှိ တယ်လီဖုန်းကို လှမ်းယူပြီး နားထောင်လိုက်သည်။

"မင်းနောင်လား . . ငါဘဟန်ပါကွ . . မနေ့ညက ပစ္စည်း လာပို့မယ်ဆိုပြီး ဘယ်လိုဖြစ်တာလဲ"

"သတင်းရထားတာ မှားနေတယ်၊ ကျွန်တော် အဖော်တစ်ယောက်နဲ့ ညဝက်လုံးလုံး စောင့်တာ . . ဘာကားမှ မလာဘူး၊ အခန်းကို ပြန်ရောက်တော့ ညတစ်နာရီ ထိုးနေတာနဲ့

ခင်ဗျားဆီကို ဖုန်းမဆက်တော့တာ"

"ဒီနေ့ကော . . ."

"ဒီနေ့ ဘာဖြစ်သလဲ"

"ပစ္စည်းရမလား . . မေးတာ"

"လောလောဆယ် ဘာမှပြောလို့ မရသေးဘူး၊ ဖြစ်မယ်ဆိုရင် ဖုန်းဆက်လိုက်ပါမယ်"

"သေချာတယ်နော်"

"သေချာပါတယ်"

"ငါမင်းဆီက ဖုန်းကို မျှော်နေမယ်၊ ဟုတ်လား"

"စိတ်ချပါ"

မင်းနောင်က ဖုန်းကို ပြန်ချလိုက်သည်။ ပြီး နာရီကို ကြည့်သည်။ နာရီလက်တံက နံနက်ခြောက်နာရီ ထိုးပြီဖြစ်ကြောင်း ညွှန်ပြနေ၏။

"ဟူး . . အတော်ကြီး ရှိသေးတာဘဲ၊ ငါတစ်ရေး ပြန်အိပ်လို့ ရတယ်"

စိတ်ထဲမှ တီးတိုးရေရွတ်ရင်း အိပ်ရာပေါ်သို့ ပြန်လဲချလိုက်သည်။ ညက ဦးကောင်းမြတ်တို့ စီစဉ်ပေးမည်ဆိုသည့်ကိစ္စ





မဖြစ်ခဲ့ပုံကို ပြန်စဉ်းစားမိသည်။

"ညကျရင် တစ်ဖက်နိုင်ငံက ပစ္စည်းမျိုးစုံ တင်လာတဲ့ ကားတစ်စီး လွှတ်ပေးလိုက်မယ်၊ အဲဒီကားကို မင်းအပိုင်စီးပြီး ကားပေါ်မှာပါတဲ့ ပစ္စည်းတွေ သန်းအောင်တို့ရဲ့ လူဖြစ်တဲ့ ဦးဘဟန်ဆီပို့ပေး . . ဒီနည်းနဲ့ သန်းအောင်တို့ကို ချဉ်းကပ်ပေါ့၊ ကားနံပါတ်က ( . . . ) ညခုနစ်နာရီမှာ မိုးညိုတံတားကို ရောက်မယ်"

ကောင်းမြတ်၏ အစီအစဉ်အတိုင်း လုပ်ရန် ညက အဖော်တစ်ယောက်ခေါ်ပြီး မိုးညိုတံတားထိပ်မှ စောင့်ခဲ့သည်။ ညဝက်ကျိုးခဲ့သော်လည်း ကောင်းမြတ်ပြောသည့် နံပါတ်နှင့် ကားရောက်မလာ၊ မင်းနောင် စိတ်မရှည်တော့ဘဲ ကောင်းမြတ်ကို ဖုန်းဆက်မေးသည်။

ထိုအခါကျမှ ကောင်းမြတ် စီစဉ်ပေးသည့်ကား ရောက်မလာနိုင်ကြောင်း သိရသည်။ စခန်းသာနှင့် မြို့သာကြား မိုင်တိုင်အမှတ် သုံးဆယ်အနီးတွင် တောင်ပြိုပြီး ကားလမ်းပိတ်နေကြောင်း သိရသည်။

အစီအစဉ် ပျက်သွားကြောင်းကို မင်းနောင်က တမင်

သက်သက်ပင် ဦးဘဟန်အား အကြောင်းမကြားဘဲ အခန်းသို့ ပြန်ပြီး အိပ်လိုက်သည်။

ညက အဖြစ်ကို ပြန်စဉ်းစားရင်း မင်းနောင်၏ မျက်လုံးတွေ လေးလာသည်၊ သူ့ကိုသူ သတိမထားမိခင်မှာပင် မှေးခနဲ အိပ်ပျော်သွားသည်။

အိပ်ယာမှ ဒုတိယအကြိမ် ပြန်နိုးလာသည့်အခါ ဆယ့်တစ်နာရီ ထိုးနေပြီ၊ အိပ်ရာမှထ ရေချိုးခန်းသို့ ဝင်ကာ ကိုယ်လက်သန့်စင် ရေမိုးချိုးသည်။ ထို့နောက် သင့်တင့်သည့် အဝတ်အစားလဲလှယ် ဝတ်ဆင်လိုက်ပြီး အခန်းထဲမှ ထွက်ခဲ့သည်။

သူတည်းခိုနေထိုင်သည့် အခန်းရှိရာ ဟော်တယ်အပေါ်ထပ်မှ ဆင်းသည်၊ စားသောက်ခန်းသို့ ဝင်ပြီး အိပ်ရာထစာနှင့် နံနက်စာကို ပေါင်းစားလိုက်သည်။ စားသောက်ပြီးစီးသည်နှင့် ဟော်တယ် အတွင်းမှ ထွက်သည်။

မင်းနောင် စခန်းသာမြို့လည် လမ်းအတိုင်း လျှောက်ခဲ့စဉ် သူ့နောက်မှ လူနှစ်ယောက် ပါလာသည်၊ လမ်းပေါ်တွင် လှုပ်ရှားသွားလာနေသူ အများအပြား ရှိနေသဖြင့် နောက်မှလိုက်လာသူ နှစ်ယောက်ကို မင်းနောင် သတိမပြုမိလိုက်၊ ကန်သာယာ





သို့ အရောက်တွင် သူက လမ်းသွယ်တစ်ခု အတွင်းသို့ ချိုးဝင်သည်။ လမ်းသွယ်အတွင်းရှိ သွပ်မိုးပျဉ်ကာ အိမ်တစ်အိမ်ရှေ့ကို အရောက်တွင် ရပ်လိုက်သည်။

"စိုးဝင်းရေ . . စိုးဝင်း"

တံခါးပိတ်ထားသော အိမ်ရှေ့တွင်ရပ်ပြီး ခေါ်လိုက်သည်။ အသက်ငါးဆယ်ဝန်းကျင်ခန့်ရှိ အမျိုးသမီးကြီး တစ်ယောက်က တံခါးလာဖွင့်ပေးသည်။

"ဘာကိစ္စများလဲကွယ် . . မောင်စိုးဝင်း ညက အိပ်ရေးပျက်ထားလို့ အိပ်နေတယ်"

"ကျွန်တော် သူနဲ့အလုပ်တွဲ လုပ်တဲ့လူပါ၊ ကျွန်တော့်နာမည် မင်းနောင်ပါ ဒေါ်ဒေါ်"

"ဪ . . မောင်မင်းနောင် . . လာကွယ် အိမ်ပေါ်ကိုတက် သားက မင်းအကြောင်းကို ပြောပါတယ်၊ ခဏလေးထိုင်နော် ဒေါ်ဒေါ် မောင်စိုးဝင်းကို နိုးလိုက်မယ်"

အမျိုးသမီးကြီးက မင်းနောင်အား အိမ်ရှေ့ခန်းတွင် နေရာချထားပေးပြီး အိမ်အတွင်းဘက်သို့ ဝင်သွားသည်။ ခဏအကြာတွင် အမျိုးသမီးကြီး ပြန်ထွက်လာသည်။ သူ့နောက်မှ

စိုးဝင်းပါလာသည်။

"အစ်ကိုပါလား . . ကျွန်တော်က အစ်ကိုညနေလောက်ကျမှ လာမယ်ထင်နေတာ"

"အလုပ်လေးတစ်ခု ပေါ်လာလို့ကွ၊ မင်းအိပ်ရေးဝပြီမဟုတ်လား၊ မျက်နှာသစ် အဝတ်စားလဲပြီး အစ်ကိုနောက်လိုက်ခဲ့ကွာ"

"ဟုတ်ကဲ့ အစ်ကို"

စိုးဝင်း အိမ်ထဲသို့ ပြန်ဝင်သွားသည်။ မင်းနောင်က ဧည့်ခံစားပွဲပေါ်တွင် တွေ့ရသော မဂ္ဂဇင်းတစ်အုပ်ကို ယူပြီး ဖတ်သည်။ မဂ္ဂဇင်းတွေပါသော ဝတ္ထုတိုနှစ်ပုဒ်ကို ဖတ်ပြီးချိန်တွင် စိုးဝင်း ပြန်ထွက်လာသည်။

"သွားလို့ရပြီ အစ်ကို"

မင်းနောင်က စိုးဝင်းနှင့်အတူ အိမ်ထဲမှ ထွက်သည်။ လမ်းပေါ်သို့ အရောက်တွင် နှစ်ယောက်သား ဘေးခြင်းယှဉ်ပြီး လျှောက်သည်။ မလှမ်းမကမ်းတွင် ရှိနေသည့် လူနှစ်ယောက် သူတို့နှစ်ယောက် သူတို့နောက်သို့ လိုက်လာသည်။

"ဘာအလုပ်ပေါ်လာလို့လဲ အစ်ကို"





"မနေ့ညက မပြီးခဲ့တဲ့ အလုပ်ကို ဒီညပြီးအောင် လုပ်မယ်၊ အဲဒီအကြောင်း မင်းကိုလာပြောတာ"

"ဒါဖြစ်ရင် ဒီညလည်း ကျွန်တော်တို့ မိုးညိုကွဲတားထိပ်ကနေ စောင့်ရဦးမှာပေါ့"

"ဟုတ်တယ် . . စိုးဝင်း၊ ဒီညတော့ အဆင်ပြေမှာပါ"

"ဒီနေ့နေ့ခင်း တစ်ခြားအလုပ်တစ်ခု လုပ်စရာ ရှိလို့လား အစ်ကို"

"မရှိပါဘူး . . ဘာဖြစ်လို့ မေးတာလဲ"

"အစ်ကိုဘဲ စောစောက အလုပ်ကိစ္စ ရှိတယ်ဆိုလို့"

"သြော် . . အဲဒါ အပြင်ကို ခေါ်ထုတ်လို့ ကောင်းအောင်ပြောရတာ အမှန်တော့ မင်းကို သုံးစွဲဖို့ ပေးချင်လို့၊ မင်းက ငွေလိုလို့ အစ်ကိုနဲ့ အလုပ်လိုက်လုပ်တာ မဟုတ်လား၊ ညတုန်းက အလုပ်မဖြစ်ခဲ့တော့ မင်းတစ်ပြားတစ်ချပ်မှ ရမသွားဘူးလေ၊ ရေနားကဆိုင်မှာ တစ်ခုခု စားကြမယ်၊ ပြီးတော့ အစ်ကို စုံစမ်းစရာရှိတာလေး စုံစမ်းမယ်၊ ညနေအတွက် အစီအစဉ် လုပ်ပြီးမှ လမ်းခွဲကြတာပေါ့ ဟုတ်လား"

စိုးဝင်းက ခေါင်းကို ညင်သာစွာ ညိတ်ပြသည်။ သူ့

မျက်နှာတွင် ဝမ်းသာဟန် ကျေနပ်ဟန်တွေ ထင်နေသည်။ သူက မင်းနောင်ကို ကျေးဇူးတင်နေကြောင်း အမူအရာမှာ ပေါ်နေ၏။

မင်းနောင်နှင့် စိုးဝင်းတို့ စားသောက်ဆိုင် တစ်ဆိုင်သို့ ဝင်သည်။ မင်းနောင်က စိုးဝင်းအတွက် စားစရာတွေ မှာပေးသည်။ သူက စားသောက်ပြီးသားမို့ ရေနွေးကြမ်း ထိုင်သောက်၏။ ထိုအချိန်မှာပင် သူတို့ထိုင်နေသော ဆိုင်ရှေ့မှ အနားကျယ်ဦးထုပ်ဆောင်းထားသည့် လူနှစ်ယောက် ဖြတ်လျှောက်သွားလေသည်။



အခန်း(၉)

“ဒီကောင့်ကို မင်းသေသေချာချာ သိတယ်နော် ဘခက်”

အနားကျယ် ဦးထုပ်ဆောင်းထားသူ နှစ်ယောက်အနက် မျက်ခုံးထူထူ မျက်လုံးအကြည့် စူးစူးနှင့် ကြည့်တတ်သော နှင်းမောင်က မေးလိုက်သည်။ ဘခက်က ခေါင်းညိတ်ပြသည်။

“သိပါတယ် . . ငါ့ဘဝမှာ မမေ့နိုင်တဲ့ လူတစ်ယောက်ကို ပြပါဆိုရင် သူ့ကို ပြရမယ်”

“သူက မင်းကို ဘာလုပ်ခဲ့လို့လဲ”

"သူ့ကြောင့် ငါထောင်ထဲကို ရောက်ခဲ့တာပေါ့၊ ငါတို့ သူငယ်ချင်း ငါးယောက် ရတနာတွင်း ရှာနေတာကို သူတွေ့သွားပြီး တိုင်လိုက်တာနဲ့ ငါတို့ အပြစ်ပေးခံရတယ်လေ၊ သူက ငါ့ကို မမှတ်မိပေမယ့် ငါကတော့ လူတွင်ကျယ် လုပ်ခဲ့တဲ့သူ့ကို သေချာချာကြီးကို မှတ်မိနေတယ်၊ သူ့နာမည်က မင်းနောင် ရွာသာယာမှာ နေတယ်၊ အငြိမ်းစားယူပြီး စိုက်ပျိုးရေးလုပ်နေတဲ့ လူပေါ့"

"မင်းအခု သူ့နောက်ကို သဲသဲမဲမဲ လိုက်နေတာ သူ့ကို လက်စားချေချင်လို့ သက်သက်ပေါ့ ဟုတ်လား"

"လက်စားချေဖို့ကတော့ လက်စားချေဖို့ဘဲ၊ လက်စားချေရင်းနဲ့ အကျိုးအမြတ်ရှိအောင်လည်း လုပ်ရမယ်"

"ဘယ်လိုလုပ်မယ်ဆိုတာ ပြောပါဦး"

"သူ . . ရွာသာယာကနေ လွှင့်ထွက်လာတယ်လို့ သတင်းကြားတယ်၊ သူပိုင်ဆိုင်ခွင့်တွေကို သူ့ပါတနာက သိမ်းလိုက်လို့ ခြေလှတ်လက်လှတ် ဖြစ်နေပြီတဲ့၊ အခု သူ့လှုပ်ရှားမှုကို ကြည့်တော့ သူတစ်ခုခု လုပ်တော့မယ်ဆိုတာ မှန်းလို့ရတယ်၊ ဘာလုပ်မလဲဆိုတာ သိရအောင် သူ့နောက်ကို လိုက်ကြည့်နေ





တာ"

"သူ ဘာလုပ်မယ်ဆိုတာ သိပြီလား"

"တိတိကျကျတော့ မသိသေးဘူး၊ ဒါပေမယ့် သူဘာလုပ်မယ်ဆိုတာတော့ ခန့်မှန်းမိနေပါပြီ၊ သူတို့ မိုးညိုတံတားကနေ စောင့်မယ်လို့ ပြောတာ ကြားတယ်၊ ဘယ်အချိန်ဆိုတာတော့ မသိဘူး၊ ဘယ်အချိန်ဖြစ်ဖြစ် မင်းအခန်းကနေ စောင့်ကြည့်နေရင် ပြီးတယ် မဟုတ်လား"

နှင်းမောင် တွေခနဲ ဖြစ်သွားသည်။ ပြီးမှ သူက ခေါင်းကို ညင်သာစွာ ညိတ်လိုက်သည်။

"မိုးညိုတံတားကို စောင့်ကြည့်မယ် ဆိုရင်တော့ အိမ်ကနေ စောင့်ကြည့်တာ အကောင်းဆုံးဘဲ၊ မိုးညိုတံတားဘက်ကို ဆင်းချင်ရင် အခန်းအနောက်မှရှိတဲ့ အရေးပေါ်လှေခါးကနေ ဆင်းချင်ရင်လည်း ရတယ်"

"ငါတို့ အခုမင်းအခန်းကို ပြန်ပြီးနားမယ်ကွာ၊ အဲဒီကနေ မိုးညိုတံတားကို ကြည့်မယ်"

ဘခက်က သူတို့စားသောက် ထားသမျှအတွက် ကျသင့်ငွေရှင်းရင်းမှ ပြောသည်။ နှင်းမောင်က ခေါင်းကို ညင်သာစွာ

ညိတ်လိုက်သည်။

"ကောင်းတယ် . . အပြင်လျှောက်သွားနေတာထက် အခန်းမှာ ပြန်နေရတာ ပိုကောင်းပါတယ်၊ နေဦး . . ငါတစ်ခု စဉ်းစားမိတာ ရှိတယ်၊ သူတို့က မိုးညိုတံတားကနေ အဆက် အသွယ် တစ်ယောက်ယောက်ကို စောင့်တာ ဖြစ်ချင်ဖြစ်မယ်၊ တံတားအဝင်အထွက်မှာ ကုန်းလေးဖြစ်နေတော့ အဝင်အထွက် မှာ ကားတွေ အရှိန်လျှော့ပြီးမှ ဝင်ရထွက်ရတယ်၊ သူတို့ တံတား ကနေ စောင့်တာ . . အဝင်အထွက် ကားတစ်စီးစီးကို စောင့်တာ ဘဲ ဖြစ်ရမယ်"

ဘခက်က ထိုင်နေရာမှ ထရင်း လက်ဖျောက်တစ်ချက် တီးသည်။ တစ်စုံတစ်ရာကို သိလိုက်ဟန် သူ့မျက်နှာ ပြုံးလာ၏။

"ဟုတ်ပြီကွ . . ဟုတ်ပြီ၊ သူတို့ကားတစ်စီးကို စောင့် တာ အထွက်ကား မဟုတ်ဘူး၊ အဝင်ကားကို စောင့်တာ၊ သူတို့ ပြောတဲ့ စကားထဲမှာ ညကအဆင်မပြေဘူး ဆိုတာပါတယ်၊ ညတုန်းက လမ်းမှာ တောင်ပြို့လို့ မြို့သာကကားတွေ စခန်းသာ ကို ရောက်မလာဘူး၊ ဒီနေ့ တောင်ပြိုတဲ့ နေရာကို အပြီးပြင်ဆင်





ရှင်းလင်းနေပြီဆိုတော့ ဟိုကကားတွေ ရောက်လာကြလိမ့်မယ်၊ မင်းနောင်တို့ မြို့သာကလာတဲ့ ကားကို စောင့်တာဘဲ၊ သူက ဦးဘဟန်နဲ့ အဆက်အသွယ် လုပ်တာရှိတော့ နယ်ခြားမြို့က ပစ္စည်းတင်လာတဲ့ ကားကိုစောင့်တာ သေချာတယ်၊ ဦးဘဟန် က တရားမဝင် ပစ္စည်းတွေကို လက်ခံတယ်လေ"

စားသောက်ဆိုင် အတွင်းမှ ထွက်ခဲ့စဉ် ဘခက်က အား ရပါးရ ပြောသည်။ ဘခက်၏ စကားများမှာ အကြောင်းအရာ နိုင်လုံးနေသဖြင့် နှင်းမောင်က လက်ခံဟန် ခေါင်းညိတ်ပြလိုက် သည်။

"မင်းပြောသလို ဖြစ်နိုင်ပါတယ်၊ ဦးဘဟန်နဲ့ အဆက် အသွယ် ရှိတယ်ဆိုတော့ . . ငါတို့လုပ်နိုင်တာ တစ်ခုရှိတယ် ဘခက်"

"ဘာလဲ နှင်းမောင်"

"ဦးဘဟန်ဆိုတာ ငါ့ဖောက်သည်ဟောင်းကြီးလေ၊ ဆရာသန်းတို့က သူ့ကို အကာအကွယ် ပေးထားတာ၊ သူ့ဆီသွား ပြီး စပ်စုလိုက်ရင် မင်းနောင်တို့ ဘာလုပ်မလဲဆိုတာ ခန့်မှန်းလို့ ရနိုင်ပါတယ်"

"မင်း တစ်ကာယ်ဘဲ ဦးဘဟန်ဆီ သွားစုံစမ်းမှာလား"

နှင်းမောင်က ခေါင်းညိတ်ပြလိုက်၏။

"အေး . . သွားမယ်၊ မင်းအခု အိမ်ပြန်ကွာ၊ ငါ ဦးဘ ဟန်ဆီကို သွားလိုက်မယ်"

လမ်းမကြီးပေါ်သို့ ရောက်သည်နှင့် တစ်ယောက် တစ် လမ်းစီ ခွဲထွက်သည်။ ဘခက်က မင်းလမ်းအတိုင်း မြို့အင မိုးညိုလမ်းဘက်သို့ လျှောက်ခဲ့သည်။ လမ်းတစ်လျှောက်တွ သူက မင်းနောင်နှင့် ပတ်သက်သည့် အကြောင်းအရာကို စဉ်းစာ သည်။ မင်းနောင်၏ ရည်ရွယ်ချက် မင်းနောင်၏ ဦးတည်ချက် တို့ကို သူနားမလည်နိုင် ဖြစ်ရသည်။

မင်းနောင်သည် တစ်ချိန်က ဒုစရိုက်သမားများကို မုန်းသူ နှိမ်နင်းသူဖြစ်ကြောင်း သူကောင်းကောင်း သိသည်။ ယခု သူတွေ့နေရသော မင်းနောင်မှာ ယခင်တွေ့ဖူးခဲ့သော မင်းနောင်နှင့်မတူ၊ ကွဲပြားဆန့်ကျင်သူ ဖြစ်နေသည်။

"ဒီလူ ဘာဖြစ်လို့ အခုလို ပြောင်းလဲသွားတာလဲ၊ စိ ပွားပျက်လို့ အကျင့်ပျက်သွားတာများလား၊ ဖြစ်နိုင်တာကတော့ ဒါဘဲရှိတယ် . . ဘာပဲဖြစ်ဖြစ် သူ့ကို ငါလက်စား ချေရမယ်၊





လှလှပပကြီး လက်စားချေရမယ်"

ခေါင်းထဲသို့ ဝင်လာသော အတွေးကြောင့် ဘခက် အံ တင်းတင်း ကြိတ်သည်။ နာကျည်းခံပြင်းသည့် စိတ်ကြောင့် သူ၏ မျက်လုံးအစုံမှာ အရောင်တဖျပ်ဖျပ် လက်လာသည်။

မိုးညိုတံတားသို့ အရောက်တွင် ဘယ်ဘက်သို့ ချိုးပြီး တံတားထိပ်ရှိ မိုးညိုအိမ်ယာသို့ ဝင်သည်။ ငါးထပ်တိုက်တစ် တိုက်ရှိ နှင်းမောင်၏ အခန်းသို့ တက်ခဲ့သည်။

တတိယထပ်ရှိ နှင်းမောင်၏ အခန်းသို့ တံခါးဖွင့်ပြီး ဝင်ခဲ့သည်။ အခန်းတံခါးကို အသေအချာ ပြန်ပိတ်ပြီး အခန်း ညာဘက်ရှိ ဝရံတာတံခါးကို ဖွင့်သည်။ ဝရံတာတွင်ရပ်ပြီး မိုးညို တံတားဘက်သို့ လှမ်းမျှော်ကြည့်သည်။

တံတားပေါ် ဖြတ်သန်းသည့် ကားတစ်စီးတစ်လေကိုမှ မတွေ့ရ၊ လမ်းပိတ်နေဆဲ ဖြစ်မည်ဟု တွေးမိ၏။ အခန်းထဲသို့ ပြန်ဝင်ပြီး ကုန်စည်ပို့ဆောင်ရေးဌာနတစ်ခုသို့ ဖုန်းဆက်ကာ မြို့သာနှင့် စခန်းသာလမ်း ဖွင့်မဖွင့် မေးသည်။ လမ်းဖွင့်ပြီး ပိတ်မိနေသော ကားများ လာနေပြီဖြစ်ကြောင်း သိရသည်။

တောင်ငြိုရာတွင် ပိတ်မိနေသည့် ကားတွေ ယခုအချိန်

ထိ စခန်းသာသို့ ရောက်မလာသေး။ ကုန်စည်ပို့ဆောင်ရေး ဌာနက ခန့်မှန်းသလို ညနေစောင်းကျမှ ရောက်လာလိမ့်မည်ဟု ဘခက် ခန့်မှန်းမိသည်။

"ကားတွေ ရောက်မလာသေးသော်လည်း မြို့ထဲတွင် နေရစ်ခဲ့မယ်လို့ ချိန်းထားတယ်တဲ့ . . တစ်ဖက်နိုင်ငံက ကုန်ပစ္စည်းမျိုးစုံ တစ်ရားမဝင် တင်လာတဲ့ကားကို မင်းနောင်တို့ မလာမှာလို့ ဦးဘဟာန်က ထင်ထားတယ်"

အိမ်သို့ ပြန်ရောက်ရောက်ခြင်း ပြောလိုက်သည်နှင့် မောင်ဇင်စကားကြောင့် ဘခက် ကျေနပ်သွားသည်။ မင်းနောင်အား လက်စားချေနိုင်ရုံမက ထူးထူးခြားခြား အကျိုးအမြတ်ရှိမှာကို တွေးရင်း မင်းနောင်အား အနိုင်ယူနိုင်ရေးအတွက် စိတ်ကူးနှင့် အစီအစဉ် ချနေမိလေသည်။



# အခန်း(၁၀)

ညရှစ်နာရီ မြို့သာဘက်မှ လာသည့်ကားတွေ ကုန်သလောက် ရှိနေပြီ။ မင်းနောင်တို့ စောင့်နေသည့် ကားက ယခုအချိန်ထိ ရောက်မလာသေး။

မြို့ဘက်ခြမ်းတံတားထိပ်တွင် ရပ်ရင်း မင်းနောင်က တံတားပေါ်နှင့် တံတား၏ အခြားတစ်ဖက်ဆီသို့ လှမ်းမျှော်ကြည့်သည်။ မြို့လှဘက်မှ လာသည့် ကားမီးရောင်ကို မတွေ့ရသေး။

လမ်းတစ်ဖက်တွင် ရပ်နေသည့် စိုးဝင်းက စိတ်မရှည်

ဟန်ဖြင့် မင်းနောင်ရှိရာဘက်သို့ ကူးလာသည်။

"အစ်ကို့ကားက လာပါ့မလား . . ကျွန်တော်တို့ မနေ့ညကလိုဘဲ လက်လျှော့ပြီး ပြန်ရမယ်နဲ့ တူတယ်"

စိတ်မရှည်သံနှင့် ပြောလိုက်သည့် စိုးဝင်း၏ စကားကို ကြားရသည်။ မင်းနောင် အသာအယာ ပြုံးပြီး စိုးဝင်း၏ ပခုံးကို ခတ်သာသာ လှမ်းပုတ်သည်။

"မင်းစိတ်မရှည်တော့ဘူးလား . . ကားက လာမှာပါ၊ ငါအသေအချာ သတင်းရထားပါတယ်"

"အင်းလေ . . အစ်ကိုက သေချာတယ်ဆိုရင်တော့ ဆက်စောင့်ရတာပေါ့"

စိုးဝင်းက ခတ်တိုးတိုးပြောပြီး တစ်ဖက်ကို ပြန်ကူးသွားသည်။ မင်းနောင် ကားလမ်းတူရှုသို့ ကြည့်မိပြန်၏။

"ကားကို ဆင်ပေါက်က မောင်းလာမှာ အဖော်မပါဘူး၊ တစ်ယောက်ထဲဘဲ မင်းတို့ လျှပ်တစ်ပြက် ဝင်တိုက်ပြီး ဆင်ပေါက်ကို လမ်းဘေးမှာ ချခဲ့ . . သူမောင်းလာတဲ့ကားကို လက်ပြောင်းပြီး ဦးဘဟန်တို့နဲ့ ချိန်းထားတဲ့ဆီကို မောင်းယူသွား ဆင်ပေါက်ကို နည်းနည်းပါးပါး နာအောင်တော့လုပ် . . ဒါမှ





ယုတ္တိရှိမှာ"

ကောင်းမြတ် ပြောခဲ့သည့် စကားကို ပြန်ကြားမိသည်။ စောင့်နေသည့်ကား ရောက်လာတော့မည် ဖြစ်ကြောင်း စိတ်ထဲက အသေအချာ ယုံမိသည်။ မကြာခင် ကြိုတင်စီစဉ်ထားသည့် အတိုင်း စွန့်စားမှု စတင်ရတော့မည်ဟု တွေးမိ၏။

မြို့ကိုဝင်သည့် တောင်ပတ်လမ်းဆီမှ ကားတစ်စီး၏ မီးရောင်ကို လက်ခနဲ တွေ့လိုက်ရသည်။ မြို့အဝင် မိုးညိုတံတားဆီသို့ ဆင်းလာနေသော ကားကဟွန်းကို ရှည်ရှည်ဆွဲပြီး တီးသည်။

တိုဟွန်းသံမှာ စီစဉ်ထားသည့်အတိုင်း အချက်ပြဆဲ ဖြစ်နေသဖြင့် မင်းနောင်က တစ်ဖက်တွင် ရှိနေသော စိုးဝင်းအား လှုပ်ရှားရန် အသင့်ပြင်ပါဆိုသည့် သဘောနှင့် လက်ဟန်ပြလိုက်သည်။ စိုးဝင်းက သူသဘောပေါက်ကြောင်း ခေါင်းညိတ်ပြသည်။

အဆင်းလမ်းအတိုင်း မောင်းလာသည့်ကား တံတားတစ်ဖက်ထိပ်သို့ ရောက်လာသည်။ အရှိန်လျှော့ပြီး တံတားအဝင်ကုန်းကို ကျော်သည်။ ပြီး တံတားပေါ် ဖြတ်မောင်းလာသည်။

မင်းနောင်တို့ ရှိနေသည့် တံတားထိပ်သို့ အရောက်တွင် တံတားအဝင်မှာပင် ကားအရှိန်လျှော့သည်။ ထိုသို့ အရှိန်လျှော့လိုက်စဉ်မှာပင် မင်းနောင်က ကားမောင်းသူဘက်ခြမ်းရှိ တံခါးကို လှမ်းဆွဲကာ ကားဘေးတွင် ခိုလိုက်သည်။ တစ်ဆက်တည်းပင် ကားမောင်းလာသည့် ဆင်ပေါက်ကို လက်သီးဖြင့် ခတ်ကြမ်းကြမ်း ထိုးလိုက်သည်။

ဆင်ပေါက် မောင်းလာသည့်ကား တုန့်ခနဲ ရပ်သွားသည်။ မင်းနောင်က ကားတံခါးကို ဆတ်ခနဲဖွင့်ပြီး ဆင်ပေါက်ကို ကားပေါ်မှ ဆွဲချသည်။ ဆင်ပေါက် ကားအောက်သို့ အရောက်တွင် မင်းနောင်က ကားပေါ်သို့ လှမ်းတက်ကာ ကားမောင်းသူ နေရာသို့ ဝင်လိုက်သည်။

မင်းနောင် ကားပေါ်သို့ အရောက်မှပင် တစ်ဘက်ရှိ တံခါးမှ တက်လာသော စိုးဝင်းလည်း ကားပေါ်သို့ ရောက်လာသည်။

"အိုကေတယ် မဟုတ်လား . . စိုးဝင်း"

"အိုကေပါတယ် အစ်ကို"

မင်းနောင်က ကားကို မနှေးမမြန် မောင်းခဲ့ရင်းမှ ကားနောက်ကြည့်မှန်တွင် ရိပ်ခနဲ ထင်လာသည့် လူရိပ်သဏ္ဍာန်ကို တွေ့လိုက်ရသည်။

"စိုးဝင်း . ."

"ဟုတ်ကဲ့ အစ်ကို"

"သတိထားနော် . . ကားနောက်မီးမှာ လူတစ်ယောက် ရှိနေတယ်လို့ ထင်တယ်"

"ကားရပ်ပြီး ရှင်းလိုက်ရင် ကောင်းမယ် ထင်တယ်"

မင်းနောင်က စိုးဝင်းအား ခေါင်းခါပြလိုက်သည်။

"စောပါသေးတယ် ဂိုဒေါင်ကို ရောက်မှ အခြေအနေကို ကြည့်ပြီး လှုပ်ရှားကြမယ်"

မင်းနောင်က ကားကို မြို့လည်လမ်းအတိုင်း မောင်းနေရာမှ လမ်းသွယ်တစ်ခု အတွင်းသို့ ချိုးဝင်ပြီး ဂိုဒေါင်တစ်လုံးရှိသော ခြံဝင်းတစ်ခု အတွင်းသို့ မောင်းဝင်လိုက်သည်။

ခြံဝင်းအတွင်း၌ မှောင်ရိပ်သန်းနေသည်။ မင်းနောင်က ကားကို ဂိုဒေါင်ရှေ့တွင် ဖင်ပေးပြီး ရပ်လိုက်သည်။ ကားရပ်ပြီးသည်နှင့် ကားပေါ်မှ ဆင်းသည်။ ထိုအချိန်မှာပင် ကားနောက်မြီးတွင် ခိုလိုက်လာသော ဘခက်နှင့်နှင်းမောင်တို့ ခုန်ဆင်းလာ

ကြသည်။

"လက်မြှောက်ထားလိုက်ကြစမ်း . . မင်းနောင် လက်မြှောက်ပါ"

ဘခက်က လေသံမာမာနှင့် အမိန့်ပေးသည်။ မင်းနောင်က လက်နက်ချမည်ပြုပြီးမှ ဖျပ်ခနဲ ဒူးထောက်ထိုင်ချပြီး နောက်နားတွင် ကပ်လျက်ရှိနေသော ဘခက်အား တိုက်ခိုက်သည်။ မမျှော်လင့်ဘဲ အတိုက်အခိုက်ခံရသဖြင့် ဘခက် ဘာလုပ်ရမှန်မသိဘဲ ကြောင်သွားသည်။

မင်းနောင်က ဘခက်လက်ထဲမှ သေနတ် လွှတ်ကျအောင် တိုက်ခိုက်ကာ ရှေ့ကိုတိုးသည်။ တဆက်တည်းပင် ဘေးတိုက်ကန်ချက်ဖြင့် ဘခက်အား လှမ်းကန်သည်။ ရုတ်တရက်ကန်လိုက်သော ဘေးတိုက်ကန်ချက်က ဘခက်၏ နံကြားသို့ တန်းဝင်သွားသည်။ ဖြောင်းခနဲ မြည်သံနှင့်အတူ ဘခက်က သူ့နံရိုးပေါ်သို့ လက်အုပ်ကာ ဖင်ထိုင်ကျသွား၏။

ဘခက်နှင့် မင်းနောင်တို့ တိုက်ခိုက်နေသလိုပင်၊ စိုးဝင်းနှင့် နှင်းမောင်တို့ အပြန်အလှန် တိုက်ခိုက်နေကြသည်။

ဘခက် မှောက်ကျအသွားတွင် မင်းနောင်က စိုးဝင်းနှင့်





တိုက်ခိုက်နေသော နှင်းမောင်ကို ဝင်တိုက်သည်။ နှင်းမောင်လက်ထဲမှ သေနတ် လွှတ်ကျသွား၏။ စိုးဝင်းက နှင်းမောင်ထံသို့ တိုးဝင်ပြီး တရကြမ်း တိုက်ခိုက်သည်။ နှင်းမောင်က ခါးကြားမှ ဓားကိုဆွဲထုတ်ပြီး စိုးဝင်းအား ပြန်တိုက်သည်။

စိုးဝင်းက နှင်းမောင်ကို လက်ဝါးစောင်းဖြင့် ခုတ်သည်။ သို့သော် နှင်းမောင်က ရှောင်လိုက်၏။ ရှောင်ရင်း ခြေတစ်ချက်ချော်ပြီး လမ်းပေါ်သို့ မှောက်ကျသည်။

"အား"

သူ့ဓားချက် သူ့ကိုပြန်ထိပြီး နှင်းမောင် ငြိမ်ကျသွားသည်။ သူ့အပေါ် ဘခက်မှာလည်း ထိုင်နေရာမှထရန် ကြိုးစားရင်း လမ်းပေါ်သို့ မှောက်ကျသွားလေသည်။

မင်းနောင်က မှောက်ကျပြီး ငြိမ်သက်သွားသော ဘခက်တို့ကို ဂိုဒေါင်ရှေ့မှဖယ်ပြီး ကားပေါ်တွင် ပါလာသည့် ပစ္စည်းများကို ချပေးသည်။

# အခန်း(၁၁)



အခန်းတံခါး ဝုန်းခနဲ ပွင့်သွားသည်။ မင်းနောင် ရှေ့ မှ ထလိုက်စဉ် ဂင်တိုတို ဗလကောင်းကောင်းနှင့် လူတစ်ယောက် အခန်းထဲသို့ ဝင်လာပြီး တံခါးဘေးတွင် ရပ်လိုက်သည်။

သူနှင့် ရှေ့ဆင့်နောက်ဆင့်ပင် ပိန်ပိန်ပါးပါးနှင့် လူ တစ်ယောက် အခန်းထဲသို့ ဝင်လာပြန်ပြီး တံခါး၏ အခြား တစ်ဖက်တွင် ရပ်လိုက်သည်။ ထိုသူနှစ်ယောက်စလုံး ဂျာကင် အိတ်ထဲ လက်နှိုက်ပြီး မင်းနောင်ကို စူးစိုက်ကြည့်နေကြသည်။

"ခင်ဗျားတို့ . ."

မင်းနောင်က မေးခွန်းထုတ်မည် အပြုတွင် လူနှစ်ယောက် အခန်းထဲသို့ ဝင်လာပြန်ပြီ . . သူတို့ အရင်ရောက်နှင့်နေသူ နှစ်ယောက်ဘေးတွင် ရပ်လိုက်ကြသည်။

မင်းနောင်က လူလေးယောက်ကို အကဲခတ်ကြည့်နေဆဲတွင် အညိုရောင်အနောက်တိုင်း ဝတ်စုံဝတ်ထားသော လူတစ်ယောက် အခန်းထဲသို့ ဝင်လာသည်။

အသားဖြူဖြူ၊ အရပ်မနိမ့်မမြင့်၊ နက်မှောင်သောဆံပင်ကို နောက်လှန်ပြီး ဖီးထားသည်။ မျက်နှာအမူအယာက ပြုံးတော့မလို ချိုသာနေသော်လည်း စူးရှ အရောင်လက်နေသော ထိုသူ့မျက်လုံးများက ရက်စက်ကြမ်းတမ်းမည့်ဟန် ခက်ထန်မာကျောမယ့်ဟန်မျိုး ပေါ်နေသည်။

"ကျွန်တော့်နာမည် သန်းအောင်ဆိုတာ . . ခင်ဗျားသိထားမယ် ထင်ပါတယ်၊ ကျွန်တော့်ကို အစ်ကိုသန်းမောင်က လွှတ်လိုက်လို့ လာခဲ့တာပါ"

"ဩော် . . ဟုတ်ပြီ . . ထိုင်ပါ၊ ကျွန်တော် ဘာလုပ်ပေးရမလဲ . . ကျွန်တော် မေးချင်တာက ကိစ္စအထူးများ ရှိသလား ဆိုတာပါ"





သန်းအောင်က မင်းနောင်နှင့် မျက်နှာချင်းဆိုင် ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။ အေးစက်စူးရှသော သူ့မျက်လုံး အကြည့်က မင်းနောင်ထံမှ မခွာဘဲ စူးစိုက်ကြည့်နေလျက် ရှိ၏။

"ညကကိစ္စကို မေးမလို့ပါ"

"ကျွန်တော် ဖြတ်လုလိုက်တဲ့ ကားက ခင်ဗျားတို့ကား မဟုတ်ဘူး ထင်ပါတယ်"

"မဟုတ်ပါဘူး . . ဒါပေမယ့် . . ခင်ဗျားလက်ချက်မိသွားတဲ့ လူနှစ်ယောက်ထဲက တစ်ယောက်ဟာ ကျွန်တော်တို့လူ၊ ဒါကြောင့် လာမေးတာပါ"

မင်းနောင် အသာအယာ ပြုံးလိုက်သည်။

"ကျွန်တော်တို့ကို ကတုံးပေါ်ထိပ်ကွက်ဖို့ လာတဲ့လူက နှစ်ယောက်ဘဲ၊ သူတို့ထဲက ဘယ်တစ်ယောက်က ခင်ဗျားတို့လူလဲဆိုတာ ကျွန်တော် မသိဘူး၊ ကျွန်တော် သေသေချာချာ စီစဉ်ပြီး လုပ်တဲ့အလုပ်မှာ ဖြတ်ခုတ်ဖို့ ကြိုးစားလို့ ရှင်းလိုက်ရတာ"

"ကျွန်တော်တို့လူဆိုတာ ခင်ဗျား မသိဘူးပေါ့"

မင်းနောင် ခေါင်းခါပြလိုက်သည်။

"မသိပါဘူး . . သိရင်လည်း အခုလို ကြားဝင်နှောက်ယှက်တဲ့အတွက် ကျွန်တော့်အနေနဲ့ ရှင်းရမှာဘဲ၊ ဒါက ကျွန်တော့်အခွင့်အရေးလေ"

သန်းအောင်က အရောင်တစ်လက်လက် ထွက်နေသော မျက်လုံးအစုံဖြင့် မင်းနောင်ကို ကြည့်ရင်း ဟက်ခနဲ ရယ်လိုက်သည်။

"ခင်ဗျား လေသံက ကိုယ့်အလုပ် ကိုယ်လုပ်တာ၊ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူးဆိုတဲ့ပုံ ပေါ်နေတယ်"

"ဟုတ်ပါတယ် . . ကျွန်တော်က ကိုယ့်အလုပ်ကိုယ်လုပ်တာ . . ဝင်ပြီးနှောင့်ယှက်ရင်တော့ အဲဒီအနှောင့်အယှက်ကို ဖယ်ပစ်ရမှာဘဲ၊ ဒါက နည်းလမ်းကျပါတယ်၊ ခင်ဗျားရဲ့လူက ကျွန်တော်တို့အပေါ် ထင်သလို လုပ်တာကို လက်မခံနိုင်ပါဘူး"

သန်းအောင်က မင်းနောင်အား မျက်မှောင်မသိမသာကြုံ့ပြီး ကြည့်သည်။

"ဒီစကားအဓိပ္ပါယ်က ကျွန်တော်တို့ကို ဂရုမစိုက်ဘူးဒိတဲ့ သဘောလား"





မင်းနောင်က အသာအယာပြုံးပြီး ခေါင်းခါပြသည်။

"မဟုတ်ပါဘူး . . ခင်ဗျားတို့က အခြေအနေရှိတဲ့ လူတွေ၊ အသိုင်းအဝိုင်းရှိတဲ့လူတွေ၊ ခင်ဗျားတို့ကို ဂရုမစိုက်ရင် ကျွန်တော့်လောက် မိုက်တဲ့လူ ဘယ်ရှိပါ့မလဲ၊ ကျွန်တော်ပြောချင်တာက ကျွန်တော်တို့လို အခြေအနေ မရှိတဲ့လူတွေအတွက် ရပ်တည်ဖို့ အခွင့်အရေး ရသင့်တယ်ဆိုတာပါ၊ ညက ကျွန်တော်လုပ်တဲ့အလုပ်ဟာ ကျွန်တော်တို့အတွက် တစ်ခါတစ်လေမှရတဲ့ အခွင့်အရေးပါ . . ဒါကို အခြေအနေရှိတဲ့လူတွေက ဝင်စွက်တာ အနိုင်ကျင့်တာမျိုး မလုပ်သင့်ပါဘူး"

သန်းအောင်၏မျက်နှာ တဖြည်းဖြည်း ပြုံးလာသည်။ ပြုံးရင်းမှ သူက ခေါင်းတစ်ဆတ်ဆတ် ညိတ်သည်။

"ဟုတ်ပါတယ် . . ဟုတ်ပါတယ်၊ ခင်ဗျားပြောတာကို ကျွန်တော် လက်ခံပါတယ်၊ အမှန်တော့ ခင်ဗျားရလာတဲ့ ပစ္စည်းတွေ ကျွန်တော့်လူဆီကို ရောက်လာတာပါဘဲ၊ ကျွန်တော် အခုလာတာက အဖြစ်မှန်ကို သိချင်လို့ . . ပြီးတော့ ခင်ဗျားနဲ့ တိုက်ရိုက်ဆက်ဆံချင်လို့ပါ၊ ခင်ဗျား ကျွန်တော်တို့နဲ့ လက်တွဲပါလား၊ ဒါဆိုရင် ခင်ဗျား အခုလို ခိုးဝှက် လုယက်တဲ့ အလုပ်

တွေ့လုပ်ဖို့ မလိုတော့ဘူး၊ ခင်ဗျားအဆင့်က ဒီအဆင့် မဟုတ်ဘူး ဆိုတာ ကျွန်တော် သိပါတယ်''

မင်းနောင်က တည်ငြိမ်သော အမူအရာနှင့် သန်းအောင်အား လှမ်းကြည့်လိုက်သည်။

''လက်တွဲတာက လွယ်ပါတယ်၊ ကျွန်တော် လုပ်ရမယ့် တာဝန်ပိုင်းနဲ့ ရမယ့် အကျိုးအမြတ်ကိုတော့ သိချင်တယ်''

''ဟာ . . သိရမှာပေါ့၊ လောလောဆယ် ကျွန်တော်တို့မှာ လက်ထောက်နှစ်ယောက် ရှိတယ်၊ ခင်ဗျားက ကျွန်တော်တို့နဲ့လက်တွဲဖို့ သဘောတူတယ်ဆိုရင် လက်ထောက်သုံးယောက်ပေါ့ဗျာ၊ အကျိုးအမြတ်ကတော့ လုပ်ငန်းတစ်ခုလုံးရဲ့ ဝင်ငွေအပေါ်မှာ ငါးရာခိုင်နှုန်း ခံစားခွင့်ရမယ်''

''ဟာ . . ကောင်းလိုက်တဲ့ အခွင့်အရေးဗျာ . . ဒီအခွင့်အရေးမျိုးကို လက်မခံချင်တဲ့လူ ဘယ်သူရှိပါ့မလဲ''

''ဒါဆိုရင် ခင်ဗျား ကျွန်တော်တို့နဲ့ လက်တွဲဖက်ပေါ့''

မင်းနောင်က ခေါင်းညိတ်ပြလိုက်သည်။

''ကျွန်တော်တို့နဲ့ လက်တွဲမယ်ဆိုရင်တော့ ခင်ဗျား ဒီကနေ ပြောင်းရမယ်၊ ခင်ဗျားအတွက် နေဖို့နေရာ ကျွန်တော်တို့





စီစဉ်ပေးမယ်''

''ကောင်းတယ်ဗျာ''

''အဓိကကျတဲ့ အကြောင်းအရာ တစ်ခုကိုလည်း ပြောထားချင်တယ်''

''ပြောပါဗျာ . . ပြောပါ''

''အဲဒါကတော့ သစ္စာတရားဘဲ၊ ကျွန်တော်တို့ အဖွဲ့အပေါ် သစ္စာရှိဖို့ လိုတယ်၊ သစ္စာဖောက်ရင်တော့ အထူးပြောနေစရာ မလိုပါဘူး၊ ထုံးစံအတိုင်းပေါ့''

မင်းနောင် ပြုံးလိုက်သည်။

''ဒီအလုပ်မျိုးလုပ်တဲ့ လူအတွက် သစ္စာတရားက အရေးကြီးတယ်ဆိုတာ ကျွန်တော် နားလည်ပါတယ်၊ အခုလက်ရှိ တစ်ယောက်ထည်း ရန်းကန်လှုပ်ရှားနေတဲ့ ဘဝမှာတောင် ဘဝတူတွေအပေါ် သစ္စာစောင့်သိတဲ့လူဆိုတာ ခင်ဗျားတို့ ကြားပြီးသိပြီးသား ဖြစ်မှာပါ၊ အဲဒီအတွက်တော့ စိတ်မပူပါနဲ့ . . ကျွန်တော် ခင်ဗျားတို့နဲ့ လက်တွဲဖို့ ဆုံးဖြတ်ပြီးတဲ့နောက် တစ်သက်လုံး လက်တွဲမဖြုတ်တော့ပါဘူး''

သန်းအောင် အားရပါးရ ပြုံးသည်။

"ကြိုက်တယ်ဗျာ . . ကျွန်တော်က ခင်ဗျားလို လူမျိုးကို လိုက်ရှာနေတယ်၊ အစ်ကိုက ခင်ဗျားနဲ့တွေ့ပြီး ဆွေးနွေးဖို့ ပြောတုန်းက ကျွန်တော် သိပ်မဝင်စားခဲ့ဘူး၊ ဒါပေမယ့် တာဝန်တစ်ခု ဖြစ်နေတော့ ခင်ဗျားအကြောင်းကို စုံစမ်းတယ်၊ အဲဒီလို စုံစမ်းရင်း ခင်ဗျားကို ကျွန်တော်နည်းနည်း သဘောကျလာတယ်၊ အခု ခင်ဗျားနဲ့လာ ဆွေးနွေးတဲ့အခါမှာတော့ ပိုပြီး သဘောကျသွားပြီ၊ ဒီည ကျွန်တော်တို့ မိတ်ဆက်ပွဲလေး လုပ်မယ်၊ လောကသစ်ကို လာခဲ့ဗျာ၊ ညခုနစ်နာရီနော် . . အဲဒီကမှ ခင်ဗျားအတွက် စီစဉ်ပေးတဲ့ အခန်းကို သွားပေါ့"

မင်းနောင်က ခေါင်းညိတ်ပြလိုက်သည်။

"အခု ကျွန်တော်တို့ရဲ့ ဆွေးနွေးပွဲပြီးပြီပေါ့ . . ဟုတ်လား၊ ကျွန်တော် သွားမယ် . . ညကျ အစ်ကိုနဲ့လည်း ခင်ဗျားတွေ့ရမှာပါ"

"ကောင်းပါပြီဗျာ"

သန်းအောင်က တံခါးဘေးတစ်ဖက် တစ်ချက်တွင် ရပ်နေသော သူ့လူများကို လှမ်းကြည့်ပြီး လက်ဟန်ပြလိုက်သည်။ ထိုသူလေးယောက် အခန်းထဲမှ ထွက်သွားကြ၏။ သန်းအောင်





က မင်းနောင်အား ပြုံးလျက်ကြည့်ရင်း ထိုင်နေရာမှ ထသည်။

"ခင်ဗျား ကျွန်တော်တို့နဲ့ လက်တွဲဖို့ ကိစ္စကို လျှို့ဝှက်ထားဖို့တော့ လိုမယ်နော်၊ အစ်ကိုက သူစိတ်ကူးထားတဲ့ ကိစ္စတစ်ခုအတွက် ခင်ဗျားကို သုံးချင်သုံးလိမ့်မယ်"

"ဘာကိစ္စများလဲ ကျွန်တော်ကြိုပြီး မသိရဘူးလား"

"ကျွန်တော်တို့ရဲ့ ပြိုင်ဘက်တွေကို ပူးသတ်ရမယ့် ကိစ္စပါ၊ ဒီအကြောင်း အစ်ကိုက ခင်ဗျားနဲ့ ဆွေးနွေးပါလိမ့်မယ်"

"အဲဒီကိစ္စဟာ ကောင်းမြတ်တို့နဲ့ သွားပတ်သက်နေမယ်"

သန်းအောင် ဆတ်ခနဲ ဖြစ်သွားသည်။ မင်းနောင်အား ရှုးရှုးစမ်းစမ်းနိုင်သော အကြည့်ဖြင့် ကြည့်သည်။

"ကောင်းမြတ်ကို ခင်ဗျား သိတယ်ပေါ့"

"သူတို့က ရေနံ့သာမှာတုန်းက ကျွန်တော့်ကို သူတို့နဲ့ လက်တွဲဖို့ ကမ်းလှမ်းဖူးတယ်၊ ကောင်းမြတ်ကိုယ်တိုင်က ကမ်းလှမ်းတာ မဟုတ်ပါဘူး၊ သူ့တပည့်တစ်ယောက်က ကမ်းလှမ်းတာပါ"

မင်းနောင်၏ စကားကို အကြားတွင် သန်းအောင်က

ဝမ်းသာအားရ ဖြစ်သွားဟန်နှင့် လက်ဖျောက်တစ်ချက် တီးလိုက်သည်။

"ဟာ . . အဲဒါ အကွက်ဘဲ"

"ဗျာ . . ဘာအကွက်လဲ"

"ခင်ဗျားကို သူတို့က ကမ်းလှမ်းဖူးတယ်ဆိုတော့ ခင်ဗျား သူတို့ဆီကို ဝင်ရတာ လွယ်သွားပြီပေါ့၊ ဒီအကြောင်းအရာဟာ ခင်ဗျားနဲ့ပတ်သက်ပြီး ကျွန်တော်တို့ မသိသေးတဲ့ အကြောင်းအရာဘဲ လျှို့ဝှက်ချက်ကို အခုလိုဖွင့်ပြောတဲ့အတွက် ကျေးဇူးတင်တယ်ဗျာ"

"ကျွန်တော်တို့က လက်တွဲဖို့ ဆုံးဖြတ်ပြီကြပြီတဲ့၊ ကျွန်တော်တို့ အချင်းချင်းကြားမှာ လျှို့ဝှက်ချက်ဆိုတာ မရှိသင့်တော့ဘူးလေ"

"ဟုတ်ပါတယ်လေ . . ဟုတ်ပါတယ်၊ ဒီအတိုင်းဆိုရင် ခင်ဗျားကောင်းမြတ်တို့နဲ့ ဆက်ဆံရဖို့ သေချာသွားပြီ၊ သူတို့က နယ်ပယ်ချဲ့ထွင်ဖို့အတွက် ဒီကိုရောက်နေကြပြီဗျ"

"ဟင် . . ဟုတ်လား"

"အစ်ကိုကို ခင်ဗျားနဲ့ပတ်သက်ပြီး သူမသိသေးတာ





တွေ့ ကျွန်တော် ပြောပြလိုက်ပါ့မယ်၊ ကဲ . . ကျွန်တော် သွားမယ်၊ ညကျမှ ဆုံမယ်"

"ကောင်းပါပြီဗျာ"

သန်းအောင် အခန်းထဲမှ ထွက်သွားသည်။ တံခါးကို အပြင်ဘက်မှနေ၍ တွန်းပိတ်သွား၏။ မင်းနောင်က လက်ကိုင်ဖုန်းကို ထုတ်ပြီး ကောင်းမြတ်အား ဆက်သွယ်မည် ပြုသည်။ သို့သော် သူက စိတ်ပြောင်းသွားဟန်ဖြင့် ဖုန်းကို ပြန်သိမ်းသည်။ အခန်းထဲမှထွက်ပြီး အောက်ထပ်သို့ ဆင်းခဲ့သည်။

အောက်ထပ်သို့ အရောက်တွင် ဟော်တယ်ရှေ့မှ ထွက်သွားသော သန်းအောင့်တို့လူစု၏ ကားကို တွေ့ရသည်။ မင်းနောင်က ဟော်တယ်ဘေးပေါက်မှနေ၍ ရေကူးကန်ဘက်သို့ ထွက်ခဲ့သည်။

ရေကူးကန်တွင် ရေကူးနေသော မိန်းကလေးငါးယောက်နှင့် စုံတွဲနှစ်တွဲ ရှိသည်။ မင်းနောင်က ရေကူးကန် ညာဘက်ရှိ မလေးရှားပိတောက်ပင်ရိပ် ထိုင်ခုံတွင် ဝင်ထိုင်သည်။ ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်ပြီးနောက် လက်ကိုင်ဖုန်းကို ထုတ်ကိုင်ကာ ကောင်းမြတ်ထံ ဆက်လိုက်၏။

"အရည်အချင်းစစ်ပွဲ အောင်ပြီ ကိုကောင်းမြတ်"

"ဟုတ်လား . . ဝမ်းသာတယ်၊ မင်းအခုဖုန်းဆက်တာ လုံခြုံမှု ရှိရဲ့လား"

"ရှိပါတယ် အခန်းထဲက ဆက်ရင် နီးနားထောင်တာတို့ ဘာတို့ ရှိနိုင်လို့ အခုအပြင်ထွက်ပြီး ဆက်တာ၊ စောစောကဘဲ သန်းအောင် ကျွန်တော်နဲ့ လာတွေ့တယ်၊ နေဖို့အခန်းစီစဉ်ပေးမယ်၊ သူတို့ရဲ့လက်ထောက်အဖြစ် တာဝန်ပေးမယ်လို့ ပြောသွားတယ်"

"ကောင်းလိုက်တာ . . မျှော်လင့်ထားတာထက် ပိုပြီး အဆင်ပြေနေတာပေါ့"

"ဟုတ်တယ် . . ကိုကောင်းမြတ်၊ နောက်ထပ် သူတို့ တာဝန်ပေးချင်တဲ့ အကြောင်းကို ခင်ဗျားကြားရင် ပိုတောင် သဘောကျဦးမယ်"

"ဟုတ်ကဲ့ . . ဘာအကြောင်းများလဲ"

"ကျွန်တော်က ရေဇလာမှာတုန်းက ခင်ဗျားတို့ ကျွန်တော်ကို လက်တွဲဖို့ ကမ်းလှမ်းဖူးတဲ့အကြောင်း ပြောလိုက်တယ်၊ အဲဒီတော့ သူတို့က ကျွန်တော့်ကို ခင်ဗျားတို့ဆီဝင်ပြီး ပူးသတ်တဲ့





တာဝန်ပေးချင်ကြောင်း ပြောတယ်"

"ဟား . . ဟား . . ဟုတ်လှချည်လား၊ မင်းအတွက် တစ်ကယ့်အခွင့်ကောင်းပေါ့"

"ကျွန်တော့်အတွက် လုံခြုံမှုပိုပြီး ရှိသွားတာပေါ့၊ ရတဲ့ အခွင့်အရေးကို ကျွန်တော် အကောင်းဆုံးဖြစ်အောင် သုံးပါ့မယ်"

"ဟုတ်ပြီ . . တစ်ခုခုအကြောင်းထူးရင် ချက်ချင်း ဆက်သွယ်နော် . . သူတို့က သတ်ခိုင်းပြီဆိုတော့ ဆင်ပေါက်တို့နဲ့ တွေ့လို့ကလည်း ဘာပြဿနာမှ မရှိနိုင်တော့ဘူး၊ တစ်ခုတော့ ရှိတယ်"

"ဘာများလဲ ကိုကောင်းမြတ်"

"မင်းအနေနဲ့ သစ္စာရှိဖို့ပါ"

"ကျွန်တော့်ကို မယုံဘူးပေါ့၊ အခုလို ပြောနေတာဟာ ကျွန်တော့်ကို စော်ကားနေတာနဲ့ အတူတူပါဘဲ"

ကောင်းမြတ်၏ သက်ပြင်းချသံကို ဖုန်းထဲမှတစ်ဆင့် ကြားရသည်။

"မယုံတာ မဟုတ်ပါဘူး၊ မင်းကို သတိပေးချင်နေတာပါ"

"သတိပေးဖို့ မလိုပါဘူး၊ သစ္စာတရားဆိုတာ ကျွန်တော့် ဘဝပါ၊ ကျွန်တော့်ကို စိတ်မချရင် သဘောတူညီထားတာတွေ အားလုံးဖျက်သိမ်းလို့ ရပါတယ်"

တမင်သက်သက် ပြတ်သားသော စကားလုံးများကို သုံးပြီး ပြောလိုက်သည်။ ကောင်းမြတ်ထံမှ သက်ပြင်းချသံကို ကြားရပြန်၏။

"ငါတို့က မင်းကို ယုံကြည်လို့ စိတ်ချလို့ ပစ္စည်းတွေ အဆုံးရှုံးခံပြီး မင်းအတွက် လမ်းဖွင့်ပေးခဲ့တာလေ၊ မယုံမရှိပါဘူး၊ စကားဆိုတာကတော့ ဒီလိုဘဲ အကြောင်းတိုက်ဆိုင်ရင် ပြေကြတာဘဲ၊ စကားလုံးလေး တိမ်းစောင်းတာလောက်တော့ လက်ခံပေါ့ကွာ"

"ရပါတယ် . . ကျွန်တော့်သဘောထားကို ခင်ဗျား မသိလို့ ပြောတာကို မေ့ပစ်လိုက်ပါ့မယ်"

"အေးကွာ . . အခုလို နားလည်ခွင့်လွှတ်တဲ့အတွက် မင်းကို ကျေးဇူးတင်ပါတယ်"

"ကျွန်တော် ပြောစရာ ကုန်ပြီ အကြောင်းထူး ရှိတော့မှဘဲ ခင်ဗျားနဲ့ ဆက်သွယ်မယ်နော်"





"အိုကေ"

ဖုန်းအဆက်အသွယ် ဖြတ်လိုက်သည်။ လက်ကိုင်ဖုန်းကို သိမ်းပြီး ရေကူးကန်ဘက်သို့ လှမ်းကြည့်သည်။ သူ့အဖွေးများက နီနီထံသို့ ရောက်သွားလေ၏။

ထိုအချိန်မှာပင် လက်ကိုင်ဖုန်း အသံမြည်လာသည်။ မင်းနောင်က ဖုန်းကို ထုတ်ကိုင်သည်။ နီနီက ဖုန်းဆက်ခြင်းဖြစ်ကြောင်း သူသိလိုက်ရလေ၏။

# အခန်း(၁၂)



စခန်းသာ ရေတံခွန်၏ ရေကျသံကို မပြတ်ကြားနေရသည်။ ရေမှုန်လေးများက ရေတံခွန်ဘေး တောင်စောင်းတွင် ရပ်နေသော မင်းနောင်တို့ထံ ပျံ့လွင့်လာသည်။ မင်းနောင်က ရေတံခွန်ဘက်သို့ ငေးနေရာမှ အနားတွင် လာရပ်သော နီနီဘက်သို့ လှည့်လိုက်လေသည်။

"နီနီ ဘာဖြစ်လို့ ဒီကိုလာရတာလဲ၊ မင်းအခုလို အန္တရာယ်ကြားထဲ တိုးဝင်လာတာကို အစ်ကိုနည်းနည်းမှ သဘောမကျဘူး"

မိုးဆမ်းပန်းစာပေ

"နီနီက အခြေအနေကို အနီးကပ် တွေ့ထိချင်လို့ပါ၊ နီနီအတွက် အစ်ကို စိတ်မပူပါနဲ့ . . "

"စိတ်မပူပါနဲ့ဆိုလို့ မရဘူးလေ ... မင်းဒီကို ရောက်နေတဲ့အတွက် အစ်ကို စိတ်မပူလို့ကို မဖြစ်တော့ဘူး၊ ဖြူဖြူ တွေ့ကြုံခဲ့တာမျိုးနဲ့ မင်းကို မတွေ့ကြုံစေချင်ဘူး"

"နီနီနဲ့သူတို့က အဝေးကြီးပါ အစ်ကို၊ ဒါလောက်လည်း စိတ်မပူပါနဲ့၊ အမှန်အတိုင်း ပြောရရင် နီနီက အခုကိစ္စမှာ အစ်ကိုနဲ့လက်တွဲပြီး ပါဝင်ချင်တာ"

"ဟာ . . မဟုတ်တာ၊ အဲသလိုလုပ်လို့ ဘယ်ဖြစ်မလဲ"

မင်းနောင်၏ ခါးခါးသီးသီး ဖြစ်သွားဟန်ကြောင့် နီနီ ရယ်လိုက်သည်။ မင်းနောင်က ရယ်လိုက်စဉ် ချစ်စဖွယ်လှပသော နီနီမျက်နှာလေးကို ငေးကြည့်မိသွားသည်။ နုမျစ်သန့်စင်သော မျက်နှာလေးမှာ အပြစ်ဟူ၍ မြူမှုန်မျှပင် မရှိ။

နီနီကိုကြည့်ရင်း တစ်ခါက မြတ်မြတ်နိုးနိုး ကြည့်ခဲ့ဖူးသော မျက်နှာလေးကို အတွေးမှာ ဖျပ်ခနဲ မြင်သည်။ ရင်လျှင်ကြောင့် နှလုံးသားမှာ ဆတ်ဆတ်ခါ သွားရလေ၏။

"နီနီက စကားအဖြစ် ပြောတာပါ အစ်ကိုရဲ့၊ တစ်ကယ်





ဝင်မပါပါဘူး၊ နီနီကြောင့် အစ်ကို နောက်ဆံတင်းနေရင် လုပ်ရရှိတာတွေ ဘယ်လုပ်လို့ရမှာလဲ နီနီ နားလည်ပါတယ်နော်"

မျက်စောင်းလှဲ့လေးနှင့် ပြောလိုက်ဟန်က နှလုံးသားထဲသို့ နက်ရှိုင်းစွာ ထိုးဖောက် ဝင်ရောက်သွားသည်။ ကာလကြာမြင့်စွာ မေ့လျော့နေခဲ့သော ကြည်နူးခြင်းကို ပြန်လည်ခံစားရမိလာသည်။

"အစ်ကိုက နီနီကို အန္တရာယ်ကင်းတဲ့ နေရာမှာဘဲ နေစေချင်တယ်"

"နီနီအတွက် စိတ်မပူပါနဲ့ . . နီနီဘေးကင်းအောင် နေတတ်ပါတယ်၊ အခု အစ်ကို့ကို ဆက်သွယ်တာက အခြေအနေ ဘယ်လိုလည်းဆိုတာ သိချင်လို့၊ ပြီးတော့ လူတစ်ယောက်နဲ့ ဆက်သွယ်ပေးချင်လို့ . . အဲဒီလူက အစ်ကို့ကို အများကြီး အထောက်အကူ ပြုလိမ့်မယ်"

"ဟုတ်လား . . သူက ဘယ်သူလဲ"

"သူ့အကြောင်း နောက်တော့ ပြောပြပါ့မယ်၊ သူ ဒီနေရာကို မကြာခင် ရောက်လာမှာပါ၊ လောလောဆယ် အစ်ကို့အခြေအနေကို ပြောပြပါဦး"

မင်းနောင်က တောင်ခုလတ်ရှိ ခုံတန်းလေးဆီသို့ နီနီအား ဆွဲခေါ်သည်။ ခုံတန်းပြာလေးတွင် ထိုင်ပြီး တရိုန်ထိုး ဆင်းနေသည့် ရေတံခွန်ဆီသို့ လှမ်းမျှော်ကြည့်သည်။

"အစ်ကို . . ကောင်းမြတ်ဆိုတဲ့လူနဲ့ အဆက်အသွယ် ရတယ်၊ သူက သူ့လူအဖြစ် အစ်ကို့ကို လက်ခံလိုက်တယ်၊ ပြီး တော့ တာဝန်တစ်ခု ပေးတယ်၊ အဲဒီတာဝန်က သူတို့နဲ့ပြိုင် ဘက်ကို ပူးသတ်ဖို့ဘဲ၊ ကောင်းမြတ်တို့ရဲ့ ပြိုင်ဘက်ညီအစ်ကို က သန်းမောင်နဲ့ သန်းအောင်လို့ ခေါ်တယ်"

"အစ်ကိုက နှစ်ဖက်စလုံးနဲ့ ဆက်သွယ်မိနေပြီပေါ့"

"ဟုတ်တယ် နီနီ၊ ကောင်းမြတ်တို့က သူတို့အတွက် သန်းမောင်တို့ကို ပူးသတ်ခိုင်းတယ်၊ သန်းမောင်တို့က ကောင်း မြတ်တို့ကို ပူးသတ်ခိုင်းတယ်"

"ဟယ်"

"အစ်ကို့အနေနဲ့ သူတို့နှစ်ဘက်စလုံးက လူတွေ ထိတွေ့ဆက်ဆံဖို့ ရတယ်၊ ဘာပြဿနာမှ မရှိဘူး"

"နေဦး . . အစ်ကိုလုပ်မယ့် အစီအစဉ်ကို နီနီ သိပြ အစ်ကိုက နှစ်ဖက်စလုံးနဲ့ ဆက်သွယ်ပြီး သူတို့တစ်ဖက်နဲ့ တစ်





က် ပြဿနာဖြစ်အောင် လုပ်မယ်၊ ပြီးတော့ သူတို့ရဲ့ လျှို့ဝှက် ျင်ကို ဖော်ထုတ်မယ် ဟုတ်တယ် မဟုတ်လား"

ထက်ထက်မြက်မြက် တွေးတတ်မြင်တတ်သော နီနီကို တ်ထဲမှ ချီးကျူးမိသည်။ နုမျစ်သန့်စင်စွာလှနေသော နီနီ ျက်နှာလေးကို စူးစိုက်ကြည့်ရင်းမှ မင်းနောင် ပြုံးလိုက်၏။

"ညီမလေးက သိပ်ပါးနပ်ပါလား"

"အစ်ကို့ညီမဘဲလေ . . ပါးနပ်ရမှာပေါ့၊ ဒါထက် စ်ကို ဟိုလူနဲ့ပတ်သက်လို့ ဘာမှမသိရသေးဘူးလား"

မင်းနောင်၏ မျက်နှာပေါ် အရိပ်တစ်ရိပ် ဖြတ်ပြေး ွားသည်။ သူက ပင့်သက်တစ်ချက် ရှိုက်ရင်း ခေါင်းခါလိုက် ၏။

"အခုထိတော့ သူ့နာမည်ကိုတောင် ပြောတာ မကြားရ သေးဘူး၊ အစ်ကို သူနဲ့ပတ်သက်ပြီး ထုတ်ဖော် းလို့ မဖြစ်ဘူး လေ၊ အခြေအနေကို ကြည့်ရဦးမှာ၊ တစ်ခုခု ကြားရင်တော့ စ်စုကြည့်ရမှာပေါ့"

"အန္တရာယ်ထဲတော့ အတင်းမတိုးဝင်နဲ့နော် အစ်ကိုက မဖြူအတွက် ခံပြင်းစိတ် နာကျင်စိတ်နဲ့ ဖြစ်ချင်ရာဖြစ်ဆိုပြီး

လျှောက်လုပ်နေမှာကိုလည်း နီနီ စိုးရိမ်တယ်"

နီနီ သူ့ကို လာတွေ့ခြင်းသည် ထိုအကြောင်းကြောင့်ဟု မင်းနောင် သိလိုက်သည်။ အပြုံးနုနုဖြင့် ပြုံးနေသည့် မျက်နှာလှလှလေးကို ကြည့်ရင်း သံယောဇဉ်ကြိုးတစ်မျှင် ရင်မှာတင်းသွားသည်ကို ခံစားသိရှိလိုက်ရ၏။

"အစ်ကို သတိရှိပါတယ် ညီမလေး၊ လက်စားချေချင်စိတ်နဲ့ စွတ်လုပ်ရင် အစ်ကို့မှာ အန္တရာယ် ပတ်လည်ဝိုင်းပြီး ဘာမှမလုပ်နိုင်တော့မှာကို တွေးမိပါတယ်"

"ဟုတ်တယ် အစ်ကို၊ တရားခံကို ရှာနိုင်ဖို့အတွက် အန္တရာယ်ကင်းကင်းနဲ့နေမှ ဖြစ်မှာ"

"စိတ်မပူပါနဲ့ နီနီ၊ မကြာခင်မှာ လူကြီးလူကောင်းဟန်ဆောင်ထားတဲ့ ဒီဒုစရိုက်သမားတွေ သူတို့စာရင်း သူတို့ရှင်းတာမျိုး ဖြစ်ကုန်မှာပါ။ ပုန်းနေတဲ့ သူတို့ခေါင်းဆောင်လည်း ပုန်းကွယ်ရာကနေ ထွက်လာမှာပါ"

"အဲဒီသာမြင့်ဆိုတဲ့ လူဟာ ကောင်းမြတ်နဲ့ ပတ်သက်တာ သေချာပါတယ်နော်"

"ခုထိအောင်တော့ သေချာပေါက်ပြောလို့ မရသေး





ဘူး၊ သူက အစပျောက်နေတယ်လေ၊ အခုကို အခုလုပ်နေတာ ဒီပျောက်နေတဲ့လူကို ရှာဖို့ဆိုတော့ စိတ်ရှည်ရှည်ထားရမှာပေါ့"

"ဟုတ်ကဲ့ပါ . . နီနီကလည်း မလောပါဘူး၊ အစ်ကို လောမှာကိုတောင် ကြောက်နေတာ"

စိုးရိမ်ရိပ်ထင်နေသော မျက်နှာလေးကို ကြည့်ရင်း မင်းနောင်၏ရင်မှာ လှပ်ခနဲ ခံစားလိုက်ရသည်။ မတင်းလာပါနဲ့ သံယောဇဉ်ရယ်ဟု စိတ်ထဲမှ ကြေကွဲစွာ ဆိုမိ၏။

"အစ်ကို"

"အင် . . ဟင် . . ဘာလဲ ညီမ"

"အစ်ကို ငိုင်သွားလို့ . . ဘာဖြစ်တာလဲ"

"ဩော် . . မဖြစ်ပါဘူး၊ ရှေ့ကြောင်းနောက်ကြောင်းတွေ စဉ်းစားမိလို့ပါ၊ ညီမကို အစ်ကို တစ်ခုပြောမယ်၊ ညီမဒီမှာ ကြာကြာမနေပါနဲ့၊ ရေဇလာကို ပြန်ပါ"

"စိတ်မပူပါနဲ့ အစ်ကို၊ ညီမအတွက် လုံခြုံမှုကို တာဝန်ယူမယ့်လူ ရှိပါတယ်၊ အခု အစ်ကိုနဲ့တွေ့ပေးမယ့်လူဟာ ညီမကို စောင့်ရှောက်တဲ့လူတွေထဲက တစ်ယောက်ဘဲ"

နီနီစကားကိုကြားမှ စောစောပိုင်းက ပြောခဲ့သည့် အကြောင်းအရာကို ပြန်သတိရသည်။ နီနီတွေ့ပေးမည့်လူ အကြောင်းကို သိချင်လာမိသည်။

"အဲဒီလူက . ."

"ဟိုမှာ လာနေပါပြီ အစ်ကို"

မင်းနောင်က နီနီ ညွှန်ပြရာသို့ လှမ်းကြည့်လိုက်သည်။ တောင်ကုန်းပေါ်သို့ တက်လာနေသော လူတစ်ယောက်ကို တွေ့လိုက်ရ၏။

အနားကျယ် ဦးထုပ်ဆောင်းထားသဖြင့် ထိုသူ့မျက်နှာကို မမြင်ရသော်လည်း ထိုသူ၏ ကိုယ်နေဟန်ထားနှင့် လှုပ်ရှားပုံတို့ကို ကြည့်ရင်း ရင်းရင်းနီးနီး တွေ့ဖူးမြင်ဖူးသည်ဟု ထင်မိသည်။

မင်းနောင်တို့ရှိရာ ခုံတန်းလေးဆီသို့ လျှောက်လာနေသူမှာ ကြံ့ခိုင်တောင့်တင်းသော ကိုယ်နေဟန်ထား ရှိသည်။ အပြာရောင် ဂျင်းဘောင်းဘီ တီရှပ်အဖြူနှင့် ဖီးလ်ဂျက်ကင်တို့ကို တွဲဖက်ဝတ်ဆင်ပြီး အနားကျယ် ဦးထုပ်ဆောင်းထားသဖြင့် ခတ်ကြမ်းကြမ်း လှုပ်ရှားတတ်သည့်ပုံဟန်မျိုး ပေါ်နေသည်။





"ဟေ့ . . ဘာဖြစ်လို့ ဒါလောက် ကြည့်နေတာလဲ၊ လူတစ်ယောက်ကို တစ်ခါတွေ့ဖူးရင် မှတ်မိတယ်ဆို၊ ငါတို့က အကြာကြီး တွဲခဲ့ဖူးပါတယ်ကွ"

အနားကျယ် ဦးထုပ်ရှင်က အနားသို့ မရောင်ခင် အသံကျယ်ကျယ်ဖြင့် ပြောလိုက်သည်။ ထိုသူ့အသံကို ကြားသည်နှင့် မင်းနောင်၏ကိုယ် ဆတ်ခနဲ ဖြစ်သွား၏။

"စိုင်း . . စိုင်းနွတ် . . မင်း စိုင်းနွတ် မဟုတ်လား"

"ဟား . . ဟား . . ဟုတ်ပါတယ်ကွာ၊ မင်းက ရုပ်မမြင်ရပေမယ့်လဲ အသံကြားတာနဲ့ မှတ်မိတယ်ဆိုတော့ ခုထိအောင် ထက်မြက်နေတုန်းဘဲဆိုတာ သိသာပါတယ်"

မင်းနောင် နေရာမှ ဖျပ်ခနဲ ထလိုက်သည်။ စိုင်းနွတ်က သူ့ခေါင်းပေါ်မှ အနားကျယ် ဦးထုပ်ကို နောက်သို့လှန်ပြီး ချွတ်လိုက်၏။ မေးဖျားမှ သိုင်းကြိုးကြောင့် ဦးထုပ်မှာ ပခုံးထက်တွင် တင်နေ၏။

"ဟေ့ကောင် . . မင်းနောင်၊ မင်းမသေသေးဘူးနော်"

"ဟား . . ဟား . . ငါမသေဘူး ရေကူးတတ်တယ်ကွ"

မင်းနောင်နှင့်စိုင်းနွတ်တို့ တစ်ယောက်လက်ကို တစ်

ယောက် အားရပါးရ ဆုပ်ကိုင်လိုက်ကြသည်။ နီနီက မင်းနောင်တို့နှစ်ယောက်ကို မျက်လုံးလေး အဝိုင်းသားနှင့် ကြည့်နေ၏။

"နေပါဦး . . မင်းက နီနီနဲ့ဘယ်လိုသိပြီး ဒီကိုဘယ်လို ရောက်လာတာလဲ"

"သာမြင့်ကျော်စ်ကို ငါကိုင်ရတယ်လေ၊ သူ့နောက်လိုက်ရင်း ပတ်သက်ရာ ပတ်သက်ကြောင်းနဲ့ ဆက်နွယ်ပြီး ဦးနန်းဝေဆီ ရောက်တယ်၊ အဲဒီကနေ နီနီနဲ့သိတယ်၊ နီနီက သမုန္ဒယ်ရဲ့ တပည့်လေကွာ"

"ဩော် . . စစ်ရန်နိုင်ရဲ့ မဟောသီ သမုန္ဒယ်က နီနီ ဆရာမကိုး . ."

"ဟုတ်တယ်"

"ဒီလိုအဆက်အစပ် ရှိနေတယ်ဆိုတော့လည်း ငါတို့ပြန်တွေ့ကြတာ မဆန်းဘူး ပြောရမှာပေါ့"

"ဒီကိစ္စထဲမှာ မင်းပါလာတော့ နည်းနည်းဆန်းနေတယ် မင်းနောင်"

"ဘာဖြစ်လို့လဲကွ"

"မင်းက ဘယ်သူနဲ့မှ အဆက်အသွယ် မလုပ်ဘဲ မင်း





ကိုယ်မင်း ဇာတ်မြှုပ်နေလိုက်တာ မဟုတ်လား"

"အေး . . ဟုတ်ပါတယ်၊ ငါက ဇာတ်မြှုပ်နေတာပါဘဲ၊ ဒါပေမယ့် နီနီက ငါ့ကိုတွေ့အောင်ရှာပြီး ငါအထင်လွဲခဲ့တဲ့ အဖြစ်တွေကို ရှင်းပြခဲ့တယ်၊ အဖြစ်အပျက်တွေကို ပြောပြခဲ့တယ်၊ ဒီတော့ ဖြူဖြူအတွက် ငါလှုပ်ရှားရတာပေါ့"

"အေးပါကွ . . ဒါတွေ ငါသိပြီးပါပြီ၊ မင်းကို တမင် စနေတာပါ၊ ကဲ . . မင်းရဲ့အခြေအနေ ဘယ်လိုလဲဆိုတာ ပြောပါအုံး"

မင်းနောင်က ခေါင်းညိတ်ပြသည်။ ပြီး သူတွေ့ကြုံခဲ့ရသည်များ သူအကွက်ဆင် လှုပ်ရှားခဲ့သည်များကို စိုင်းနွတ်အား ပြန်ပြောပြသည်။ စိုင်းနွတ်က မင်းနောင် ပြောသမျှကို ခေါင်းတညိတ်ညိတ်နှင့် နားထောင်သည်။ မင်းနောင်၏ စကားအဆုံးတွင် သူက ဟက်ခနဲ ရယ်လိုက်၏။

"မင်းက ဘာမှမပြောင်းလဲဘူးနော်၊ လုပ်ပြီဟေ့ဆိုရင် မိုက်မိုက်ကန်းကန်း လုပ်တတ်တုန်းဘဲနော်"

"မဖြစ်မနေ လုပ်တတ်တဲ့ စိတ်ပေါ့လေ၊ ပြီးတော့ အခုကိစ္စက ဖြူဖြူနဲ့ ပတ်သက်နေတာဆိုတော့ . ."

"အေးပါ . . ငါသိပါပြီ . . သိပါပြီ"

စိုင်းနွံတ်က မင်းနောင်၏ ပခုံးကို ဖျစ်ညှစ်ဆုပ်ကိုင်သည်။ မင်းနောင်က စိုင်းနွံတ်အား ကြည့်ရင်း အသာအယာ ပြုံး၏။

ဘေးမှနေ၍ မင်းနောင်နှင့် စိုင်းနွံတ်တို့အား ကြည့်နေသော နီနီမှာ သိချင်စိတ်ကို တားမရနိုင် ဖြစ်လာသည်။ ထို့ကြောင့် မင်းနောင် တစ်ချက်ဟန့်လိုက်ပြီး . .

"နေပါအုံး . . နီနီ တစ်ခုမေးပါရစေ၊ အစ်ကိုတို့ တစ်ယောက်နဲ့တစ်ယောက် ဘယ်တုန်းကတည်းက သိနေခင်နေကြတာလဲ"

မင်းနောင်နှင့် စိုင်းနွံတ်တို့ တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်လိုက်ကြသည်။

"သိပ်မကြာသေးပါဘူး . . နပ်ချေးတွဲလောင်း ဘဝကပါ၊ မင်းနောင်နဲ့အစ်ကိုနဲ့က တစ်ရွာထဲသားတွေ အိမ်နီးချင်းတွေလေ၊ လွန်ခဲ့တဲ့ နှစ်တွေကလည်း နှစ်ယောက်အတူတူ တာဝန်ထမ်းဆောင်ခဲ့ဖူးသေးတယ်၊ အစ်ကိုက သူ့အကူအညီကို ယူခဲ့ရတာပါ"





"ဪ . . အစ်ကိုတို့က ငယ်သူငယ်ချင်းတွေကိုး"

"ဟုတ်တယ် . . ညီမလေး၊ .အစ်ကို ရွာသာယာမှာ ဓာတ်မြှုပ်ပြီးနေမှ အဆက်အသွယ် ပြတ်သွားကြတာ၊ အခုကိစ္စထဲမှာ စိုင်းနွံတ်တို့ ပါလာပြီဆိုတော့ ဒီကိစ္စ ထူးခြားမှာ သေချာတယ်၊ ကဲ . . စိုင်းနွံတ် ငါ့ဘက်က ပြောစရာရှိတာ ပြောပြီးပြီ၊ မင်းဘက်က ပြောစရာရှိတာ ပြောဦး"

စိုင်းနွံတ် ခေါင်းညိတ်လိုက်သည်။ သူ့ဘက်မှ အခြေအနေကို ပြောပြသည်။ ဆက်ပြီး လုပ်ဆောင်ရမည်တို့ကို မင်းနောင်နှင့်တိုင်ပင်သည်။

နီနီမှာ အပြင်းအထန် ဆွေးနွေးငြင်းခုန်နေသော ငယ်သူငယ်ချင်း နှစ်ယောက်ကို ငေးကြည့်နေ၏။ သည်နှစ်ယောက် ပေါင်းပြီး လှုပ်ရှားလျှင် မမဖြူအတွက် လက်စားချေနိုင်လိမ့်မည်ဟု မျှော်လင့်စိတ်နှင့် သူမ အားတက်လာမိလေသည်။

# အခန်း(၁၃)



"နယ်စပ်ဒေသ တိုးတက်ဖွံ့ဖြိုးရေး တရားဥပဒေ စိုးမိုးပြီး ငြိမ်းချမ်း-ာယာရေးအတွက် အစွမ်းကုန်ဆောင်ရွက်နေချိန်မှာ ကောင်းမြတ်တို့လို သန်းအောင်တို့ ညီအစ်ကိုလို လူကြီးလူကောင်း အရေခြုံတွေဟာ ဆူးညှောင့်ခလုတ် ကန်သင်းတွေဘဲ"

"ဒီကောင်တွေ မကြာခင် ပြိုကွဲသွားမှာပါ၊ လုံခြုံရေး အစီအစဉ်တွေ တင်းကျပ်လာပြီဆိုတာနဲ့ သူတို့ ပြေးပေါက်ရှာကြတော့မှာဘဲ၊ ဒါက ဗေဒင်မေးဖို့ မလိုအောင် သေချာတဲ့ ကိစ္စ ပါ"

မင်းနောင်၏ စကားကို နားထောင်ရင်းမှ စိုင်းနွတ်က ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"မင်း ဒါကို သိထားပြီးပြီဆိုတော့ သူတို့ရဲ့ လှုပ်ရှားမှုကို မျက်ခြည်မပြတ် အကဲခတ်ပေတော့၊ မနေ့ကအထိ သူတို့မှာ ဘာအစီအစဉ်မှာ ရှိဦးမှာ မဟုတ်ဘူးလို့ ငါပြောခဲ့တယ်၊ ဒါပေမယ့် ဒီနေ့မှာတော့ သူတို့တတွေ ခေါင်းချင်းရိုက်ကုန်မှာ သေချာတယ်၊ ဒုစရိုက်သမားတွေ အသက်ရှူမှားစေမယ့် လုံခြုံရေးအစီအစဉ်အသစ်တွေ စီစဉ်လုပ်ကိုင်နေပြီ မဟုတ်လား"

"သူတို့တတွေ အတွင်းပိုင်းကနေ ဒီဘက်ကို ရွှေ့လာကြတာ၊ သန်းအောင်တို့အဖေ ဦးအေးချို့က စခန်းသာကို အရင်ရောက်တယ်၊ ဒီမှာ မသမာမှုတွေနဲ့ ရောပြွန်းနေတဲ့ စီးပွားရေးလုပ်ငန်းကို လုပ်တယ်၊ အခုကောင်းမြတ်တို့အုပ်စု ရောက်လာပြီး ဒါပေမယ့် သူတို့က ဒီမှာအခြေ မခိုင်သေးဘူး၊ သန်းအောင်တို့အုပ်စုက ကောင်းမြတ်တို့ကို ဒီနယ်မြေကနေ မောင်းထုတ်ချင်နေတယ်"

"အခု သူတို့နှစ်ဖွဲ့စလုံး ပြေးကြရတော့မယ်လေ"

မင်းနောင်က တစ်စုံတစ်ရာကို စဉ်းစားမိဟန်ဖြင့် တွေ





ခနဲ ဖြစ်သွားသည်။

"သူတို့က ခပ်ညံ့ညံ့တွေတော့ မဟုတ်ဘူးနော်၊ ငါ ဒုစရိုက်သမားအဖြစ်နဲ့ သူတို့အထဲ တိုးဝင်ခဲ့ပေမယ့်၊ ဒီမှာ သူတို့ဘာတွေ လုပ်နေတယ်ဆိုတာ ရေရေရာရာ မသိရဘူး၊ သူတို့ လုပ်ငန်း ကြီးကြီးကျယ်ကျယ်ကိုလည်း မတွေ့ဖူးဘူး၊ စားသောက်ဆိုင်အလုပ် . . လျှို့ဝှက်လောင်းကစားဝိုင်း တရားမဝင်ပစ္စည်း ရောင်းဝယ်တာတွေကို လုပ်တယ်ဆိုပေမယ့် သူတို့ လုပ်ငန်းက အဲဒါတွေချည်းသက်သက် မဟုတ်နိုင်ဘူး၊ လျှို့ဝှက်ကိစ္စတွေ ငါ မသိတာအများကြီး ရှိမယ်လို့ ထင်တယ်"

"အတွင်းစည်းကို ရောက်ရင် လျှို့ဝှက်ချက်ဆိုတာ စကားအဖြစ်ဘဲ ကျန်ပါလိမ့်မယ်၊ ဒီကောင်တွေ တောင်ညီနောင်ကနေ ရေဇလာ၊ ရေဇလာကနေ စခန်းသာကို ရွှေ့ခဲ့ကြပြီးပြီ၊ ထပ်ရွှေ့ဖို့ မြို့သာဘဲ ရှိတော့တယ်၊ မြို့သာရဲ့ ဟိုဘက်ဆိုရင် ကိုယ့်နိုင်ငံ မဟုတ်တော့ဘူး"

"ငါတို့ ဆက်သွယ်ဖို့ သတ်မှတ်ထားတဲ့ အချိန်မှာ သူတို့ရဲ့နောက်ဆုံး သတင်းကို မင်း သိရမယ် စိုင်း . . နောက်ပိုင်းမှာ လူချင်းတွေ့ချင်မှ တွေ့ရမှာဆိုတော့ မှာစရာရှိတာ မှာပါရစေ"

စိုင်းနွတ်က မင်းနောင်အား လှမ်းကြည့်ပြီး ပြုံးလိုက်သည်။

"နီနီကို ဂရုစိုက် စောင့်ရှောက်ဖို့ပြောမှာ မဟုတ်လား၊ သူ့အနားမှာ ငါတို့လူတစ်ယောက် အဖော်အဖြစ် ရှိနေမှာပါ၊ သူ့လုံခြုံရေးအတွက် စိတ်မပူပါနဲ့ . . ."

စိုင်းနွတ်က ကားကို လမ်းဘေးတစ်နေရာတွင် ထိုးရပ်လိုက်သည်။ မင်းနောင် ကားပေါ်မှ ဆင်းမည့်ဆဲဆဲ လက်ကိုင်ဖုန်း မြည်လာသည်။ မင်းနောင်က ဂျာကင်အိတ်ထဲမှ ဖုန်းကို ထုတ်ပြီး နားထောင်လိုက်၏။

"မင်းနောင် . . ဒီမှာ အခြေအနေ မကောင်းဘူး၊ ငါတို့ ခြေကုတ်ယူထားတဲ့ နယ်သစ်ကို ပြောင်းရမယ်၊ သန်းမောင်တို့ ဘာအစီအစဉ် ရှိသလဲဆိုတာ သိအောင်လုပ်ပါ"

"ဘာတွေဖြစ်နေလို့လဲ ကိုကောင်းမြတ်"

"ညနေ လူချင်းတွေ့မယ်ကွာ၊ အဲဒီတော့မှ ပြောပြမယ်၊ မင်းအခန်းကစောင့် . . "

"အိုကေ"

မင်းနောင်က ဖုန်းကိုသိမ်းပြီး ကားပေါ်မှ ဆင်းသည်။





"မင်းပြောတဲ့အတိုင်းဘဲ သူတို့ ပျာယာခတ်နေပြီ"

"ဒါအကွက်ပေါ့၊ အဆက်အသွယ် မပြတ်စေနဲ့နော် မင်းနောင်"

"အင်းပါ"

စိုင်းနွတ်က လက်မြှောက်ပြပြီး ကားကို မောင်းထွက်သွားသည်။ မင်းနောင်က ဖြတ်မောင်းလာသည့် အငှားကားတစ်စီးကို တားသည်။ အငှားကားဖြင့် လောကသစ် စားသောက်ဆိုင်သို့ ထွက်ခဲ့၏။

ညနေစောင်းမို့ လောကသစ် စားသောက်ဆိုင်မှာ လူစည်ကားစ ပြုနေပြီ ဖြစ်သည်။ မင်းနောင်က ဆိုင်အတွင်းဘက်ရှိ လှေခါးမှ အပေါ်ထပ်သို့ တက်ခဲ့သည်။

အပေါ်ထပ် လှေခါးထိပ်တည့်တည့်တွင် စားပွဲတစ်လုံးရှိပြီး လူနှစ်ယောက် ထိုင်နေသည်။ အမှတ်မဲ့ ကြည့်လျှင် ထိုသူနှစ်ယောက်မှာ သီးသီးသန့်သန့် စားသောက်လိုသဖြင့် အပေါ်ထပ်သို့ လာပြီး စားသောက်နေသည်ဟု ထင်ရသော်လည်း အမှန်စင်စစ် ထိုသူနှစ်ယောက်မှာ အပေါ်ထပ် အတွင်းပိုင်း၌ လျှို့ဝှက်ဖွင့်လှစ်ထားသော ကစားဝိုင်းကို စောင့်သည့်အစောင့်များပင်

ဖြစ်သည်။

"ဆရာသန်းတို့ကော . . "

"အပေါ်ဆုံးထပ်မှာ အစည်းအဝေး လုပ်နေတယ်၊ အစ်ကိုလာရင် လွှတ်လိုက်ဖို့ မှာထားတယ်"

အစောင့်တစ်ယောက်က ပြန်ဖြေသည်။ မင်းနောင်က ဝရံတာဘက်သို့ ထွက်သည်။ ဝရံတာသို့ မရောက်ခင် တွေ့ရသည့် တံခါးပေါက်သို့ ဝင်၏။ လှေကားကျဉ်းလေးရှိသော အခန်းသို့ ရောက်သည်။ သူက လှေခါးအကျဉ်းလေးမှနေ၍ အပေါ် ထပ်သို့ တက်သည်။

အစောင့်က ပြောလိုက်သည့် အပေါ်ဆုံးထပ်ဆိုသည်မှာ အထပ်ခိုးတစ်ခု ဖြစ်သည်။ အထပ်ခိုးမှာ ကျယ်ဝန်းပြီး စားပွဲကျယ်ကြီးတစ်ခု ရှိသည်။ စားပွဲပတ်လည်တွင် သန်းမောင် သူ၏လက်ထောက်နှင့် ဦးဘဟန်တို့ ထိုင်နေကြသည်။

"လာ . . မင်းနောင်၊ မင်းကို ငါတို့စောင့်နေတာ"

"ဘာအရေးပေါ် ကိစ္စရှိလို့လဲ ဆရာသန်း"

မင်းနောင်က သန်းမောင်နှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်ရင်းမှ မေးသည်။





"ဒီမှာ အခြေအနေ မကောင်းတော့လို့ကွ၊ ဒီမနက် ငါတို့ပစ္စည်း လှောင်ထားတဲ့ နေရာတစ်ခုနဲ့ ကစားဝိုင်းတစ်ဝိုင်း ဝင်အမွှေခံရတယ်၊ တာဝန်ခံနှစ်ယောက်က သူတို့အသက်နဲ့ရင်းပြီး သစ္စာစောင့်ကြလို့ ပြဿနာက ငါတို့ဆီ ရောက်မလာဘူး၊ ကျန်ခဲ့တဲ့ သူတို့မိသားစုကို အကောင်းဆုံး စောင့်ရှောက်မှု ပေးရမှာပေါ့"

"ဒီဆိုင်မှာရှိတဲ့ ဝိုင်းကော . . "

"ပိတ်လိုက်ပြီ . . ဒီကကောင်တွေကိုလည်း ရှောင်ခိုင်းလိုက်တယ်၊ သန်းအောင်နဲ့ သူ့လက်ထောက် ဟိုဘက်ကို သွားတယ်၊ ဟိုမှာ ငါတို့အစပျိုးထားတဲ့ လုပ်ငန်းတွေ ရှိတယ်၊ ဒီက နေ ရှောင်တိမ်းရတဲ့ လူတွေနဲ့ တစ်ဖက်မှာ အခြေအနေတစ်ခု ဖြစ်အောင် လုပ်ရမှာပေါ့"

"အဲဒီလိုလုပ်ဖို့က နယ်ခံကောင်းကောင်းရှိမှ ဖြစ်မှာပေါ့ ဆရာသန်း"

"နယ်ခံ ရှိပါတယ်၊ ဟိုဘက်နိုင်ငံမှာက တရားဥပဒေ စိုးမိုးရေး သိပ်မရှိဘူး၊ လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကတည်းက ငါ ပြောင်းချင်နေတာ ဖေဖေက သဘောမတူလို့ ဒီမှာဘဲ ပုန်းလျှိုး

ကွယ်လျှိုး လုပ်နေရတာကွ"

"ဆရာသန်းတို့ အသေးစိတ် အစီအစဉ် လုပ်ပြီးကြပြီလား"

"အစီအစဉ်လုပ်ဖို့အတွက် မင်းကို စောင့်နေတာ၊ ကောင်းမြတ်တို့ ဘာလုပ်မလဲ ဆိုတာကိုလည်း သိချင်သေးတယ်"

"သူတို့နဲ့ ကျွန်တော် ညနေတွေ့မယ်လို့ ချိန်းထားတယ်၊ ဆရာသန်းတို့ လှုပ်ရှားဖို့ ပြင်သလို သူတို့လည်း ပြင်မှာပါ"

"ကိုယ့်ကိစ္စကို ကိုယ်အရင်ဆွေးနွေးကြတာပေါ့၊ ပြီးတော့မှ သူတို့အစီအစဉ်ကို နားထောင် . . ကိုယ့်ကို လာထိမယ်ဆိုလည်း ရှင်းပစ်တာပေါ့၊ ငါက ဒီလိုလုပ်ဖို့ စဉ်းစားထားတယ်"

သန်းအောင်က သူ့အစီအစဉ်များကို ပြောပြသည်။ မင်းနောင်တို့ ခေါင်းတညိတ်ညိတ်နှင့် နားထောင်ကြ၏။

၄



အခန်း(၁၄)

မင်းနောင်က ကောင်းမြတ်တို့နှင့် တွေ့လိုက်၊ သန်းမောင်တို့နဲ့ တွေ့လိုက်လုပ်ပြီး မြို့သာသို့ ထွက်ခဲ့သည်။ မင်းနောင် မြို့သာသို့ အရောက်တွင် ကောင်းမြတ်တို့ လူစု ပျောက်ခြင်းမလှ ပျောက်သွားသည်။ ထို့အတူပင် သန်းမောင်တို့လူစုလည်း ခြေရာဖျောက်သွားကြသည်။

မင်းနောင်က မြို့သာမှာနေ၍ ရောက်လာမည့် အဆက်အသွယ်ကို စောင့်သည်။ သုံးရက်မျှ စောင့်သော်လည်း မည်သူကမှ ဆက်သွယ်လာခြင်း မရှိ။

စတုတ္ထမြောက်နေ့ . . မင်းနောင်သည် ချစ်ကြည်ရေး တံတားမှတဆင့် တစ်ဖက်သို့ သွားသူ တစ်ဖက်မှလာသူများကို ကြည့်နေသည်။ အသေအချာ စီစဉ်ထားပါလျက် ကောင်းမြတ်တို့က ဆက်သွယ်ခြင်း မရှိသလို၊ သန်းမောင်တို့ကလည်း ဆက်သွယ်ခြင်း မပြုသည်ကို နားမလည်နိုင် ဖြစ်ရသည်။

ချစ်ကြည်ရေး တံတားမှတစ်ဆင့် တရားဝင် ကူးသန်းသွားလာနေသူများကဲ့သို့ ကူးကြည့်ရကောင်းမလားဟု သူ စဉ်းစားသည်။ ထိုသို့ စဉ်းစားရင်း စိုင်းနွတ်ကို ဆက်သွယ်လိုက်၏။

"အခြေအနေက ရုတ်တရက်ကြီး ပြောင်းသွားတယ် စိုင်း . . သူတို့က ငါ့အပေါ် သံသယ ဖြစ်လာကြသလား မသိဘူး၊ ခုချိန်ထိတောင် ဘယ်သူကမှ မဆက်သွယ်ဘူး"

"မင်းကို သံသယ ဖြစ်လို့ မဟုတ်ဘူး၊ သူတို့ကိုယ်တိုင်က ခွေးပြေးဝက်ပြေး ပြေးပြီး . . ဘာလုပ်ရမှန်းမသိ ဖြစ်နေတာ တစ်ဖက်ကလည်း တရားဥပဒေရှိတဲ့ နိုင်ငံလေ၊ ဟိုမှာ ဒုစရိုက်မှု နှိမ်နင်းရေးတွေ လုပ်တော့ . . သန်းအောင်နဲ့ သူ့နောက်လိုက်သုံးယောက် ကြသွားတယ်၊ ကောင်းမြတ်တို့ထဲကလည်း ငါးယောက်လောက် ကြသွားတယ်၊ သူတို့အထဲက ဆင်ပေါက်ဆို





တဲ့ တစ်ယောက်ကိုတော့ နာမည် သိလိုက်ရတယ်"

"ကောင်းမြတ်ရဲ့ လူထဲမှာ ဆင်ပေါက်ဆိုတာ ရှိတယ်၊ ဆင်ပေါက်နဲ့သန်းအောင် မရှိတော့ဘူး ဆိုပေမယ့် ကောင်းမြတ်နဲ့ သန်းမောင် ရှိသေးတယ်လေ"

"အခြေအနေ မကောင်းလို့ သူတို့မလှုပ်ရှားသေးဘဲ ငြိမ်နေတာ ဖြစ်ချင်ဖြစ်မှာပေါ့"

"ငါတော့ . . အခုလို ဖြစ်နေတာကြီးကို မကြိုက်ဘူး၊ မင်းနဲ့ငါ တွေ့ပြီး တိုင်ပင်ချင်တယ်"

"ငါလည်း မင်းနဲ့တွေ့မယ်ဆိုပြီး လာတာ၊ တံခါးဖွင့်လိုက်ကွာ"

"ဘာပြောတယ် စိုင်း"

"တံခါးဖွင့်ဖို့ ပြောတာ . . ငါအခု မင်းအခန်းရှေ့ကို ရောက်နေပြီ"

မင်းနောင် တစ်ချက်ရယ်လိုက်ပြီး အခန်းတံခါးရှိရာသို့ လျှောက်ကာ တံခါးပေါက်ကို ဖွင့်လိုက်သည်။ စိုင်းနွတ်က လက်ကိုင်ဖုန်းကို သိမ်းပြီး အခန်းထဲသို့ ဝင်လိုက်သည်။

"မင်းဟာလေ . . နည်းနည်းလေးဖြစ်ဖြစ် လျှို့ဝှက်သဲဖို

လုပ်လိုက်ရမှ ကျေနပ်တဲ့ကောင်"

"မဟုတ်ပါဘူးကွာ . . ငါက မင်းဆီကို လာနေတုန်း မင်းဖုန်းဆက်လို့ ပြန်ပြောတာ . . တမင်သက်သက် အဝေးကြီးကနေ လှမ်းဆက်တဲ့ ပုံစံမျိုးလုပ်တာ မဟုတ်ပါဘူး"

"နေပါဦး . . မင်းဘယ်တုန်းက ဒီကိုရောက်တာလည်း ငါဒီမှာ တည်းနေတယ် ဆိုတာကိုကော ဘယ်လိုလုပ်သိတာလဲ"

"ဟ . . မင်းနော်ငရ . . ငါက ဒီထက်မကတဲ့ လျှို့ဝှက်ချက်ကိုတောင် လိုက်ပြီးစုံစမ်း ဖော်ထုတ်နေတဲ့ လူလေ၊ မင်း ဒီမြို့ကိုရောက်ပြီး ဘယ်မှာတည်းခိုနေတယ် ဆိုတာသိအောင် လုပ်ဖို့က ဘာမှမခက်ပါဘူး"

စိုင်းနွတ်က အခန်းအတွင်းရှိ ထိုင်ခုံတစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

"ငါ . . မင်းကို လာခေါ်တာ မင်းနော်င"

စိုင်းနွတ် ပြောလိုက်သည့် စကားကြောင့် မင်းနော်င မျက်မှောင်ကြုံ့လိုက်သည်။ သူက စိုင်းနွတ်ကို စူးစူးစိုက်စိုက် ကြည့်၏။

"ငါ့ကိုလာခေါ်တာ ဟုတ်လား"





"အေး . . တစ်ဖက်နိုင်ငံနဲ့ ပူးပေါင်းပြီး လုပ်မယ့် ဒုစရိုက်နှိမ်နင်းရေးမှာ ဝင်ပါဖို့ လာခေါ်တာ"

"ဟာ . . ဟော့ကောင် ငါက အားနေတာမှ မဟုတ်တာ လောလောဆယ်ငါ့မှာ . . "

မင်းနော်င စကားမဆုံးခင်တွင် စိုင်းနွတ် လက်ကာပြလိုက်သည်။

"အခုကိစ္စက ကောင်းမြတ်တို့ အမှုတွဲနဲ့ ဆက်နေတယ်လို့ ငါထင်တယ်၊ အဲဒါကြောင့် မင်းအတွက် တရားဝင်လုပ်ကိုင်ရတာမျိုး ဖြစ်အောင် တစ်ဖက်က လူတွေနဲ့ ဆက်သွယ်ပေးမလို့ . . "

"ဟာ ဒါကတော့ တစ်ကယ့်အခွင့်အရေးဘဲ၊ သူတို့လိုချင်တဲ့အထဲမှာ ကောင်းမြတ်တို့လူစု ပါလာနိုင်မယ်ထင်သလား"

"ဒီကောင်တွေက ဟိုပင်ဒီပင် ကူးနေတဲ့ကောင်တွေ၊ ဒီဖက်မှာ အခြေအနေ မဟန်လို့ တစ်ဖက်ကို ကူးပြီဆိုရင် အဲဒီမှာလည်း သူတို့ဒုစရိုက်မှုကိုဘဲ လုပ်ကြမှာလေ၊ ဒါကို မင်းတွေးကြည့်တာနဲ့ သိနိုင်ပါတယ်"

"ဖြစ်လာတာတွေကလည်း တစ်မျိုးဘဲနော်၊ ကောင်း

မြတ်တို့ကို ဖြိုခွင်းမယ့် ခာတ်လမ်း ဒီဘက်ကနေ ဟိုဘက်ကို ကူးရမယ်ပေါ့"

"အေးလေ . . သူတို့ဥပဒေ အပြင်ဘက်ကနေ လှုပ်ရှားခွင့်ရတဲ့ နေရာကို ကူးသွားတော့ . . သူတို့ကို ရှင်းဖို့ဆိုတာ သူတို့နောက်ကို လိုက်မှဖြစ်မှာပေါ့"

မင်းနောင် ရယ်လိုက်ပြီး အိတ်ကထဲမှ စီးကရက်ဗူးကို ထုတ်သည်။ ထိုစဉ် လက်ကိုင်ဖုန်း မြည်လာသဖြင့် ဖုန်းကိုထုတ်ပြီး နားထောင်ရသည်။

"မင်းနောင်"

"ပြောပါ ကိုကောင်းမြတ် . . ကျွန်တော် ဆက်အသွယ်ကို စောင့်နေတာ ကြာလှပြီ"

"ငါတို့ တောထဲ လှည့်ပြေးနေရတယ်၊ ဟိုခွေးကောင်တွေကလည်း လိုက်ဆော်နေတယ်ကွ၊ သူတို့မင်းကို မဆက်သွယ်ဘူးလား"

"မဆက်သွယ်ဘူး . . ဒါပေမယ့် တစ်ဖက်ကို ရောက်နေတဲ့ သန်းအောင် ကြွသွားပြီ ကြားတယ်"

"အေး . . ငါတို့ဘက်ကလည်း ဆင်ပေါက် ကြွသွား





ပြီး ဆင်ပေါက်တို့နဲ့ သန်းအောင်တို့တွေ့ပြီး ပြဿနာ ရှင်းနေတုန်း ဒေသခံရဲတွေက ရှင်းလင်းပစ်လိုက်တာ"

"အခုကော ခင်ဗျားတို့ တောထဲမှာဘဲလား"

"လုံခြုံတဲ့ နေရာတစ်ခုမှာ ဆိုပါတော့ . . မင်းတစ်ဖက်ကိုကူးကွာ(ဂိုးလ်ဒင်းဟီးလ်) ရွှေတောင်ကုန်းကို လာခဲ့ . . အဲဒီမှာ လပ်ကီးရက်(စ်)တောရင့် ရှိတယ်၊ စမစ်ဆိုတဲ့လူကို တွေ့လိုက် . . သူက ငါတို့လူဘဲ"

"သူက အဲဒီမှာ အချိန်ပြည့် ရှိမှာလား"

"စားပွဲနံပါတ် ခုနစ်ကနေ သုံးရက်တိတိ စောင့်လိမ့်မယ်"

"ဟုတ်ပြီ"

"ဘာအမှတ်အသား ပြရမှာလဲ"

"ကစ်စ်မီကွစ်လို့ပြော . . မင်းနာမည်နဲ့ ပုံပန်းသဏ္ဍာန်သူ့ကိုပြောထားတယ်၊ သူက ဟိုဒင်းကွ"

"ပြောပါဦး . . သူကဘာလဲ"

"အခြောက်ကွ"

"ဟာ"

"ရပြီ မဟုတ်လား . . အမြန်ဆုံး လှုပ်ရှား ဖြစ်တဲ့နည်းနဲ့ ဟိုဘက်ကို ရောက်အောင်သွား"

"ကောင်းပြီ ကိုကောင်းမြတ်"

"ငါမင်းကို ထပ်ပြီး ဆက်သွယ်မယ်"

မင်းနောင်က လက်ကိုင်ဖုန်းကို သိမ်းလိုက်သည်။ ကောင်းမြတ် ပြောသမျှကို စိုင်းနွတ်အား ပြန်ပြောပြ၏။ စိုင်းနွတ်က ခေါင်းတညိတ်ညိတ်နှင့် နားထောင်ရင်း ပြုံးလိုက်သည်။

"ကဲ . . အခု ဇာတ်လမ်း ပြန်ဆက်လို့ရပြီ မဟုတ်လား"

"အေး"

"ဒါဆိုရင်ထ . . ငါနဲ့လိုက်ခဲ့၊ တွေ့သင့်တဲ့လူနဲ့တွေ့ပြီး တရားဝင် လှုပ်ရှားပေတော့"

"မင်းကတော"

"ငါမင်းနောက်ကနေ အရိပ်လို ပါလာမှာပါ၊ မပူပါနဲ့"

မင်းနောင် ခေါင်းညိတ်ပြသည်။ ထို့နောက် စီးကရက်ဗူးထဲမှ စီးကရက်တစ်လိပ် ထုတ်ယူမီးညှိပြီး စိုင်းနွတ်နှင့်အတူ လိုက်ရန် ပြင်ဆင်လေသည်။



# အခန်း(၁၅)

ချစ်ကြည်ရေးတံတားမှ တစ်ဖက်သို့ ကူးလိုက်သည်။ ရွှေတောင်ကုန်းမှာ တံတားထိပ်မြို့မှ မိုင်သုံးဆယ်ဝေးသဖြင့် ဘတ်(စ်)ကားစီးကာ ခရီးဆက်ရသည်။

တစ်နာရီကျော်ကျော်ခန့်တွင် ရွှေတောင်ကုန်းသို့ ရောက်သည်။ တောင်ပေါ်မြို့လေးဖြစ်သော ရွှေတောင်ကုန်းသို့ ရောက်သည်။ တောင်ပေါ်မြို့လေးဖြစ်သော ရွှေတောင်ကုန်းကို ရောက်ရောက်ခြင်းမှာပင် မင်းနောင် သဘောကျသွားသည်။

ပင်လယ်ရေပြင်အထက် ပေပေါင်းလေးထောင့်ခုနစ်ရာ

မိုးဆောမ်းပန်းစာပေ

ကျော်မြင့်သော တောင်ပေါ်မြို့သည် အေးစိမ့်သော အထိအတွေ့ဖြင့် ဆီးကြိုသည်။ မင်းနောင်သည် အေးစိမ့်ရှင်းသန့်သော လေပြေကို အားရပါးရရှူရင်း မိခင်မြေရှိ တောင်ပေါ်မြို့ကလေးကို ဖျပ်ခနဲ သတိရသည်။

တောင်ပေါ်မြို့ခြင်းတူ ရာသီဥတုခြင်း တူသော်လည်း လူနေမှု မတူနိုင်ဟု တွေးမိ၏။ တိုက်တာ အိမ်ခြေများဖြင့် ပြည့်နေသော တောင်ပေါ်မြို့မှ ဥရောပ၏ အငွေ့အသက်ကို ရရှိနေသလို ခံစားရသည်။

လပ်ကီးစားသောက်ဆိုင်မှာ ဘတ်(စ်)ကားဂိတ်၏ အထက်ဘက်မှာ ရှိသည်။ မင်းနောင်က ပြေပြေလေး တက်သွားသော အတက်လမ်းအတိုင်း လျှောက်ခဲ့သည်။ လမ်းဆုံးသို့ အရောက်တွင် ခိုးရောင်မှန်အပြည့် ကာထားသော လပ်ကီးစားသောက်ဆိုင်ကို တွေ့ရ၏။ ဆိုင်မျက်နှာစာတွင် ဆိုင်အမည်ကို အင်္ဂလိပ်လိုတစ်မျိုး ဒေသဘာသာ စကားဖြင့် တစ်မျိုး ရေးထား၏။

မင်းနောင်က မှန်တံခါးကို တွန်းဖွင့်ပြီး ဆိုင်အတွင်းသို့ ဝင်လိုက်သည်။ ဆိုင်အတွင်းမှ အနွေးဓာတ်နှင့် ချိုလွင်သာယာ





သော ဂီတသံတို့က ဆီးကြိုထွေးပွေ့လိုက်သည်။

"ကြပါရှင် .. ဒီဘက်မှာ နေရာလွတ်တွေ ရှိပါတယ်"

စကတ်တိုတိုလေး ဝတ်ထားသော ဧည့်ကြိုမိန်းကလေးက ဝဲလွန်းသဖြင့် မနည်းနားထောင်ယူရသော အင်္ဂလိပ်စကားဖြင့် ကြိုဆိုသည်။

"စားပွဲနံပါတ်ခုနစ်မှာ ကျွန်တော့်မိတ်ဆွေ ရှိပါတယ်"

"ဪ .. သိပါပြီ ကျွန်မနောက်က လိုက်ခဲ့ပါ"

တုတ်တုတ်ခိုင်ခိုင် ပြည့်ပြည့်ဖြိုးဖြိုး ဧည့်ကြိုမလေး ရှေ့ကနေပြီး လျှောက်သည်။ မင်းနောင်က နောက်မှလိုက်သည်။ လမ်းဘက်သို့ မျက်နှာမူထားသည့် စားပွဲတစ်လုံး အနီးသို့ ရောက်သည်တွင် ဧည့်ကြိုမလေး ရပ်လိုက်သည်။

"စားပွဲနံပါတ် ခုနစ်ပါရှင်"

မစ္စတာစမင်ဆိုသူ ရှိနေမည်ဆိုသည့် စားပွဲအမှတ်ခုနစ်တွင် မိန်းမချောလေး တစ်ယောက် ထိုင်နေသည်။ ကော်လံပါသော မီးခိုးရောင်ဖျော့အင်္ကျီနှင့် မီးခိုးရောင်ဖျော့ ဘောင်းဘီတို့ကို ဝတ်ဆင်ထားသည်။ ဆံပင်မတိုမရှည်ကို နောက်သို့ သိမ်းဖီးကာ ကြက်တောင်စည်း စည်းထားသည်။ မျက်ခုံးထူထူ မျက်ဝန်း

နက်နက်နှင့် နှုတ်ခမ်းနီနီရဲရဲ ဆိုးထားရုံမှအပ အပြင်အဆင် အခြယ်အသ မရှိသော မျက်နှာလေးမှာ ဝင်းပစွာလှနေသည်။

မိန်းမချောလေးကို ကြောင်အန်းအန်းနှင့် ကြည့်နေရင်းမှ မင်းနောင်က နီနီနန်းဝေကို ဖျပ်ခနဲ သတိရလိုက်သည်။ နှမျှစ်သန့်စင်ခြင်း လှပခြင်းတွေ တူသော်လည်း နီနီမျက်နှာမှာ တွေ့ရသော အေးချမ်းမှုမျိုးကို မိန်းမချောလေး၏ မျက်နှာမှာ မတွေ့ရ။

"မမရဲ့ညှို့သည်ပါရှင်"

ညှို့ကြိုမလေးက ခေသသုံးသော စကားဖြင့် ပြောသည်။ မိန်းမချောလေးက မင်းနောင်ကို မျက်လွှာတစ်ချက်ပင့်ပြီး ကြည့်၏။

"ရှင့်မှာ ပြောဖို့စကား တစ်ခွန်းပါမယ် ထင်တယ်"

ဧမစ်ဆိုသူနှင့်တွေ့လျှင် ပြောရမည့် စကားကို မင်းနောင်ဖျပ်ခနဲ သတိရသည်။ သူက ညှို့ကြိုမလေးကို မသိမသာ ကြည့်၏။ ညှို့ကြိုမလေးက သူ့တာဝန် ပြီးဆုံးသွားဟန်ဖြင့် အနားမှ ခွာထွက်သည်။

"ကာခ်စ် ဓိ ကွခ်"





မိန်းမချောလေး ပြုံးသွားသည်။ နက်မှောင်ရွှန်းလဲ့သော မျက်လုံးအစုံဖြင့် မင်းနောင်ကို ဝှံဝှံစားစား ကြည့်သည်။

"ဧမစ်က စောင့်နေရတာ ငြီးငွေ့လာလို့ ကျွန်မကို တာဝန် လွှဲထားခဲ့ပါတယ် ကိုမင်းနောင်နော်"

မြန်မာစကားဖြင့် ပြောသည်။ စကားသံ အနည်းငယ်ဝဲ၏။

"မြန်မာလို တတ်တယ်နော်"

"ကျွန်မ မြန်မာပြည်မှာ မွေးတာပါ၊ စကားတစ်ချို့တော့ မေ့ကုန်ပါပြီ၊ ကျွန်မ ဆယ့်ငါးနှစ်မှာ ဟောင်ကောင်ကို ပြန်ပါတယ်၊ အခု . . ဒီမှာလာနေပါတယ် ထိုင်ပါရှင်"

မင်းနောင်က မိန်းမချောလေးနှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်သည်။ မိန်းမချောလေးက လက်တစ်ဖက် မြှောက်ပြီး စားပွဲထိုးကို ခေါ်သည်။ စကတ်တိုတိုဝတ် စားပွဲထိုးမလေးတစ်ယောက် အနားသို့ ရောက်လာ၏။ မိန်းမချောလေးက မင်းနောင်၏ဆန္ဒကို မမေးဘဲ စားသောက်ဖွယ်ရာများ မှာလိုက်သည်။

"ကျွန်မ နာမည် ဒိုင်ယာနာပါ . . အကောင်းဆုံး အစား

အစာကို ကျွေးချင်လို့ . . ဘာစားစလဲ မမေးဘဲ မှာလိုက်တာကို ခွင့်လွှတ်ပါ''

''ဟာ . . ရပါတယ်၊ ကျွန်တော် ဒီကအစားအသောက်ကို မရွေးချယ်တတ်ပါဘူး''

ဒိုင်ယာနာက ချိုမြသော အပြုံးဖြင့် မင်းနောင်ကို စူးစူးစိုက်စိုက် ကြည့်သည်။ ရဲတင်းလွန်းသော အကြည့်ကြောင့် မင်းနောင် အနေရခက်သွား၏။

''စားသောက်ပြီးရင် ကျွန်မ စမစ်ဆီကို လိုက်ပို့ပါ့မယ်''

''ကျေးဇူးတင်ပါတယ် ဒိုင်ယာနာ''

''ကျွန်မက မစ္စတာသန်းမောင်ရဲ့လူပါ''

မင်းနောင် ရင်ထိတ်ခုန်သွားသည်။ ဒိုင်ယာနာ၏ မျက်နှာလှလှလေးကို မျက်လုံးအဝိုင်းသားနှင့် ကြည့်သည်။

''ခင်ဗျာ''

''ရှင်လာမယ်ဆိုတာ စမစ်ဆီက သိရတယ်၊ ဒါကြောင့် ကျွန်မ မစ္စတာသန်းမောင်ကို ပြောပြလိုက်တယ်၊ သူက ရှင့်ကို တွေ့ပြီး သူ့လိပ်စာပေးဖို့ ပြောပါတယ်''

ဒိုင်ယာနာက လိပ်စာရေးထားသော စာရွက်လေးတစ်





ရွက် ထုတ်ပေးသည်။ မင်းနောင်က အင်္ဂလိပ်လို ရေးထားသော လိပ်စာကို မှတ်မိအောင် ကြည့်သည်။

''လောလောဆယ်တော့ ကျွန်တော် စမစ်နဲ့တွေ့မှ ဖြစ်မယ်''

''စမစ်နဲ့တွေ့ဖို့ ကျွန်မ လိုက်ပို့မှာပါ . . ပြီးတော့မှ ကျွန်မတို့ဘော့(စ်)ဆီကို သွားပါ''

စားသောက်ဖွယ်ရာများ ရောက်လာသဖြင့် စကားပြတ်သွားသည်။ သင်းဘောသီးထောင်း ချဉ်ငန်စပ် ငါးခေါင်းဟင်းမျိုးတို့ကို ကြည့်ပြီး မင်းနောင်မှာ အူတကြွတ်ကြွတ်နှင့် ဆာလာသည်။

''စားပါရှင် . . ဒီအစားအသောက်တွေကို ကြိုက်မယ်ထင်ပါတယ်''

မင်းနောင် ခေါင်းညိတ်ပြပြီး ဇွန်းနှင့်ခက်ရင်းကို ကောက်ကိုင်လိုက်သည်။ စားပွဲပေါ်တွင် ရှိနေသော ဟင်းများမှာ သူနှင့်ရင်းနှီးနေပြီးသားဖြစ်၍ ထမင်းကို အားရပါးရ စားသည်။

''မစ္စတာသန်းမောင်က အလုပ်တစ်ခုမှာ ကိုမင်းနောင်ရဲ့အကူအညီကို လိုတယ်လို့ ပြောပါတယ်''

"ဟုတ်လား . . ဘာအလုပ်များပါလိမ့်"

"အဲဒါ သူနဲ့တွေ့ရင် ပြောပါလိမ့်မယ်၊ ငွေအများကြီး ရမယ့် အလုပ်ပါ၊ ကျွန်မကတော့ အန္တရာယ်များလို့ သိပ်မကြိုက်ပါဘူး"

"ပိုက်ဆံအများကြီးရမယ့် အလုပ်ဆိုတာ အန္တရာယ်ရှိမှာပေါ့၊ အန္တရာယ်ကို ကျွန်တော် မကြောက်ပါဘူး"

နိုင်ယာနာ၏ မျက်နှာလေး ပိုပြီးပြုံးသွားသည်။

"ကျွန်မကတော့ ထူးခြားတဲ့လူနဲ့ တွေ့နေပြီလို့ စိတ်ထဲမှာ ထင်ပါတယ်၊ ကျွန်မကို မိတ်ဆွေအရင်းတစ်ယောက်လို သဘောထားပါနော်"

မင်းနောင် ပြုံးပြီး ခေါင်းညိတ်ပြလိုက်သည်။ နိုင်ယာနာသည် သူ့အတွက် ထူးခြားသော အဖော်တစ်ယောက် ဖြစ်လိမ့်မည်ဟု စိတ်ကထင်နေမိလေ၏။



# အခန်း(၁၆)

ဒိုင်ယာနာက မင်းနောင်အား စမစ်ထံသို့ ပို့ပေးပြီး ထွက်သွားသည်။ ပိန်ပိန်သွယ်သွယ် နွဲ့နွဲ့လျှလျှနှင့် လက်ဟန်ခြေဟန်ဖြင့် မဲ့ကာရွဲ့ကာ စကားပြောတတ်သော စမစ်က ဒိုင်ယာနာ ထွက်သွားလျှင် ထွက်သွားခြင်း မင်းနောင်အနားသို့ ကပ်ကာ လက်မောင်းကို လှမ်းကိုင်လိုက်သည်။

စမစ်ထံမှရသည့် ရေမွှေးနံ့ရူးရူးက မင်းနောင်အား မူးနောက်သွားစေတော့မည့်ပမာ ရှိသည်။ ပူးပူးကပ်ကပ် လုပ်လာသော စမစ်ကို မင်းနောင်က အသာအယာ တွန်းဖယ်လိုက်၏။

စမစ်က မင်းနောင်ကို ကြည့်ပြီး တစ်ချက်ရယ်သည်။

"ဒိုင်ယာနာက မလှဘူးလား"

မင်းနောင် ခေါင်းညိတ်ပြလိုက်သည်။

"လှပါတယ်"

"သူကလှသလို ကြောက်စရာလည်း ကောင်းတယ်၊ မင်းကို မစ္စတာသန်းမောင်တို့ အကြောင်း မပြောဘူးလား"

"ပြောပါတယ် . . ညနေကျရင် မစ္စတာသန်းမောင်နှင့် တွေ့ဖို့ လာခေါ်မယ်လို့လည်း ပြောသွားတယ်"

စမစ်၏ မျက်နှာ တည်သွားသည်။

"သူ့ကို သတိထားနော် . . သူက မစ္စတာသန်းတို့ကို အထောက်အကူပြုသလို မစ္စတာကောင်းတို့ကိုလည်း အထောက်အကူ ပြုတယ်၊ သူ့အနေအထားက အင်အားကောင်းတဲ့ဘက်ကို ပါမယ့် အနေအထားဘဲ"

"ခင်ဗျား သူ့အကြောင်းကို ကောင်းကောင်းသိတယ် မဟုတ်လား"

စမစ် ခေါင်းညိတ်ပြသည်။

"သိပါတယ် . . ဒါပေမယ့် မသိသလိုဘဲ နေလိုက်တယ်၊





ဒါမှ သူဘာဆက်လုပ်မလဲဆိုတာ သိခွင့်ရမှာပေါ့"

"ခင်ဗျားက တော်တော်ပါးနပ်တာဘဲ၊ ဒါထက် ကျွန်တော်နဲ့ တွေ့ပြီးရင် ဘာလုပ်ရမယ်လို့ ကောင်းမြတ်တို့က ပြောထားသလဲ"

"ဒီမှာနေပြီး သူတို့ကို စောင့်ရမယ် . . မစ္စတာသန်းက ခေါ်လို့သွားရင် . . ဒါကိုယူသွားပါ၊ မမြင်ရတဲ့ တစ်နေရာမှာ ထားခဲ့ရင် သူတို့ရဲ့ လျှို့ဝှက်ချက်ကို သိရလိမ့်မယ်"

စမစ်က ပဲစေ့အရွယ်ရှိ အသံဖမ်းစက်ကလေးကို ပေးသည်။ မျက်နှာတစ်ဖက်တွင်ရှိသော တိပ်ကိုခွာပြီး စားပွဲခုံအောက် နံရံတစ်နေရာရာတို့တွင် ကပ်ထားလိုက်၍ရသော မိုက်ကရိုအသံဖမ်း အသံလွှင့်စက်ကလေး ဖြစ်သည်။

"ဒီစက်ကလေးသုံးရင် ဘယ်လောက်ဝေးဝေးကနေ အသံဖမ်းလို့ရသလဲ"

"ငါးမိုင်ပတ်ဝန်းကျင်က ကောင်းကောင်းကြားတယ်၊ ကျွန်တော့်မှာ အသံဖမ်းစက် ကောင်းကောင်း ရှိပါတယ်၊ သူတို့ ပြောသမျှ ဆိုသမျှ ကျွန်တော့်စက်က အလိုအလျောက် အသံဖမ်းယူထားပါလိမ့်မယ်"

မင်းနောင်က ပဲစေ့အရွယ် အသံဖမ်း အသံလွှင့်စက်က လေးကို အိတ်ထဲထည့်ပြီး သိမ်းလိုက်သည်။ စမစ်က မင်းနောင် အား လက်တို့ပြီး ကပ်လျက် စခန်းသို့ ခေါ်သည်။ ထိုအခန်းတွင် ဒေသဆိုင်ရာ မြေပုံကားချပ်ကြီးတစ်ခု ချိတ်ထားၡ၏။ အခန်း ထောင့်တွင် အားကောင်းသော အသံဖမ်းစက်ကို တွေ့ရသည်။

"ဒါရွှေတောင်ကုန်းနယ်မြေရဲ့ မြေပုံပဲ၊ မစ္စတာကောင်း တို့ ဒီနယ်မြေရဲ့ အပြင်ဘက်မှာ ရှိနေသေးတယ်၊ မစ္စတာသန်းတို့ ရဲ့ အန္တရာယ်ကြောင့် သူတို့ဒီနယ်မြေထဲကို ဝင်လာလို့ မရသေး ဘူး"

"သူတို့က ဒီမှာအခြေချမှာပေါ့ ဟုတ်လား"

စမစ်က မင်းနောင်အား ဖျပ်ခနဲ လှမ်းကြည့်ပြီး ခေါင်း ဆတ်ခါလိုက်သည်။

"ဒီမှာအခြေအနေ မချပါဘူး၊ ဒီနေရာကို လွယ်လွယ် ကူကူ ဝင်လို့ထွက်လို့ ရဖို့ဘဲ လိုတယ်၊ မစ္စတာကောင်းတို့မှာ လုပ်ငန်းကြီးကြီး တစ်ခုလုပ်ဖို့ ရှိနေတယ်၊ အဲဒီလုပ်ငန်းလို အန္တရာယ်ကင်းကင်းနဲ့ လုပ်နိုင်ဖို့အတွက် အနှောင့်အယှက်တွေ ကို ရှင်းပြစ်ရမယ်"





"ဒါက ဘယ်သူ့စကားလဲ ခင်ဗျားစကားလား"

"အိုး . . နိုး . . နိုး . . ဒါဘော့(စ်)က ပြောတဲ့စကား"

"ဘော့(စ်)ဟုတ်လား . . ဘယ်ကဘော့(စ်)လဲ"

"ဘော့(စ်)ကို မင်းမသိဘူးလား၊ ဘော့(စ်)က မြစ်ကြေ မှာ နေတယ်၊ မစ္စတာကောင်းဟာ ဘော့(စ်)ရဲ့လူဘဲ"

"ကောင်းမြတ်ကို ညွှန်ကြားနေတဲ့ လူတစ်ယောက်ရှိ တယ် ဆိုတာတော့ ကျွန်တော် သိတယ်၊ သူဘယ်သူလဲ ဆိုတာ တော့ မသိဘူး"

"ကျွန်တော်တို့လည်း ဘော့(စ်)ရှိတယ် ဆိုတာဘဲ သိ တယ်၊ ဘော့(စ်)ကို ဘယ်သူဘယ်ဝါဆိုတာ မသိဘူး၊ မစ္စတာ ကောင်းကတော့ ဘော့(စ်)အကြောင်းကို ကောင်းကောင်းသိပါ လိမ့်မယ်၊ ဘော့(စ်)က သူယုံကြည်ရတဲ့ လူဆိုရင်တော့ ခေါ်တွေ့ ပါတယ်၊ ဒါမျိုးကလည်း သိပ်မရှိပါဘူး၊ အရင်တစ်ခါ ပြဿနာ ဖြစ်ပြီးကတည်းက ဘော့(စ်)ဟာ ပိုပြီးလျှို့ဝှက်သွားပါတယ်"

"ပြဿနာ ဖြစ်တယ် ဟုတ်လား . . ဘာပြဿနာ ဖြစ် တာလဲ"

"ဘော့(စ်) သိပ်ယုံတဲ့လူ၊ သိပ်အားကိုးတဲ့ လူတစ်

ယောက် ရှိတယ်လေ၊ သူ့နာမည်က တင်ထွန်းလို့ ခေါ်တယ်၊ အဲဒီတုန်းက ဘော့(စ်) ဒီမှာနေတယ်လို့ ပြောတယ်၊ တင်ထွန်းကို ယုံကြည်လို့ ခေါ်တွေ့လိုက်တဲ့နောက်မှာ ဘော့(စ်)အတွက် အနှောင့်အယှက် အမျိုးမျိုး တွေ့ရတယ်၊ နောက်ဆုံးတော့ ဘော့(စ်)ဒီကနေ ခြေရာဖျောက်ပြီး ထွက်သွားရတယ်"

"တင်ထွန်းကော"

"ဘော့(စ်)ကို ဒုက္ခပေးတဲ့ကောင် . . ဒီလောကကြီးထဲကနေ ပျောက်ကွယ်သွားတာပေါ့"

"ဪ"

"အဲဒီနောက်ပိုင်းမှာ ဘော့(စ်)က လူတွေနဲ့ အတွေ့မခံတော့ဘူး၊ လူယုံကို မမွေးတော့ဘူး၊ လုပ်ငန်းနဲ့ပတ်သက်တာတွေ မစ္စတာကောင်းကိုဘဲ လွှဲထားတယ်"

"ဘော့(စ်)က ကောင်းမြတ်တို့ကို ဒီကနေ ချုပ်ကိုင်တာပေါ့"

စမစ်က သဘောကျဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ရင်း ရယ်သည်။

"သူက ဘော့(စ်)လေ တစ်ခြားလူမှ မဟုတ်တာဘဲ"





"ခင်ဗျားက သူတို့နဲ့ ပတ်သက်တာ သိပ်မကြာသေးဘူး ...င်တယ်"

"ဟုတ်တယ် . . သိပ်မကြာသေးဘူး၊ မစ္စတာကောင်းက ...ျွန်တော့်ကို ဒီမြို့ရဲ့ ကိုယ်စလှယ်အဖြစ် တာဝန်ပေးထားတာ"

မင်းနောင်နှင့် စမစ်တို့ စကားပြောနေစဉ် အိမ်ရှေ့မှ ...ားဟွန်းသံကို ကြားရသည်။ ကားဟွန်းသံကြောင့် စမစ်က ဆတ် ...နဲ့ ခေါင်းထောင်ပြီး ကြည့်သည်။

"ဒီဟွန်းသံက . . ဪ . . ဒိုင်ယာနာနဲ့ တူတယ်"

"သူ ကျွန်တော်ကို လာခေါ်မယ်လို့ ပြောထားတယ် ...လေ"

"ဟုတ်လိမ့်မယ် . . ဒီဟွန်းသံကတော့ ကြားနေကျ အသံ ...ဲ"

စမစ်နှင့်မင်းနောင်တို့နှစ်ယောက် အခန်းထဲမှ ထွက် ...ိုက်ကြသည်။ ဧည့်ခန်းသို့ အရောက်မှာပင် စိတ်မရှည်ဟန်ဖြင့် ...ရှည်ဆွဲ၍ မြည်နေသော ကားဟွန်းသံကို ကြားရသည်။

"ငါ ထွက်မလာမချင်း ဟွန်းကို မပြတ်နှိပ်နေမယ်နဲ့ ...တယ်၊ လာပြီဟေ့ . . လာပြီ"

စမစ်က အိမ်ရှေ့သို့ ပြေးထွက်ပြီး တံခါးဖွင့်လိုက်သည်၊ ထိုအခါကျမှ ကားဟွန်းသံ တိတ်သွား၏။

မင်းနောင်က အိမ်တံခါးရှိရာသို့ လျှောက်ခဲ့သည်၊ သ တံခါးပေါက်အနီးသို့ အရောက်မှာပင် ကားပေါ်မှ ဆင်းလာ သော ဒိုင်ယာနာအား တွေ့လိုက်ရသည်။

"ကိုမင်းနောင် အဆင့်သင့်ဘဲလား"

မင်းနောင်က ခေါင်းညိတ်ပြလိုက်သည်၊

"ဒါဆိုရင်လဲ သွားကြမယ် . . ကျွန်မ မစ္စတာသ မောင်ကို ဖုန်းဆက်ထားတယ်"

မင်းနောင် ခေါင်းညိတ်ပြလိုက်ပြန်သည်။



# အခန်း (၁၇)

အဆောက်အဦးမှာ အိုမင်းဟောင်းနွမ်းနေပြီ ဖြစ်သည်။ တစ်ချိန်က ကောက်ပဲသီးနှံများ သိုလှောင်သော ကုန်လှောင်ရုံ ဖြစ်ခဲ့လိမ့်မည်ဟု မင်းနောင် ခန့်မှန်းမိသည်။

နှစ်ကာလ ကြာမြင့်စွာ အသုံးမပြုဘဲ ပစ်ထားဟန်တူသော ကုန်လှောင်ရုံဟောင်းမှာ ရာသီဥတုဒဏ်ကြောင့် အမိုးတွေပြိုသည့် နေရာကပြိုပြီး အကာတွေ ပေါက်ပြဲသည့် နေရာက ပေါက်ပြဲအက်ကွဲနေပြီ ဖြစ်သည်။

အဆောက်အဦးဟောင်းကြီး ရှေ့တွင် သစ်လွင်သော

ကားနှစ်စီး ရပ်ထားသည်။ အကောင်းအတိုင်း ရှိနေသေးသော ကုန်လှောင်ရုံဟောင်း၏ အဝင်ဝမှာ လူနှစ်ယောက် ရပ်နေသည်။ ထိုလူနှစ်ယောက်၏ ကားထဲတွင် မောင်းပြန်ရိုင်ဖယ်ကို ဖြောင့်ကျကျ ကိုင်ထား၏။

ဒိုင်ယာနာက ကားကိုတောင်ကုန်းပေါ်သို့ မောင်းတက်ပြီး ကုန်လှောင်ရုံရှေ့တွင် ရပ်လိုက်သည်။ ကားရပ်ပြီးနောက် သူက ကားရှေ့ခန်းတွင် ထိုင်လိုက်လာသော မင်းနောင်အား တစ်ချက်လှမ်းကြည့်ပြီး ကားပေါ်မှ ဆင်းသည်။ မင်းနောင်က လည်း ဒိုင်ယာနာနှင့်အတူ ကားပေါ်မှ လိုက်ဆင်းသည်။

ကားပေါ်မှ ဆင်းလာသော မင်းနောင်တို့အား မြင်သည်နှင့် လက်နက်ကိုင် အစောင့်နှစ်ယောက် လှုပ်လှုပ်ရှားရှား ဖြစ်လာကြသည်။ နှစ်ယောက်စလုံး လက်ထဲမှ သေနတ်ကို ပစ်ခတ်ရန် အသင့်ပြင်လိုက်၏။

"သူက ဘယ်သူလဲ ဒီနေရာကို လူစိမ်းခေါ်မလာရဘူးဆိုတာ မင်းမသိဘူးလား"

"မင်းတို့က လူသစ်တွေလား . . ငါက ဘယ်သူလဲဆိုတာ မသိဘူးထင်တယ်၊ မစ္စတာသန်းမောင်ကို ဒိုင်ယာနာနဲ့ မင်း





နောင် လာတဲ့အကြောင်း အကြောင်းကြားလိုက်ပါ"

အစောင့်နှစ်ယောက်က တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်ကြသည်။ တစ်ယောက်က ခါးကြားမှ လက်ကိုင်ဖုန်းကို ဖြုတ်ယူပြီး စကားပြောသည်။ စကားပြောနေရင်း အစောင့်၏ မျက်နှာသိသိသာသာ ပြောင်းလဲသွား၏။

"စိတ်မရှိပါနဲ့ ကျွန်တော်တို့က တာဝန်အရ တားဆီးရတာပါ၊ ဆရာကြီးက ခင်ဗျားတို့နှစ်ယောက်ကို အထဲဝင်လာဖို့ ပြောလိုက်ပါတယ်"

ဒိုင်ယာနာနှင့် မင်းနောင်တို့နှစ်ယောက် အဆောက်အဦးဟောင်း၏ တံခါးပေါက်မှနေ၍ အတွင်းသို့ ဝင်လိုက်သည်။ အတွင်း၌ အခန်းကျယ်ကြီး တစ်ခန်းရှိပြီး အခန်း၏ အခြားတစ်ဖက်တွင် တံခါးပေါက်တစ်ပေါက် ရှိသည်။ တံခါးဘေးတွင် လက်နက်ကိုင် နှစ်ယောက် စောင့်နေကြသည်။ ထိုအစောင့်နှစ်ယောက်အနက် တစ်ယောက်က ရှေ့တိုးလာပြီး . . .

"ဒိုင်ယာနာ မဟုတ်လား . . ဒီလမ်းအတိုင်းသွားပါ၊ ပိတ်ထားတဲ့ တံခါးတစ်ပေါက်တွေ့ရင် ဖွင့်ပြီးအပြင်ကို ထွက်လိုက်ပါ၊ တစ်ဖက်မှ ခင်ဗျားတို့ကို လမ်းပြပြီး ခေါ်သွားမယ့်လူ

ရှိပါတယ်"

မင်းနောင်နှင့် ဒိုင်ယာနာတို့ တံခါးပေါက်ကို ဖြတ်ပြီး စကြံလမ်းသို့ ဝင်သည်။ စကြံလမ်းအဆုံးတွင် ပိတ်ထားသော တံခါးပေါက် တစ်ပေါက် ရှိသည်။ မင်းနောင်က ပိတ်ထားသည့် တံခါးကို တွန်းဖွင့်ပြီး အပြင်သို့ ထွက်သည်။

တံခါးအပြင် ဟောင်းနွမ်းပြီး အက်ကွဲနေသော ကွန်ကရိ ခင်း လမ်းတစ်လမ်း ရှိသည်။ ထိုလမ်းပေါ်၌ လူတစ်ယောက် ရပ်နေ၏။ ထိုရပ်နေသူမှ သန်းမောင်၏ နောက်လိုက်တစ် ယောက်ဖြစ်ကြောင်း မင်းနောင် မှတ်မိသိရှိလိုက်သည်။

"လာပါ ကိုမင်းနောင် . . ဆရာကြီးက ဟိုဘက်ခြံမှာ ပါ"

"ဟိုဘက်ခြံမှာ ဟုတ်လား"

"ဟုတ်တယ် . . လုံခြုံမှုရှိအောင် ဆရာကြီးက ဂိုဒေါင် ဟောင်းကို သုံးပြီး လမ်းလွှဲလုပ်ထားတာပါ၊ လာ . . ကျွန်တော့် နောက်ကို လိုက်ခဲ့ပါ"

မင်းနောင်က အနက်ရောင် ရှပ်အင်္ကျီ ဝတ်ဆင်ထား သည့် လမ်းပြနောက်သို့ လိုက်သည်။ လမ်းပြက ကွန်ကရီခင်း





လမ်းအတိုင်း ဦးဆောင်လျှောက်ပြီး ကုန်လှောင်ရုံဟောင်း၏ အ နောက်ဘက်ရှိ ခြံဝင်းအတွင်းသို့ ကွန်ကရိလှေကားထစ်ကို နင်း လျှောက်ပြီး ဝင်လိုက်သည်။

ကုန်လှောင်ရုံဟောင်း၏ အနောက်ဘက်ရှိ ခြံဝင်းထဲ တွင် တိုက်ပုလေးတစ်လုံး ရှိသည်။ လမ်းပြက မင်းနောင်တို့အား ထိုတိုက်နောက်ဖေးဘက်သို့ ခေါ်သွား၏။

"ဒီအိမ်ကို ဝင်တဲ့လမ်းက သပ်သပ်ရှိတယ် မဟုတ် လား"

"ရှိတာပေါ့ . . ဒါပေမယ့် ဒီအိမ်မှာ လူတွေလာစုတာ မပေါ်လွင်စေချင်လို့ ဆရာကြီးက ဂိုဒေါင်ဟောင်းဘက်က ဝင် နိုင်းလိုက်တာပါ"

တိုက်ပုလေး အတွင်းသို့ နောက်ဖေးဘက်ကနေဝင်ပြီး ထမင်းစားခန်းသို့ ကူးသည်။ ထမင်းစားခန်းရှိ စားပွဲကျယ်ကြီး တွင် သန်းမောင်အပါအဝင် လူငါးယောက် ထိုင်နေကြသည်။

မင်းနောင်သည် သန်းမောင်နှင့်အတူ ရှိနေသူများအား စူးစူးစိုက်စိုက်နှင့် တစ်ချက်ကြည့်လိုက်သည်။ ထိုလေးယောက် မှာ တရုတ်အမျိုးသား တစ်ယောက်၊ အိန္ဒိယအမျိုးသား တစ်

ယောက်နှင့် ဒေသခံ ဖြစ်ဟန်တူသူ နှစ်ယောက်တို့ ဖြစ်ကြသည်။

"ဒီကိုလာပါ မင်းနောင်၊ ဒိုင်ယာနာနဲ့အတူ ဒီဘေးမှာ လာထိုင်ပါ"

သန်းမောင်က မင်းနောင်တို့အား တွေ့သည်နှင့် သူ့ဘေး တစ်ဖက်စီတွင် ရှိသောထိုင်ခုံတွင် ထိုင်ရန် ဖိတ်ခေါ်လိုက်သည်။ မင်းနောင်က စားပွဲထိပ်တွင် ထိုင်နေသော သန်းမောင်၏ ညာဘက် ဒိုင်ယာနာ ဘယ်ဘက်တွင် နေရာယူလိုက်ကြ၏။

"လူစုံပြီဆိုတော့ ကျွန်တော် ပြောစရာရှိတာ ပြောတော့မယ်၊ ကျွန်တော် ခင်ဗျားတို့ကို အခုလို ဖိတ်ခေါ်လိုက်တာဟာ အလုပ်ကိစ္စတစ်ခုကို တိုင်ပင်ချင်လို့ပါ"

မင်းနောင်က သူ့ဂျာကင်အိတ်ထဲတွင်ရှိ ပဲစေ့အရွယ် အသံဖမ်း အသံလွှင့်စက်လေးကို ထုတ်ပြီး မျက်နှာပြင်တစ်ဘက်မှာ တိတ်ကိုခွာကာ စားပွဲအောက်ဘက်တွင် ကပ်ထားလိုက်သည်။

"ကျွန်တော်တို့ လုပ်ရမယ့် အလုပ်က . . ဒေါ်လာသိန်းငါးဆယ်ဖိုးလောက်ရှိတဲ့ ရတနာတွေကို တိုက်ယူဖို့ဘဲ"

သိန်းငါးဆယ်ဆိုသည့် ငွေကြေးပမာဏကြောင့် မင်းနောင်တို့တတွေ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ရမယ့်ငွေ သိန်းငါးဆယ်ထဲက သိန်းနှစ်ဆယ်ကို ဖယ်ပြီး ကျန်တဲ့ဆယ်သိန်းကို ကျွန်တော် သိမ်းထားမယ်၊ ကျန်တဲ့ သိန်းသုံးဆယ်ကို ကျွန်တော်တို့အားလုံး အညီအမျှ ခွဲဝေယူကြမယ်၊ တစ်ယောက်ကို ဒေါ်လာငါးသိန်း ရကြလိမ့်မယ်"

ဒေါ်လာငါးသိန်းဆိုသည့် ငွေက မက်မောလောက်စရာမို့ စားပွဲတွင် ထိုင်နေသူများ အာမေဋိတ်သံ ပြုသူပြု ချောင်းဟန့်သူဟန့်နှင့် ရှိကုန်၏။ သန်းမောင်က သူ့ရှေ့တွင် ရှိနေသူအားလုံးကို စူးရှအရောင်လက်နေသော မျက်လုံးအစုံဖြင့် ကြည့်လိုက်သည်။

"ကျွန်တော် ခွဲဝေပေးတာကို ခင်ဗျားတို့ ကျေနပ်ပါတယ်နော်"

အားလုံးက ကျေနပ်ကြောင်း ခေါင်းညိတ်လိုက်ကြသည်။

"ဒါလောက်များတဲ့ငွေတွေ ရဖို့အတွက် ကျွန်တော်တို့ စွန့်စားရမယ်၊ ကြိုးစားရမယ်၊ ကျွန်တော်တို့ လက်နက်ကိုင် အစောင့်တွေနဲ့ ရင်ဆိုင်ရမှာ သေချာတယ်"

"လက်နက်ကိုင် အစောင့်က ဘယ်နှစ်ယောက် ရှိမှာလဲ"

"အနည်းဆုံး ဆယ်ယောက်ဘဲ၊ ဒီလူတွေဟာ တိုက်ခိုက်ရေးမှာ ကျွမ်းကျင်တဲ့လူတွေ . . ပစ်ဖို့ခတ်ဖို့ကို ဝါသနာပါတဲ့လူတွေဘဲ"

"ကျွန်တော်တို့ ရတနာတွေ ဘယ်သူ့ဆီက တိုက်ယူမှာလဲ"

"ဒီအကြောင်း အခုပြောလို့ မဖြစ်သေးဘူး၊ တိုက်ပွဲဝင်မယ်လို့ ဆုံးဖြတ်ထားပြီးကြပြီဆိုရင် အားလုံးရှင်းရှင်းလင်းလင်းပြောမယ်၊ ကျွန်တော်က ကျွန်တော့်အကြံအစည်တွေကို လက်မခံချင်တဲ့လူရှိရင် အခုကတည်းက ပြန်နိုင်ပါတယ်၊ ကျွန်တော်က အကုန်ဖွင့်ပြောပြီးမှ ပြန်မယ်၊ ဒီကိစ္စထဲမှာ မပါဝင်ချင်ဘူးဆိုရင် . ."

သန်းမောင်က စကားကို အဆုံးမသတ်ဘဲ မင်းနောင်တို့အား အစီပွါယ်ပါပါ ကြည့်လိုက်သည်။ သူ့မျက်လုံးအကြည့်က စူးရှခက်ထန်ပြီး ရန်လိုဟန် ပေါ်နေ၏။

သန်းမောင်၏ ရက်ရက်စက်စက် လုပ်မည့် အမူအရာကြောင့် စားပွဲတွင် ထိုင်နေကြသူများ ကယောင်ကတမ်း မျက်လွှာချ





လိုက်ကြသည်။

မင်းနောင်သည် ပိုင်နိုင်သော အမူအရာနှင့် စကားပြောနေသည့် သန်းမောင်အား တည်ငြိမ်စွာ တုံ့ပြန်ကြည့်သည်။ သန်းမောင်၏ စကားအပြတ်တွင် ချောင်းတစ်ချက် ဟန့်လိုက်၏။

"ကျွန်တော် တစ်ခုလောက် မေးပါရစေ"

"မေးပါ . . ဘာမေးချင်လို့လဲ"

"ဘာလုပ်ရမယ်ဆိုတာကို ကျွန်တော်တို့အားလုံး သဘောတူပြီးမှ ပြောမှာနော်"

"ဟုတ်တယ်"

"အဲဒါ ကျွန်တော်တို့ကို မယုံကြည်ရာ မကျဘူးလား"

"ဒါ . . မယုံကြည်တာ မဟုတ်ဘူး၊ အတိမ်းအစောင်း မခံနိုင်တာပါ"

"ကျွန်တော်တို့ အဲဒါကို သိပ်သဘောမကျဘူး"

"ဘာပြောတယ်"

သန်းမောင်က မင်းနောင်အား မျက်မှောင်ကြုတ်ပြီး ကြည့်သည်။

"ကျွန်တော်တို့ ဘာလုပ်ရမယ်ဆိုတာ အရင်သိချင်တယ်၊ အဲဒီအပေါ် မူတည်ပြီး လုပ်သင့်မလုပ်သင့် ဆုံးဖြတ်ချင်တယ်၊ ကျွန်တော်တို့ကို ဒီအခွင့်အရေးတော့ ပေးပါ"

သန်းမောင်၏ မျက်နှာထား တင်းသွားသည်။ သူက မင်းနောင်အား အတန်ကြာအောင် စူးစူးစိုက်စိုက် ကြည့်သည်။

"ငါ့ဆီမှာ ဒီတောင်းဆိုမှုမျိုး တောင်းဆိုလို့ မရဘူး မင်းနောင် . . ငါပြောတဲ့အတိုင်းဘဲ မင်းတို့အားလုံး သဘောတူရင် ဘာလုပ်ရမယ်ဆိုတာ ငါပြောပြမယ်"

"မင်းက ငါတို့နဲ့ လက်မတွဲဘူးပေါ့"

"ဟုတ်ပါတယ် . . ကျွန်တော်လိုချင်တဲ့ ပုံစံနဲ့ မညီရင် ဘယ်သူနဲ့မှ လက်မတွဲဘူး"

"ဒါဆိုရင် မင်းသွားနိုင်ပြီ၊ ဒိုင်ယာနာက မင်းအန္တရာယ်ကင်းကင်းနဲ့ သွားနိုင်အောင် လိုက်ပို့ပါလိမ့်မယ်"

သန်းမောင်၏ စကားအဆုံးတွင် မင်းနောင် ထိုင်နေရာမှ ဖြည်းညင်းစွာ ထလိုက်သည်။

"ဆောရီးဘဲ ကိုသန်းမောင်၊ ကျွန်တော် ခင်ဗျားနဲ့ အလုပ်တွဲလုပ်ဖို့ တော်တော် မျှော်လင့်ထားပါတယ်၊ ဒါပေမယ့်





အခုလို ဘာမှန်းမသိတာမျိုးတော့ မလုပ်နိုင်ဘူး"

သန်းမောင် ရယ်လိုက်သည်။

"ရပါတယ် ကျွန်တော် ဘယ်လိုမှ သဘောမထားပါဘူး"

သဘောထားကြီး ဟန်ဆောင်နေသော သန်းမောင်မှာ အကြောင်းတစ်ခုခု ရှိရမည်ဟု မင်းနောင် တွေးသည်။ သန်းမောင်တို့သည် သူတို့နှင့်လမ်းခွဲသူအား ခွင့်လွှတ်လေ့ရှိသူများ မဟုတ်၊ ယခု မိမိကို ခွင့်လွှတ်နေခြင်းမှာ မရိုးသားကြောင်း မင်းနောင် နားလည်ထားပြီး ဖြစ်၏။

သူသည် ရင်ထိတ်ခုန်နေသော်လည်း ဂရုမစိုက်ဟန်ဖြင့် သန်းမောင်တို့ရှေ့မှ ခွာသည်။ ဒိုင်ယာနာနှင့်အတူ လာလမ်းအတိုင်း ပြန်ထွက်ခဲ့သည်။ ကုန်လှောင်ရုံဟောင်း အပြင်ဘက်သို့ ရောက်သည့်အခါ နှုတ်ဆက်ဟန်ဖြင့် ဒိုင်ယာနာအား လှည့်ကြည့်သည်။

"နှုတ်ဆက်မလို့လား ကိုမင်းနောင် . . နှုတ်မဆက်ပါနဲ့ ကျွန်မလည်း ပြန်လိုက်ခဲ့မှာပါ"

"ပြန်လိုက်ခဲ့မယ် ဟုတ်လား"

ဒိုင်ယာနာ ခေါင်းညိတ်ပြသည်။

"ကျွန်မ ဒီလိုလူမျိုးနဲ့ လက်တွဲပြီး အလုပ်မလုပ်ချင်ဘူး၊
ခေါင်းဆောင်ဆိုတာ ဦးဆောင်မှု ကောင်းကောင်း ပေးနိုင်ရမယ်၊
တရားမျှတရမယ်၊ မစ္စတာသန်းမောင်က အလုပ်မလုပ်ခင် လိမ်
ညာဖို့ ကြိုးစားနေတယ်၊ အသက်စွန့်ပြီး လုပ်ရတာခြင်းအတူတူ
သူက အခွင့်အရေး ပိုယူချင်နေတယ်၊ သူက တာဝန်ခံရလို့ ပို
ချင်တယ်ထားဦး . . တရားမျှတမှု ရှိဖို့တော့ လိုတာပေါ့"

"ဒိုင်ယာနာက သန်းမောင်နဲ့လက်တွဲဖြုတ်တယ်ပေါ့
ဟုတ်လား"

ဒိုင်ယာနာ ပြုံးပြီးခေါင်းညိတ်ပြသည်။ ပြီး ကားတံခါး
ကိုဖွင့်ကာ ကားပေါ်သို့ တက်လိုက်သည်။

"ကျွန်မတို့ သွားကြရအောင်"

ဒိုင်ယာနာက ယာဉ်မောင်းနေရာတွင် ဝင်ထိုင်ရင်း ပြော
သည်။ မင်းနောင် ကားပေါ်သို့ တက်လိုက်၏။ သတိထားဟန်
ဖြင့် ကုန်လှောင်ရုံဟောင်းဘက်သို့ မသိမသာ ကြည့်သည်။ ကုန်
လှောင်ရုံမှ လှုပ်ရှားမှု တစ်စုံတစ်ရာမှ မရှိ။

ဒိုင်ယာနာသည် ကားကို စက်နှိုးပြီး ခတ်ကြမ်းကြမ်း





မောင်းထွက်သည်။ အဆင်းလမ်းအတိုင်း ဆင်းခဲ့ပြီး လမ်းဆုံးသို့
အရောက်တွင် ကားအရှိန်ကို သိသိသာသာ လျှော့ချလိုက်၏။

"မစ္စတာသန်းက ကျွန်မကို ဘာတာဝန်ပေးလိုက်တယ်
လို့ ထင်သလဲ"

"ဘာတာဝန်လဲ ပြောပါအုံး"

"ကိုမင်းနောင်ကို ခေါ်သွားပြီး ရှင်းပစ်ဖို့ တာဝန်
ပေးလိုက်ပါတယ်"

"ဪ"

"သူတို့ခိုင်းတာကို ကျွန်မ မလုပ်နိုင်ဘူး၊ ဒါကို မစ္စတာ
သန်းသိတာနဲ့ ကျွန်မကို သူတို့ရဲ့ ရန်သူအဖြစ် သတ်မှတ်လိမ့်
မယ်"

"ဒါဆိုရင် မင်းအတွက် အန္တရာယ် ပတ်လည်ဝိုင်းသွား
မှာပေါ့ ဒိုင်ယာနာ"

ဒိုင်ယာနာက မင်းနောင်အား ရွှန်းလဲ့သော မျက်လုံးအ
စုံဖြင့် စူးစိုက်ကြည့်လိုက်သည်။

"ရှင်က ကျွန်မနဲ့ လက်တွဲမယ်ဆိုရင် ဒီအန္တရာယ်တွေ
ကို ကျွန်မ ရင်ဆိုင်ဖို့ မကြောက်ပါဘူး"

"မင်း သန်းမောင်တို့ကို ဆန့်ကျင်မယ် . . ပြီးတော့ ကော းမြေတ်တို့အပေါ်မှာ သစ္စာရှိမယ်ဆိုရင် လက်တွဲဖို့ကိစ္စကို စဉ်းစားရမှာပေါ့"

"ကျွန်မမှာ သူတို့ထက်ပိုပြီး သစ္စာစောင့်ရမယ့်လူ တစ်ယောက် ရှိပါတယ်၊ လူတစ်ယောက်လို့ ပြောပေမယ့် ဒမှန် တော့ အဖွဲ့အစည်းတစ်ခုပါ"

"ဘယ်သူလဲဆိုတာ သိပါရစေ ဒိုင်ယာနာ"

"ကျွန်မတို့နဲ့ ပူးပေါင်းပြီး ဒုစရိုက်နှိမ်နင်းရေး တာဝန် ယူထားတဲ့ မစ္စတာစိုင်းနွတ်တို့ပါ"

မင်းနောင် ရင်ထိတ်ခုန်သွားသည်။ စူးစမ်းဟန် အကြည့် ဖြင့် ဒိုင်ယာနာအား ဖျပ်ခနဲ ကြည့်လိုက်၏။ ဒိုင်ယာနာက ပြုံး ပြီး . .

"ကျွန်မက ဒုစရိုက်မှု နှိမ်နင်းရေး တာဝန်နဲ့ ရွှေတော် ကုန်းကို ရောက်လာတဲ့လူပါ"

ဒိုင်ယာနာ၏ သူမ၏ သက်သေခံကတ်ပြားကို ထုတ် ပြသည်။ မင်းနောင်က ခေါင်းကို ညင်သာစွာ ညိတ်ရင်း ပြုံး လိုက်၏။





"စမစ်ကကော . ."

"သူက ကျွန်မရဲ့ လက်ထောက်ပါ၊ ကိုမင်းနောင်ဟာ မစ္စတာစိုင်းနွတ်တို့ရဲ့ လူဆိုတာ ကျွန်မအိမ်ကို တစ်ခေါက်ပြန် သွားမှ သိရတာ၊ ဒီအကြောင်း စမစ်တောင် မသိသေးပါဘူး"

ဒိုင်ယာနာက စမစ်အိမ်ရှေ့တွင် ကားကို ထိုးရပ်ပြီး ကားပေါ်မှ ဆင်းသည်။ သူမနှင့်ရှေ့ဆင့်နောက်ဆင့်ပင် မင်း နောင်ကလည်း ကားပေါ်မှ ဆင်းသည်။

ကားသံကြားသဖြင့် စမစ်က အိမ်တံခါးဖွင့်ပြီး ကြိုဆို သည်။ မင်းနောင်နှင့် ဒိုင်ယာနာတို့ အိမ်ထဲသို့ ဝင်လိုက်ကြ သည်။ ဒိုင်ယာနာက စမစ်၏နားနားသို့ကပ်ပြီး တစ်စုံတစ်ရာ တိုးတိုးပြောလိုက်၏။ စမစ် အံ့အားတသင့် ဖြစ်သွားပြီး မင်း နောင်အား လှည့်ကြည့်သည်။ ကြည့်နေရင်းမှ သူ့မျက်နှာတွင် အပြုံးတွေ ထင်လာသည်။

"ဝမ်းသာပါတယ် မင်းနောင်"

စမစ်က မင်းနောင်အား လက်ဆွဲနှုတ်ဆက်ပြီး အသံဖမ်း စက်ရှိသည့် အခန်းသို့ ခေါ်ဝင်သည်။

"သူတို့က မနက်ဖြန် လေယာဉ်နဲ့ ရောက်လာမယ့် ရတ

နာတွေကို လုယက်ဖို့ စီစဉ်နေတယ်၊ သူတို့ တိုင်ပင်နေဟာတွေကို တစ်လုံးမကျန် အသံဖမ်းထားပြီးပါပြီ၊ ကျွန်တော်တို့ နားထောင်ကြရအောင်''

စမစ်က အသံဖမ်းစက်ထဲမှ တိတ်ခွေကိုရစ်ပြီး ပြန်ဖွင့်သည်။ ထိုအခါ လုယက်တိုက်ခိုက်ရေးအတွက် အစီအစဉ်တွေ ပြောပြနေသော သန်းမောင်၏အသံကို ကြားရ၏။

ရွှေတောင်ကုန်း ကျောက်မျက်ရတနာ ကုမ္ပဏီသို့ ရောက်လာမည့် စိန်ထည်အပါအဝင် ရတနာပစ္စည်းများကို လေဆိပ်အပြင်တွင် လုယက်ရန် စီစဉ်နေသော သန်းမောင်တို့၏ အစီအစဉ်ကို မင်းနောင်တို့တတွေ တစ်ကွက်မကျန်အောင် သိလိုက်ကြရလေသည်။



# အခန်း (၁၈)

မိုးဆမ်းပန်းစာပေ

မြို့နှင့်သုံးမိုင်ခန့်ဝေးသော လေယာဉ်ဆင်းသက်သံ ကို ကျယ်လောင်စွာ ကြားရသည်။

ဂျက်လေယာဉ်ကြီး မြို့ပေါ်မှ ဖြတ်ပျံစဉ် ကားထဲတွင် ရှိနေခဲ့သော သန်းမောင်သည် ကားအပြင်သို့ ထွက်ရပ်ပြီး လေယာဉ်ကွင်းဆီသို့ လှမ်းကြည့်သည်။ အနိမ့်ပိုင်းမြေပြင်သို့ ဆင်းသွားသည့် လေယာဉ်ကို လှမ်းမြင်ရ၏။

သန်းမောင်က ကမ်းဘေးသစ်ပင်တွေ ကြားတွင် ကွယ် ဝှက်ပြီး ရပ်ထားသော ကားအနီးမှ ခွာသည်။ မြို့အဝင်လမ်း

ရေဆင်းတံခါး အုတ်ဘောင်ပေါ်သို့ တက်ရပ်ပြီး မှန်ပြောင်းဖြင့် လေယာဉ်ကွင်းဘက်သို့ ကြည့်သည်။

လေယာဉ်ဆိုက်ချိန်မို့ လေယာဉ်ကွင်းတွင် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်ကို တွေ့ရ၏။ လေယာဉ်ကွင်း အပြင်ဘက် ကားရပ်နားရာနေရာတွင် ကားနက်ကြီးသုံးစီး ရပ်ထားပြီး ကားဘေးတွင် လူနှစ်ယောက်စီ ရပ်နေသည်။ ကားပေါ်ယာဉ်မောင်းနေရာတွင် ယာဉ်မောင်းများ အသင့်ထိုင်နေသည်ကို တွေ့ရ၏။

သန်းမောင်က လေယာဉ်ကွင်းဘက်သို့ မှန်ပြောင်းဖြင့် ကြည့်နေရာမှ သူ့ဘေးပတ်ဝန်းကျင်ကို လှည့်ကြည့်သည်။ ညာဘက်သစ်ပင်အောက်တွင် အော်တိုမက်တစ် ရိုင်ဖယ်ကိုင်ကာ ဒူးထောက်စောင့်နေသူ တစ်ယောက်ရှိသည်။

ဘယ်ဘက်ချုံကွယ်တွင် ကိုးမီလီမီတာစက်သေနတ်ကိုင်တစ်ယောက် ရှိနေသည်။ ရိုင်ဖယ်သမား၏ အထက်ဘက်တွင် ပစ္စတိုကို ခါးကြားထိုးပြီး မီးလောင်ဗုံးသုံးလုံး ရှေ့တွင်ချကာ ထိုင်နေသူတစ်ယောက် ရှိသည်။

သန်းမောင်က သူကားရပ်ထားရာဘေးရှိ ချုံအကွယ်မှ





ထရေလာကားကို လှမ်းကြည့်၏။ ကားပေါ်တွင် ကားမောင်းသူ အသင့်ရှိနေပြီး ကားကို စက်နှိုးထားလျက် ရှိသည်။

သန်းမောင်က သူ့နောက်လိုက်များ၏ အရိပ်ကို သဘောကျဟန် ခေါင်းညိတ်လိုက်သည်။ ပြီး မှန်ပြောင်းဖြင့် လေယာဉ်ကွင်းဆီသို့ လှမ်းကြည့်သည်။

လေယာဉ်ပေါ်မှ အဖြူရောင် အတက်ချီကော့(စ်)ကိုင်ထားသော လူတစ်ယောက် ဆင်းလာသည်။ သူ့ဘေးတွင် ဂျာကင်အင်္ကျီကို ကိုယ်စီဝတ်ထားသော လူနှစ်ယောက် ကပ်ပါလာသည်။

သားကောင်တော့ လာပြီဆိုသည့် အသိဖြင့် သန်းမောင်ရင်ထိတ်ခုန်သွားသည်။ သူက အတက်ချီကော့(စ်)ကိုင်ထားသူကို မျက်ခြည်မပြတ် ကြည့်သည်။ ထိုသူ စစ်ဆေးရေးဂိတ်သို့ ဝင်ပြီး စစ်ဆေးခံသည်။

ထို့နောက် ဂျာကင်သမားနှစ်ယောက်နှင့်အတူ ရှေ့ဆင့်နောက်ဆင့် ရပ်ထားသော ကားနက်သုံးစီး ရှိရာသို့ လျှောက်လာပြီး အလယ်ကားပေါ်သို့ တက်လိုက်သည်။ ကားဘေးတွင် ရပ်နေသူတို့ကလည်း ကားပေါ်သို့ လျင်မြန်စွာ တက်လိုက်ကြ၏။

ကားနက်ကြီးသုံးစီး လေယာဉ်ကွင်းမှ ထွက်အလာတွင် သန်းမောင်က လေတစ်ချက်ချွန်ပြီး တံတားအုတ်ဘောင်ပေါ်မှ ဆင်းသည်။ သူ့ကားရပ်ထားရာနှင့် အနီးဆုံးဖြစ်သော သစ်ပင်အကွယ်သို့ ဝင်လိုက်၏။

သန်းမောင်တို့ ရောက်နေသည့် နေရာမှ လေယာဉ်ကွင်းနှင့်မြို့အကြားရှိသော အုတ်ထူထူပင် ဖြစ်သည်။ တောင်ကုန်းပေါ်သို့တက်သည့် အတက်လမ်းအဆုံး လမ်းကွေ့တစ်ခုကို ရွေးချယ်ကာ စောင့်ဆိုင်းနေကြခြင်း ဖြစ်၏။

သန်းမောင်၏ လေချွန်သံက တပ်လှန့်လိုက်သဖြင့် ချုံကြားသစ်ပင်အကွယ်တို့တွင် ရှိနေသည့် လက်နက်ကိုင်များ အသင့်ပြင်လိုက်ကြသည်။ ငါးမိနစ်ခန့်အကြာတွင် တောင်ကုန်းပေါ်သို့ အပြေးတက်လာနေသော ကားသုံးစီးကို တွေ့ရ၏။ ကားတစ်စီးနှင့်တစ်စီး ပေအစိတ်ခန့်ခြားနေသဖြင့် အစီအစဉ်အတိုင်း လုပ်ကိုင်ရန် အဆင်ပြေပြီဟု သန်းမောင် တွေးသည်။

ရှေ့ဆုံးမှကား ရေဆင်းတံတားကို ကျော်ဖြတ်လာသည်။ စက္ကန့်ပိုင်းအတွင်းမှာပင် ဒုတိယကား တံတားကို ကျော်ဖြတ်လာသည်။ ထိုအချိန်တွင် ရှေ့ကားမှာ လမ်းကွေ့ကို





ချိုးကွေ့လိုက်ပြီ ဖြစ်၏။ ဒုတိယကား လမ်းကွေ့သို့ ရောက်တော့မည့်ဆဲဆဲတွင် ချုံတွေကြားထဲမှ ထရေလာ ကားကြီး ဝေါခနဲ ထွက်လာပြီး လမ်းကိုဖြတ်ပိတ်သည်။

အရှိန်နှင့်မောင်းလာသော ဒုတိယကားက ထရေလာကို ဝုန်းခနဲ ဝင်တိုက်၏။ တစ်ဆက်တည်းပင် နောက်မှလိုက်လာသော တတိယကားက ဒုတိယကား၏ နောက်မီးကို ဝုန်းခနဲ ဝင်ဆောင့်သည်။

လမ်းကွေ့တွင် ကားတစ်စီးနှင့်တစ်စီးတိုက်မိသံကြောင့် ရှေ့မှကား တုန့်ခနဲ ရပ်သွားသည်။ ထိုအချိန်မှာပင် အမြင့်မှ ပစ်ခတ်လွှတ်လိုက်သော မီးလောင်ဗုံးတစ်လုံး ကားဘေးတွင်ကျပြီး ဝုန်းခနဲ ပေါက်ကွဲ၏။

ရှေ့ကားဆီမှ အော်သံသစ်သံတွေ ပေါ်လာပြီး မီးတောက်ကြီး ဟုန်းခနဲ ထလာ၏။ လမ်းဘေးတွင် စောင့်နေသော ရိုင်ဖယ်သမားက ကားထဲမှ သွေးရူးသွေးတန်းနှင့် ထွက်လာသူတို့အား ရိုင်ဖယ်ဖြင့် စိတ်ပြေနပြေ ပစ်သည်။

ရှေ့ဆုံးကားမှ လူတွေ အပစ်အခတ် ခံနေရစဉ်မှာပင် ရှေ့ဆင့်နောက်ဆင့် တိုက်မိသော ကားပေါ်မှ လူတွေ ဝရုန်းသုန်း

ကားနှင့် အောက်ကို ဆင်းသည်။ ဂျာကင်သမားနှစ်ယောက်က ကားချင်းတိုက်ရာတွင် ထိခိုက်ဒဏ်ရာ ရသွားပုံပေါ်သော အတာချီကော့(စ်)နှင့်လူကိုတွဲပြီး သစ်ပင်အကွယ်သို့ တိုးဝင်သည်။

စက်သေနတ်သမားက ကားနှစ်စီးပေါ်မှ အလဲလဲ အကွဲကွဲနှင့် ဆင်းလာသူတို့အား လှမ်းပစ်သံ ပေါ်လာသည်။ သန်းမောင်သည် သစ်ပင်အကွယ်သို့ တိုးဝင်နေသော ဂျာကင်သမားတစ်ယောက်ကို လက်ထဲမှ ပစ္စတိုဖြင့် လှမ်းပစ်သည်။ ကိုးမီလီမီတာ ကျည်ဆံထိမှန်ချက်ကြောင့် ဂျာကင်သမား ကော့လန်ပြီး လဲကျသွား၏။

သန်းမောင်က ဂျာကင်သမားကို ပစ်ပြီး ချက်ချင်းနေရာပြောင်းလိုက်သည်။ ဒုတိယဂျာကင်သမားသည် သန်းမောင် ရှိနေခဲ့သော သစ်ပင်ဆီသို့ သေနတ်ဖြင့် လှမ်းပစ်သည်။ သန်းမောင်က တဖြည်းဖြည်း နေရာရွှေ့ပြီး ဂျာကင်သမား၏ ဘေးဘက်သို့ အရောက်တွင် ပစ္စတိုကို မြှောက်ချိန်ကာ မောင်းဖြုတ်လိုက်သည်။ ပေါက်ကွဲမြည်ဟီးသွားသော သေနတ်သံနှင့်အတူ ဒုတိယဂျာကင်သမား ဘေးတိုက်လဲကျသွားသည်။





ကားခြင်းတိုက်မိစဉ် ဦးခေါင်းတွင် ဒဏ်ရာရလိုက်သော အတက်ချီကော့(စ်)နှင့်လူ နေရာမှထပြီး ဒရီးဒယိုင်နှင့် ပြေးသည်။ သန်းမောင်က ကျောခိုင်းပြီး ပြေးနေသူကို ပစ္စတိုဖြင့် လှမ်းပစ်လိုက်၏။ အတက်ချီကော့(စ်)နှင့်လူရှေ့ကို ဟပ်ထိုးကျသွားသည်။

တောအုပ်အတွင်း၌ ပစ်သံခတ်သံတွေ ပျောက်သွား၏။ သန်းမောင်က အတက်ချီကော့စ်နှင့်လူထံသို့ ပြေးဝင်သည်။ ထိုသူမှာ အသက်မရှိတော့ ရတနာတွေ ထည့်ထားသည့် သတ္တုသေတ္တာမှာ သံကြိုးတွဲပြီး သူ၏လက်ကောက်ဝတ်နှင့် လက်ထိပ်ခတ်ထားလျက် ရှိသည်ကို တွေ့ရ၏။ သန်းမောင်က လက်ထိပ်သော့ပေါက်ကို သေနတ်ဖြင့် ပစ်ဖွင့်ပြီး အတက်ချီကော့(စ်)ကို ယူလိုက်သည်။

"ဪ'

လက်ထဲသို့ ရတနာသေတ္တာ ရောက်သည်နှင့် သန်းမောင်က လက်ခေါက်မှုတ်လိုက်သည်။ ပြီးရတနာသေတ္တာကို ဆွဲပြီး သူ့ကားရပ်ထားရာသို့ ပြေးသည်။ ကားအနီးတွင် အကျော်နှင့် ရာဂျားတို့ ရောက်နေသည်ကို တွေ့ရ၏။

"ကျန်တဲ့လူတွေကော . . "

"သေကုန်ပြီ"

"တစ်ယောက်မှ မကျန်ဘူးလား"

သန်းမောင်က မယုံသင်္ကာသော အကြည့်ဖြင့် ဘကျော်တို့ကို ကြည့်ရင်း မေးသည်။

"သူဘို့သေကုန်ပါပြီ ဘော့(စ်)၊ ကျွန်တော် သေသေချာချာ ကြည့်ခဲ့ပါတယ်၊ ရန်သူတွေလည်း တစ်ယောက်မှ မရှိတော့ဘူး"

"ဒါဆိုရင် ကားပေါ်တက် . . ကားကို ရာဂျူးကမောင်း"

"အိုကေ ဘော့(စ်)"

ရာဂျူးက ကားကို ပြေပြေလေး ဆင်းသွားသည့် အဆင်းလမ်းအတိုင်း မောင်းပြီး ဒုတိယတောင်ကုန်းပေါ်သို့ တက်သည်။ တောင်ကုန်းထိပ်သို့ အရောက်တွင် ရပ်လိုက်၏။

ကားရပ်သွားသည်နှင့် သန်းမောင်တို့အားလုံး ကားပေါ်မှ ဆင်းကြသည်။ ထို့နောက် ကားကို တောင်အောက် ပေအစိတ်ခန့် နက်သော ချောက်အတွင်းသို့ တွန်းချလိုက်သည်။

"မြန်မြန်လာ . . ဒီနေရာက ပစ်သံခတ်သံတွေကြောင့် ရဲတွေ ရောက်လာမှာ သေချာတယ်"





သန်းမောင်က ရာဂျူးတို့ကို လောဆော်ပြီး လမ်းဘေးတောအုပ်အတွင်းသို့ ပြေးဝင်သည်။ ရာဂျူးနှင့်အကျော်တို့က သန်းမောင်၏ နောက်မှ ထပ်ချပ်မကွာ လိုက်၏။

သန်းမောင်သည် တောအုပ်အတွင်းမှနေ၍ တောင်ကုန်း၏ အခြားတစ်ဖက်သို့ ဆင်းသည်။ အဆင်းလမ်းသည် ပြေပြေပြစ်ပြစ် မရှိ။ မကြာခဏ လဲမလို ပြုမလို ဖြစ်ရ၏။

"မင်းတို့ရှေ့မှာ လမ်းရှင်းမရှင်း ကြည့်ကြမယ်၊ ငါတို့ မြို့ထဲကို ဝင်မယ်"

"ဟုတ်ကဲ့ ဘော့(စ်)"

ရာဂျူးနှင့် အကျော်တို့က သန်းမောင်ရှေ့ကို ပြေးထွက်သည်။ သန်းမောင်က ခြေလှမ်းကို တမင်နှေးကွေးစွာ လျှောက်ရင်း သူ၏သေနတ်တွင် အသံထိန်းပြောင်းပိုကို ရစ်ပြီးတပ်လိုက်သည်။ ရှေ့ကိုလျှောက်ထွက်သွားသော ရာဂျူးနှင့် ဘကျော်တို့ ပတ်ဝန်းကျင်ကို ကြည့်ကာ တုန့်ရပ်လိုက်စဉ် သန်းမောင်က သေနတ်ဖြင့် ထိုးချိန်ပြီး ဆက်တိုက်ပစ်လိုက်၏။

ချောင်းဆိုးသံပမာ ခတ်အုပ်အုပ် မြည်သွားသံနှင့်အတူ ရာဂျူးနှင့် ဘကျော်တို့ ရှေ့ကို ထိုးကျသွားသည်။ သန်းမောင်က

၎င်းတို့နှစ်ယောက် အနားသို့ ပြေးကပ်ပြီး ကြည့်သည်။ လူတစ်ခြား သေနတ်တစ်ခြား ဖြစ်နေကြသော ရာဂျာနှင့်ဘကျော်တို့ ငြိမ်သက်သွားမှ အားရပါးရပြုံးပြီး သေနတ်ကို ပြောင်းပိုဖြုတ်ကာ သိမ်းသည်။ ထို့နောက် မြို့နှင့်ဆန့်ကျင်ဘက်သို့ ခပ်သွက်သွက် လျှောက်ထွက်သည်။

“ငါ့လူယုံ သေသွားပြီဆိုတော့ ဒီလမ်းကို ငါတစ်ယောက်တည်း သွားရတော့မယ်၊ အင်းလေ . . သူ့မှာ ခံစားခွင့်မရှိလို့ အခုလို ဖြစ်တာဘဲ သဘောထားရမှာပေါ့”

တစ်ယောက်ထည်း တောလမ်းအတိုင်း လျှောက်ရင်း ပင်ပမ်းနွမ်းနယ်လာသဖြင့် သန်းမောင်က သစ်ပင်တစ်ပင် ခြေရင်းတွင် ထိုင်ချကာ ခေတ္တနားသည်။ ထိုအချိန်မှာပင် ရွှေတောင်ကုန်းမြို့ဘက်မှ ပျံတက်လာသော ရဟတ်ယာဉ်တစ်စီး၏ အသံကို ကြားရ၏။

ရဟတ်ယာဉ် ပျံသန်းလာသံကြောင့် သန်းမောင် ရင်ထိတ်သွားသည်။ သစ်ပင်အောက်မှခွာပြီး ချုံထူထူအောက်သို့ ဟိုးဝင်သည်။ ချုံအတွင်းမှနေ၍ ကောင်းကင်ပေါ်သို့ မော်ကြည့်၏။





ရဟတ်ယာဉ်တစ်စီး သန်းမောင် ရောက်ရှိနေသော တောအုပ်အပေါ်မှ ဝေါခနဲ ဖြတ်ပျံသည်။ ရဟတ်ယာဉ်က နိမ့်နိမ့်လေး ပျံသွားသဖြင့် သစ်ပင်ကိုင်းများတို့ တသိမ့်သိမ့် ခါသွား၏။

“တောက် . . သူတို့ဒီလိုလုပ်နိုင်တယ်ဆိုတာ ငါဘာဖြစ်လို့ မစဉ်းစားမိတာလဲ၊ တောထဲမှာ ဝှက်ထားတဲ့ကားကို မြင်သွားရင်တော့ ငါပြေးရခက်ပြီ”

သန်းမောင်က သူ့ကိုယ်သူ အပြစ်တင်ရင်း နေရာမှ ခွာမည်ပြုသည်။ ထိုအချိန်မှာပင် ရဟတ်ယာဉ် တစ်ပတ်ပြန်လှည့်လာသဖြင့် ချုံထဲ၌ ပြန်ဝပ်နေလိုက်ရ၏။

“ရဲတွေက ငါဒီတောထဲမှာဘဲ ရှိမယ်လို့ တွက်ထားကြတာနဲ့ တူတယ်၊ ငါဒီနေရာနဲ့ ဝေးအောင် မြန်မြန်သွားမှ ဖြစ်မယ်၊ ကားရပ်ထားတဲ့ နေရာကိုရောက်ဖို့က တစ်မိုင်လောက်လိုသေးတယ်၊ အဲဒီနေရာကို ရောက်မှ ငါလွတ်မြောက်နိုင်မှာ”

ရဟတ်ယာဉ် စက်သံကို ကြားရပြန်သည်။ သန်းမောင် ရင်ထိတ်သွားပြီး သစ်ပင်အောက်သို့ ပြေးကပ်၏။ သို့သော် ရဟတ်ယာဉ်က သူရှိနေသည့် တောအုပ်ဘက်သို့ မလာဘဲ၊ အ

ခြားတစ်ဖက်သို့ ထွက်သွားသည်။ သန်းမောင် သက်ပြင်းချပြီး ဆက်လျှောက်သည်။

သစ်ပင်တွေ ပါးရာသို့ ရောက်လာသည်။ သန်းမောင်က နေရာမှတစ်နေရာသို့ သတိထားပြီး ကူးကာ လျှောက်သည်။ သူ့မျက်လုံးများက အငြိမ်မနေနိုင်ဘဲ ဘေးဘီဝန်းကျင်မပြတ် ကြည့်လာ၏။

စလင်းချောင်းငယ်တစ်ခုကို ဖြတ်ကျော်စဉ် သန်းမောင် ပျော်သွားသည်။ စမ်းချောင်း၏ အခြားတစ်ဖက်တွင် ကျောက်ခင်းလမ်းတစ်လမ်းကို တွေ့ရ၏။ ထိုလမ်းဘေး၌ ချုံတွေပိတ်နေသည်။

သန်းမောင်က ချုံတွေရှိရာသို့ လျှောက်ခဲ့ကာ တစ်နေရာပြီးတစ်နေရာသို့ ကြည့်သည်။ ချုံကြီးနှစ်ချုံကြားတွင် ရပ်ထားသည့်ကားကို တွေ့ရသည့်အခါ သူက အားရပါးရ ပြုံးလိုက်လေသည်။



အခန်း(၁၉)

သန်းမောင်သည် ကားကို ထင်းရှူးတောကြားမှ ဖြတ်ဖောက်ထားသော လမ်းအတိုင်း ကျင်လည်စွာ မောင်းနေသည်။ သူ၏နှုတ်ဖျားတွင် စီးကရက်တစ်လိပ်ကို ခဲထားသည်။ သူ့အမူအရာက အေးဆေးတည်ငြိမ်ပြီး အပန်းဖြေခရီး ထွက်လာသည့်ပုံမျိုး ပေါ်နေသည်။

သူက ကားကို မောင်းနှင်နေရင်းမှ ကားရှေ့ခန်း ကြမ်းပြင်ပေါ် ချထားသည့် ရတနာသေတ္တာဆီသို့ အကြည့်ရောက်သွားသည်။ ရတနာသေတ္တာကို တွေ့ရစဉ် နွေးထွေးသော ခံစား

ချက်တစ်ရပ် သူ့ရင်ထဲသို့ တိုးဝင်လာသည်။ ရွှေတောင်ကုန်းနှင့် မိုင်ခုနစ်ဆယ်ကျော် ဝေးခဲ့ပြီဆိုသည့် အသိက သူ၏စိတ်ကို တိုး၍ တည်ငြိမ်စေနေသကဲ့သို့ ရှိသည်။

ထင်းရှူးတောဖြင့်ပြီးသော တောင်တန်း၏ အမြင့်ဆုံးသို့ ရောက်လာသည်။ ရှေ့တွင် ဂငယ်ကွေ့ကွေပြီး အဆင်းလမ်းစတင်ပြီ ဖြစ်ကြောင်း သန်းမောင် သတိရလိုက်၏။

ဂငယ်ကွေ့သို့ အရောက်တွင် ကားကို ရပ်လိုက်သည်။ သန်းမောင်သည် ကားပေါ်မှပင် အောက်ဘက်ရှုခင်းကို လှမ်းမျှော်ကြည့်၏။ ကွေ့ကွေ့ကောက်ကောက်နှင့် ဆင်းသွားသည့် လမ်းကို အနိမ့်ပိုင်းတွင် ကန့်လန့်ဖြတ် တွေ့ရသည်။ ထိုနေရာတွင် မြစ်ချောင်းတစ်ခု ဆီးကာနေပြီး ရှည်လျားသော တံတားတစ်စင်း ရှိနေသည်။

တံတားဘေးတွင် မြစ်ချောင်းနှင့်ယှဉ်လျက် အတွင်းဘက်သို့ ဝင်သည့် လမ်းတစ်လမ်း ရှိသည်။ ထိုလမ်းအဆုံး မြစ်ကမ်းနဖူးတွင် အမိုးနီနီနှင့် အဆောက်အဦးတစ်ခု ရှိနေသည်ကို တွေ့ရ၏။

"သိန်းတန်ကတော့ စီစဉ်ထားတဲ့အတိုင်း အပန်းဖြေ





အိမ်လေးကနေ ငါ့ကို စောင့်နေမှာ သေချာတယ်၊ အပန်းဖြေအိမ်ကို ရောက်ပြီဆိုရင် အန္တရာယ်တွေ ကြားကနေ ငါလွတ်ပြီး သိန်းတန်ရဲ့ စပိဘုတ်လေးနဲ့ မြစ်ကြောင်းအတိုင်း စုန်ဆင်းသွားရုံဘဲ"

သန်းမောင်က သူ့အတွေးနှင့်သူ ကျေနပ်သွားပြီး ရပ်ထားသည့် ကားကို မောင်းထွက်သည်။ ကားက တောင်ဆင်းလမ်းအတိုင်း လျင်မြန်စွာ ပြေးဆင်း၏။ အသွားအလာ ရှင်းသောလမ်း ဖြစ်၍ သန်းမောင်က ကားကို အရှိန်မလျော့ဘဲ မောင်းသည်။ လမ်းကွေ့များသို့ ရောက်တိုင်းတွင် ကတ္တရာလမ်းနှင့် ကားဘီးပွတ်တိုက်သံ ကျယ်လောင်စွာ ပေါ်ထွက်လာတတ်သည်။

ကွေ့ဆယ့်တစ်ကွေ့ကို လွန်မြောက်ပြီး နောက်တွင် အနိမ့်ပိုင်းသို့ ရောက်လာသည်။ ထင်းရှူးပင်များ ပါးသွားသော မြေညီလမ်းအတိုင်း မောင်းခဲ့ပြီး တစ်ဖာလုံခန့်တွင် မြစ်ကူးတံတားကို တွေ့ရ၏။ သန်းမောင်က မြစ်ကူးတံတားသို့ မရောက်ခင် တွေ့ရသည့် ကျောက်ခင်းလမ်းသို့ ကားကို ကွေ့ဝင်သည်။ မြစ်နှင့်ယှဉ်နေသော ထိုလမ်းအတိုင်း ဆက်မောင်းခဲ့၏။

အတွင်းဘက်သို့ တစ်မိုင်ခန့် ဝင်မိသည်နှင့် မြစ်ကမ်း

နဖူးရှိ အမိုးနီနီ အဆောက်အဦးကို တွေ့ရသည်။ အပန်းဖြေ အိမ်ဟု အမည်ပေးထားသော ထိုအိမ်ရှေ့တွင် ကားကို ထိုးရပ် လိုက်ပြီး သန်းမောင် ကားပေါ်မှ ဆင်းသည်။

"သိန်းတန်ရေ . . သိန်းတန်"

သန်းမောင်က တံခါးပိတ်ထားသော အိမ်ရှေ့တွင် ရပ်ပြီး အော်ခေါ်လိုက်သည်။

"သန်းမောင်လားဟေ့"

"အေး . . ဟုတ်တယ်"

"ဝင်လာလေကွာ . . တံခါးက စေ့ရုံဘဲ စေ့ထားတာ"

သန်းမောင်က ကားထဲမှ ရတနာသေတ္တာကို ယူသည်။ ရတနာသေတ္တာကို ဘယ်လက်ဖြင့် ပိုက်ကိုင်ပြီး စေ့ရုံစေ့ထား သော တံခါးကို ဖွင့်ကာ အိမ်အတွင်းသို့ ဝင်လိုက်သည်။

အိမ်ရှေ့ခန်းတွင် သူမျှော်လင့်ထားသလို သိန်းတန်ကို မတွေ့ရ။ သန်းမောင်က မျက်မှောင်လေး မသိမသာ ကြုံ့ပြီး ပတ်ဝန်းကျင်ကို မျက်လုံးဝေ့ကြည့်သည်။

"သိန်းတန် မင်းဘယ်မှာလဲ"

"သိန်းတန်ရှေ့က အခန်းထဲမှာပါ၊ လောလောဆယ် မင်း





ရောက်နေတဲ့ နေရာမှာ ငြိမ်ငြိမ်လေး နေပါ၊ လှုပ်လိုက်တာနဲ့ မင်းသေပြီလို့မှတ်"

ရုတ်တရက် ပေါ်ထွက်လာသည့် စကားသံကြောင့် သန်း မောင် တစ်ကိုယ်လုံး တောင့်တင်းသွားသည်။ သူက နောက်ကို လှည့်ကြည့်မည် အပြုတွင် တုတ်ခနဲ မြည်သံနှင့်အတူ သေနတ် ကျည်ဆံတစ်ခု သူခြေရင်း ကြမ်းပြင်ကို ထိုးဖောက်သွားသည်။

"မင်းကို ငါက ငြိမ်ငြိမ်လေးနေဖို့ ပြောထားတယ်လေ"

"မင်း ဘယ်သူလဲ"

"ငါက ဘယ်သူလဲဆိုတာ အခုဘဲ မင်းသိရမှာပါ၊ မင်း လက်ထဲက ရတနာသေတ္တာကို အောက်ချထားလိုက်ပြီးရင် မင်း ခါးကြားမှာ ထိုးထားတဲ့ ပစ္စည်းကို လက်နှစ်ချောင်းနဲ့ ညှပ်ကိုင် ပြီး ဖြည်းဖြည်းဆွဲထုတ် ကြမ်းပြင်ပေါ်ကိုချ . . ငါခိုင်းတာကို မြန်မြန်လုပ်စမ်း"

အသံတိတ် ပြောင်းပိုတပ်ထားသော သေနတ်သံ ထုတ် ခနဲ ပေါ်လာသည်။ သန်းမောင်က လက်ထဲမှ ရတနာသေတ္တာကို ချသည်။ ပြီးနောက် ခါးကြားတွင် ထိုးထားသော ပစ္စတိုကို လက် ညှိုးလက်မတို့ဖြင့် ဆွဲထုတ်ပြီး ကြမ်းပြင်ပေါ်သို့ ချလိုက်သည်။

"ဟုတ်ပြီ . . အဲသလိုမှပေါ့၊ ကဲ . . မင်းအခု ရှေ့ကို လျှောက်သွား ရှေ့က တံခါးရှေ့မှာရပ်"

သန်းမောင်က နောက်မှ သေနတ်သမား၏ အမိန့်အတိုင်း လိုက်နာလုပ်ကိုင်သည်။ ပိတ်ထားသည့် အခန်းကျူး တံခါးရှေ့ကို အရောက်တွင် တုန့်ရပ်လိုက်သည်။

"ဟုတ်ပြီ . . မင်းလှည့်ကြည့်ချင်တယ်ဆိုရင် လှည့်ကြည့်ပေတော့"

နောက်မှလူ၏ စကားအတိုင်း သန်းမောင်က ဖြည်းညင်းစွာ လှည့်ကြည့်သည်။ ထိုအခါ သူ့နောက်အခန်းအလည်တွင် သေနတ်တစ်ဖက် ရတနာသေတ္တာတစ်ဖက်ကိုင်ပြီး ရပ်နေသော မင်းနောင်အား တွေ့လိုက်ရသည်။

"ဟင် : . မင်းနောင်"

"ဟား . . ဟား . . ဟုတ်ပါတယ်၊ ငါပါဘဲ သူခိုးလက်က သူဝှက်လုဆိုတဲ့ စကားကို မင်းအခု သဘောပေါက်ပြီ ထင်ပါတယ်"

"သစ္စာဖောက် . . လူယုတ်မာ တောက် . . မင်းကွာ"

"မင်းစကားကို ပြန်ရုပ်သိမ်းစမ်း သန်းမောင်၊ မင်းနဲ့





ငါ လမ်းခွဲခဲ့ပြီးပြီလေ၊ မင်းကတောင် ငါ့ကိုသတ်ဖို့ အမိန့်ပေးခဲ့သေးတာဘဲ၊ ငါက အသက်ပြင်းလို့ မသေဘဲ မင်းကို ပြန်ဒုက္ခပေးတာ၊ အတုန့်အလှည့်ဆိုတာ နားလည်ပြီး မင်းကျေနပ်သင့်ပါတယ်"

"ခွေးမသား . . မင်း . ."

သန်းမောင်၏နှုတ်မှ ညစ်ညစ်ညမ်းညမ်း ဆဲဆိုလိုက်သံတွေ ပေါ်လာသည်။ မင်းနောင်က သေနတ်မောင်းကို ဆွဲညှစ်လိုက်၏။ ထုတ်ခနဲ မြည်သွားသံနှင့်အတူ ကျည်ဆံက သန်းမောင် ရပ်နေသည့်ဘေးရှိ တံခါးဘောင်ကို ထိမှန်သည်။

"နောက်တစ်ခွန်း ထပ်ဆဲရင် ကျည်ဆံတွေ မင်းနှလုံးသားထဲကို ဖောက်ဝင်သွားလိမ့်မယ် သန်းမောင်"

မင်းနောင်၏ စူးရဲသောအကြည့်၊ ခက်ထန်တင်းမာသော မျက်နှာ အမူအယာတို့က သန်းမောင်အား နှုတ်ပိတ်သွားစေသည်။ သူ့မျက်လုံးအစုံကမူ မကျေနပ်နိုင်ဟန်ဖြင့် မင်းနောင်ကို စူးစိုက်ကြည့်နေလျက် ရှိသည်။

"ရှေ့က အခန်းထဲမှာ မင်းမိတ်ဆွေကြီး သိန်းတန် ရှိတယ်၊ သူရှိနေတဲ့ အခန်းထဲကို သွားပေတော့၊ ကဲ . . ဝင်"

သန်းမောင်က တုန့်ဆိုင်းဆိုင်း အမူအရာဖြင့် အခန်းတံခါးကို တွန်းဖွင့်ပြီး အတွင်းသို့ ဝင်သည်။

"တံခါးကို ပြန်ပိတ်လိုက်"

မင်းနောင်က ရတနာသေတ္တာကို အခန်းအလည်တွင် ချထားပြီး သန်းမောင် ဝင်သွားသည့် အခန်းရှိရာသို့ ခြေဖော့နင်း၍ ချဉ်းကပ်သည်။ အခန်းတံခါးကို အပြင်ဘက်မှနေ၍ ချက်ထိုးပြီး နောက်ပြန်ဆုတ်သည်။ အခန်းအလည်တွင် ရှိနေသော ရတနာသေတ္တာကို ကောက်ယူပြီး အပြင်သို့ ထွက်သည်။

အပြင်ဘက်တွင် ရပ်ထားသော သန်းမောင်၏ ကားပေါ်သို့ ရတနာသေတ္တာကို တင်ပြီး ကားအတွင်းသို့ ငုံ့ကြည့်သည်။ ကားပေါ်တွင် ကျည်ကပ်နှစ်ကပ်နှင့် အမဲဝမ်းဆက် သေနတ်တစ်လက် ရှိနေသည်ကို တွေ့ရ၏။

မင်းနောင်က ကားပေါ်သို့ တက်ပြီး ကားကို စက်နှိုးလိုက်သည်။ ကားကို အပန်းဖြေ အိမ်ရှေ့တွင် ဂငယ်ကွေ့ကွေ့ပြီး မြစ်ကူးတံတားဘက်သို့ စက်ကုန်ဖွင့် မောင်းထွက်သည်။

မင်းနောင်က ကားကို စက်ကုန်ဖွင့် မောင်းထွက်သွားချိန်မှာပင် သန်းမောင်သည် သွန်မဆင် စက်သေနတ်ဖြင့် အ





ခန်းတံခါးကို ပစ်ဖွင့်ပြီး အပြင်သို့ ပြေးထွက်သည်။ တစ်ဆက်တည်းပင် အိမ်မှန်ပြတင်း တစ်ချပ်ကိုဆွဲကာ တံတားဘက်သို့ မောင်းထွက်သွားနေသော ကားကို စက်သေနတ်ဖြင့် လှမ်းပစ်သည်။

ကိုက်ငါးရာထိ ထိရောက်မှုရှိသော စက်သေနတ်ကျည်ဆံများ မင်းနောင် မောင်းထွက်သွားသော ကားဆီသို့ ပြေးထွက်သည်။ ကျည်ဆံအတော်များများက ကားနောက်ဖုန်းကို ထိမှန်သည်။ ကျည်ဆံတစ်တောင့်က ကားနောက်ဘီးကို ထိမှန်သွား၏။

ကားဘီးပေါက်ကွဲသံ ကျယ်လောင်စွာ ပေါ်လာသည်။ အရှိန်ဖြင့် မောင်းသွားသည်။ ကားမှာ မြစ်ဘက်သို့ ဒရွတ်တိုက်ပါသွား၏။ မင်းနောင် ရင်ထိတ်သွားပြီး ကားလမ်းအတိုင်း ဘီးခွေကို လမ်းဘက်သို့ လှည့်သည်။ ကားက တိမ်းမှောက်မတတ်စောင်းသွားပြီး လမ်းပေါ်သို့ တက်သည်။

ဘီးတစ်ဘီး ပေါက်သွားသည့် ကားကို ထိန်းသိမ်းမောင်းနှင်ရသည်က မလွယ်၊ မင်းနောင်သည် ကားကို အရှိန်လျှော့သည်။ ပေါက်သွားသော ကားနောက်ဘီးလမ်းနှင့် တခုံးခုံး

ဆောင့်နေသံကို ကြားရသည်။ သူက ကားကို အတော်ဝေးဝေး သို့ ရောက်သည်ထိ ထိမ်းသိမ်း မောင်းနှင်ပြီးနောက် လမ်းပေါ် တွင် ကန့်လန့်ဖြတ်ကာ ရပ်လိုက်သည်။ ကားပေါ်မှဆင်းပြီး ရတနာသေတ္တာတစ်ဖက် သေနတ်တစ်ဖက်နှင့် ကားလမ်းဘေး တောအုပ်ထဲသို့ ပြေးဝင်သည်။

မင်းနောင် တောအုပ်ထဲသို့ ဝင်ရောက်သွားစဉ်မှာပင် သန်းမောင်က သိန်းတန်ရှိနေသော အခန်းထဲသို့ ပြန်ဝင်သည်။ တိုင်တစ်တိုင်တွင် ကြိုးဖြင့် တုတ်ခံထားရသော သိန်းတန်အား အနှောင်အဖွဲ့မှ လွတ်အောင် ကြိုးဖြည်ပေးသည်။ ကြိုးဖြည်ပြီး မှ သိန်းတန်၏ ပါးစပ်အပေါ် အုပ်ကပ်ထားသော ပလာစတာ ကို ခွာလိုက်သည်။

"ဘယ်လိုဖြစ်တာလဲ သိန်းတန်"

"ငါမင်းကို စောင့်နေတုန်း ဟိုလူရောက်လာပြီး ငါ့ကို ဖမ်းဆီးချုပ်နှောင်လိုက်တာဘဲ၊ ဒီလူက တော်တော်လျင်တယ်၊ ငါ့ကို လွယ်လွယ်လေးနဲ့ ထိန်းချုပ်လိုက်တယ်၊ ဒါပေမယ့် နာ အောင်ကျင်အောင်တော့ မလုပ်ပါဘူး"

"ဒါကိုဘဲ မင်းက ကျေးဇူးတင်နေတယ်ပေါ့ . . မြန်မြန်





ထ ဟော့ကောင် မင်းအဘက ငါ့ရတနာသေတ္တာကို သုတ်သွား ပြီ၊ စပိဘုတ်နဲ့ လိုက်မယ်၊ မြန်မြန်လုပ်"

"ဘာဖြစ်လို့လဲ သူ မြစ်ကြောင်းအတိုင်း ပြေးလို့လား"

"ဟာ . . စကားများလိုက်တာ မင်းအဘက ကားနဲ့တံ တားဘက်ကို မောင်းပြေးတယ်၊ ကားဘီးကို ငါသေနတ်နဲ့ ပစ် ပေါက်လိုက်လို့ ဒီကောင် ခရီးတွင်မှာ မဟုတ်ဘူး"

"ဩော် . . ဒီလိုလား၊ ဒါဆိုရင် လာလေ"

သိန်းတန်က အိတ်ထဲမှ ပြေးထွက်သည်။ ပြေးလွှားရင်း မှ သူက ရိုင်ဖယ်တစ်လက်ကို ဆွဲယူသွားသည်။ အိမ်အပြင်သို့ ရောက်သည်နှင့် သိန်းတန်က မြစ်ဆိပ်သို့ ဆင်းသည်။ သစ်သား တံတားတွင် ကြိုးဖြင့် ချည်ထားသည့် စပိဘုတ်ပေါ်သို့ ခုန်တက် ပြီး စက်နှိုးသည်။

သန်းမောင်က သိန်းတန်၏ နောက်မှ ပြေးလိုက်သည်။ သူက စပိဘုတ်ပေါ်သို့ ခုန်တက်ပြီး သစ်သားတံတားတွင် ချည် ထားသည့် ကြိုးကို ဖြည်လိုက်သည်။ သိန်းတန်က စပိဘုတ်ကို မြစ်ကြောင်းအတိုင်း မောင်းထွက်၏။

သန်းမောင်က စက်သေနတ်ကို အသင့်ကိုင်ပြီး မြစ်နှင့်

မျဉ်းပြိုင်ဖြစ်နေသော ကားလမ်းတူရှုသို့ ကြည့်သည်။ တံတားသို့ မရောက်ခင် လမ်းခုလတ်၌ ရပ်ထားသော ကားကို တွေ့ရ၏။ လမ်းပေါ် ကန့်လန့်ဖြတ် ရပ်ထားသော ကားပေါ်တွင် မင်းနောင်မရှိ။

"ရပ် . . ရပ်"

"ဘာလဲ သန်းမောင်"

"ရပ် . . ကမ်းကပ်"

သန်းမောင်က လမ်းပေါ်မှ ကားကို လက်ညှိုးထိုးပြပြီး အော်ပြောသည်။ သိန်းတန် နားလည် သဘောပေါက်သွားပြီး စပီဘုတ်ကို ကမ်းကပ်လိုက်သည်။ သိန်းမောင်က စပီဘုတ်ပေါ်မှ နေ၍ ကုန်းပေါ်သို့ တက်သည်။ စပီဘုတ်မှကြိုးကို ဆွဲယူပြီး သစ်ပင်တစ်ပင်တွင် ချည်နှောင်ထားလိုက်သည်။ ထိုအချိန်မှပင် သိန်းတန် ကုန်းပေါ်သို့ ခုန်တက်လာ၏။

"ကားအနားကို အရမ်းမကပ်နဲ့နော် သိန်းတန်"

"ဘာဖြစ်လို့လဲ"

"မင်းအဘက တောက်ချောက်ဆင်ချင် ဆင်ခဲ့မှာ သိရဲ့လား"





သိန်းတန်က သန်းမောင်၏ မျက်နှာကို ဖျပ်ခနဲ လှမ်းကြည့်သည်။

"များပြီနော် ဟေ့ကောင်"

"ဘာလဲကွ . . ဘာများတာလဲ"

"မင့်အဘ မင်းအဘနဲ့ ပြောနေတာ များပြီ၊ အဲဒီခွေးကောင်ကိုတော့လား၊ တွေ့ရင် အမှုန့်ချေပစ်မယ်"

"တွေ့မှ အမှုန့်ချေမှာ မဟုတ်လား၊ အခု မတွေ့သေးတော့ တွေ့အောင် လိုက်ရှာရမယ်၊ လာ . . သိန်းတန် သတိတော့ ထားနော်၊ ဒီကောင်က သိပ်လျင်တယ်"

"သူနဲ့ငါ တစ်ခါတွေ့ပြီးပါပြီ၊ ဒီတစ်ခါတော့ ငါအလှည့်ပေါ့ကွာ"

သန်းမောင်နှင့် သိန်းတန်တို့ ကားရပ်ထားရာသို့ ပြေးထွက်ခဲ့ကြသည်။ လက်ထဲမှ သေနတ်တွေကို အသင့်ကိုင်ပြီး ကားနှင့်မနီးမဝေးတွင် ရပ်သည်။ ကားရပ်ထားရာဆီသို့ လှမ်းကြည့်အကဲခတ်သည်။ ပြီးမှ ဖြည်းဖြည်းခြင်း ရှေ့ကို တိုးသည်။

"ကားပေါ်မှာ ဘာထောက်ချောက်မှ မရှိနိုင်ပါဘူး၊ မင်းကောင်က မောင်းလို့မရတော့တာနဲ့ ဆင်းပြေးသွားတာ ထောင်

ချောက်ဆင်ဖို့ စဉ်းစားချိန်တောင်ရမှာ မဟုတ်ဘူး"

"အေး . . ဒါလဲ ဟုတ်တာဘဲ"

သန်းမောင်က ကားအနီးသို့ ချဉ်းကပ်သည်။ ကားပြ တင်းမှနေ၍ ကားအတွင်းသို့ ကြည့်သည်။ ကားထဲတွင် ဘာမှ မရှိ၊ သန်းမောင်က ရှေ့ဘူရှိ တောအုပ်ထဲသို့ လှမ်းကြည့်သည်။

သစ်ပင်တွေ ထူထပ်ပြီး အနိမ့်အမြင့် မညီညာသော တောထဲတွင် မင်းနောင် ရှိနေမည်မှန်း သူသိသည်။ တောကို ကြည့်ရင်း မင်းနောင် ဖြတ်မည့်လမ်းကို မှန်းဆကြည့်သည်။

"ဒီကောင် ဘယ်နည်းနဲ့မဆို ကားလမ်းပေါ်သို့ တက် ရမယ်၊ ရတနာသေတ္တာတစ်ဖက် သေနတ်တစ်ဖက်နဲ့ဆိုတော့ ခရီးမတွင်နိုင်ဘူး၊ ငါတို့ ကားလမ်းဘက်ကို ဖြတ်တက်ရအောင်"

"အေး . . အဲဒါကောင်းတယ်၊ ကဲ . . မင်းငါ့နောက် ကို လိုက်ခဲ့"

လမ်းကျွမ်းသော သိန်းတန်က ရှေ့မှဦးဆောင်ပြီး လျှောက်သည်။ သူက တောအုပ်ထဲသို့ဝင်ပြီး ကုန်းစောင်းအ တိုင်း တောင်ပေါ်သို့ တက်သည်။

"အပေါ်ကိုချည်းဘဲ စွတ်တက်မနေနဲ့ . . ဘေးဆီကို





လည်း ကြည့်ဦး"

သန်းမောင်က သိန်းတန် ဦးဆောင်ရာနောက်သို့ လိုက် ရင်းမှ ပြောသည်။ သိန်းတန်က ခေါင်းညိတ်လိုက်၏။

"အေးပါ . . ကြည့်ပါတယ်၊ ဒီတောထဲ ဝင်သွားတဲ့ ကောင်၊ ငါ့လက်ထဲက မလွတ်နိုင်ပါဘူး၊ ဒီတောက ငါပိုင်တဲ့ တော၊ ငါကျွမ်းကျင်တဲ့ တောပါ"

"အေးပါ မင်းကို အားကိုးပါတယ်"

သိန်းတန်က ကျောက်ဆောင်ကြီး တစ်ခုရှိနေရာသို့ ချဉ်း ကပ်သည်။ သူက ကျောက်ဆောင်ပေါ်သို့ တက်ပြီး အပေါ်မှနေ ၍ တောအုပ်တစ်ခုလုံးကို ကြည့်သည်။

ညာဘက်အတော်ဝေးဝေးမှ လူတစ်ယောက်၏ လှုပ် ရှားမှုကို တွေ့ရသည်။ ထိုသူက အရှေ့ဘက်သို့ ဦးတည်သွားနေ ကြောင်း သိလိုက်၏။

"ဟိုမှာ တွေ့ပြီ . . သူအရှေ့ဘက်ကို သွားနေတာလား၊ သူ့ရှေ့ကနေ ဖြတ်ပိတ်မိအောင် သွားကြမယ်"

## အခန်း(၂၈)



ကျည်အားကောင်းသော ရိုင်ဖယ်သေနတ်သံ တစ်ချက်က တောအုပ်တစ်ခုလုံးကို လှုပ်ရှားသွားစေသည်။

မင်းနောင်သည် ရတနာသေတ္တာကိုဆွဲပြီး တောင်တက်လမ်းဆီသို့ ဦးတည်လျှောက်နေရမှ ရုတ်တရက် ပေါ်လာသော သေနတ်သံနှင့်အတူ သေမင်းတမန် ကျည်ဆံက သူ့မျက်နှာ အနီးမှ ဝီခနဲ ဖြတ်သွားသည်။

မင်းနောင် ထိတ်လန့်တကြား ဖြစ်သွားလျက် မြေပြင်ပေါ် ဝပ်ချလိုက်၏။ သူက တခဏမျှ ငြိမ်နေပြီးနောက် ကိုယ်

ကို လိမ့်ကာ နေရာပြောင်းသည်။ ထင်းရှူးပင် တစ်ပင်အကွယ်သို့ အရောက်တွင် ဒူးထောက်ထိုင်လိုက်ပြီး သူ့အား ပစ်ခတ်လိုက်သည့် ကျည်ဆန်လာရာလမ်းကြောင်းအတိုင်း ကြည့်သည်။

အပေါ်ဘက် ကျောက်တုံးကြီးတစ်တုံး အကွယ်မှ အောက်ဘက်သို့ ကြည့်နေသော သေနတ်သမား တစ်ယောက်ကို တွေ့ရသည်။ သန်းမောင် မဟုတ်ကြောင်း ပုံပန်းသဏ္ဌာန်ကို ကြည့်ရင်း သိလိုက်သည်။

မင်းနောင်က သူ့အိတ်ထဲမှ အဝေးကြည့်မှန်ပြောင်းကို ထုတ်ပြီး ကြည့်သည်။ ထိုအခါ ကျောက်တုံးအကွယ်မှ လူကို ထင်ထင်ရှားရှား မြင်ရသည်။ ထိုလူမှာ သန်းမောင်၏ မိတ်ဆွေ သိန်းတန်ပင် ဖြစ်၏။

သိန်းမောင်သည် ရတနာသေတ္တာရလျှင် သူ့မိတ်ဆွေ သိန်းတန်ထံတွင် ခေတ္တနားမည်။ သိန်းတန် ပြင်ဆင်ထားသော စပိဘုတ်ဖြင့် မြစ်ကြောင်းအတိုင်း တောင်ဘက်သို့ ထွက်ခွာရန် စီစဉ်ထားသည်ကို လျှို့ဝှက်အသံဖမ်းစက်မှ တစ်ဆင့် မင်းနောင် သိခဲ့သည်။

ထို့ကြောင့်ပင် သန်းမောင်တို့ ရတနာသေတ္တာ လုယက်





ရာသို့ မသွားဘဲ သိန်းတန်ထံမှ စောင့်နေခြင်း ဖြစ်၏။ သိန်းတန်အား ချုပ်ကိုင်ရသည်မှာ သူ့အတွက် မခက်ပါ။ သိန်းတန်အား ဖမ်းဆီးပြီး ကြိုးဖြင့်တုတ်ကာ အခန်းထဲသို့ ထည့်ထားစဉ်တွင် သန်းမောင် ရောက်လာခဲ့သည်။

မင်းနောင်က သူ့ဘေးတွင် ချထားသော ရတနာသေတ္တာကို တစ်ချက်ကြည့်သည်။ ယခုအတိုင်း ရတနာသေတ္တာကို သယ်မပြီး ပြေးနေလျှင် ကြာရှည်မှာ မလွယ်ကြောင်း တွေးမိသည်။

သူသည် ကားပေါ်မှ ဆင်းပြေးခဲ့ရသဖြင့် ကြိုတင်စီစဉ်ထားသည့်အတိုင်း မလုပ်နိုင်တော့၊ ယခုလောက်ဆိုလျှင် လမ်းခုလတ်က စောင့်နေမည်ဖြစ်သော စိုင်းနွံလည်း လည်တဆန့်ဆန့် ဖြစ်နေတော့မည်ဟု သူတွေးသည်။

သူက ဘေးပတ်ဝန်းကျင်ကို တစ်ချက်ကြည့်သည်။ ညာဘက်ခြုံဘေးတွင် တွင်းဟောင်းတစ်ခုကို တွေ့ရသည်။ မင်းနောင်က ထိုခြုံရှိရာသို့ မီးကျောင်းသွားသွားပြီး ချဉ်းကပ်သည်။ မြေကျင်းအောက်ခြေကို အနည်းငယ်ရှင်းပြီး တွင်းထဲသို့ ရတနာသေတ္တာချသည်။

သေတ္တာပေါ်တွင် သစ်ရွက်ကြွေများ ဖုံးသည်။ မြေကျင်းရှိမှန်း မသိအောင် သစ်ရွက်တွေ ဖုန်းအုပ်ပုံဖျက်ပြီး အနီးရှိ သစ်ပင်ကို ဓားဖြင့်ထစ်ကာ အမှတ်အသား ပြုလုပ်သည်။

မင်းနောင်က ရတနာသေတ္တာကို မြှုပ်နှံပြီး အမှတ်အသား ပြုလုပ်နေစဉ် တောင်ပေါ်သို့ ရောက်နေသော သိန်းတန်မှာ နေရာတစ်နေရာမှ တစ်နေရာသို့ ကူးပြီး အောက်ဆင်းလာနေသည်။

အမှတ်အသား ပြုလုပ်ပြီး နေရာမှ ခွာထွက်စဉ်တွင် အပေါ်မှ ဆင်းလာနေသော သိန်းတန်ကို ရိပ်ခနဲ တွေ့ရ၏။ မင်းနောင်က သိန်းတန်ရှိရာသို့ သေနတ်ဖြင့် တစ်ချက်လှမ်းပစ်ပြီး သစ်ပင်တစ်ပင်မှ တစ်ပင်သို့ ကူးကာ နေရာပြောင်းသည်။

မူလနေရာနှင့် ဆယ်ကိုက်ခန့် အကွာသို့ အရောက်တွင် သေနတ်သံ ပေါ်လာပြီး ကျည်ဆန်တွေ မူလနေရာရှိ သစ်ပင်ကို တဖြည်းဖြည်းနှင့် လာမှန်သည်။ မင်းနောင်က သိန်းတန်ရှိနေရာနှင့် ဓားလွယ်ခုတ်ကျရာဘက် တောင်ပေါ်သို့ ပြေးတက်သည်။

ကိုက်နှစ်ဆယ်ခန့် မြွေလိမ်မြွေကောက် ပြေးခဲ့စဉ် ရှေ့တူရူကိုက်သုံးရာခန့်မှ ပြေးဆင်းလာနေသော သန်းမောင်ကို တွေ့





ရသည်။ သန်းမောင်ကလည်း မင်းနောင်အား တွေ့သွားပြီး လက်ထဲမှ စက်သေနတ်ကို ပင့်ချိန်သည်။

မင်းနောင်က ကိုယ်ကို ညာဘက်သို့ စောင်းကာလိမ့်ချရင်း လက်ထဲမှ ရိုင်ဖယ်ဖြင့် သန်းမောင်အား လှမ်းပစ်သည်။ ကျည်ဆံက အပေါ်သို့ ထောင်တက်သွားပြီး သန်းမောင်ရှိနေရာ၏ အပေါ်ဘက် သစ်ပင်ကို ထိမှန်သည်။

သန်းမောင် မြင်ကွင်းထဲမှ ပျောက်သွားသည်။ မင်းနောင်က နေရာတွင် ရပ်မနေဘဲ အနိမ့်ပိုင်းသို့ ပြန်ဆင်းသည်။ သန်းမောင်နှင့်သိန်းတန်တို့က သူ့အားနှစ်ဖက်ညှပ်ပြီး တိုက်ခိုက်ရန် ရည်ရွယ်ကြောင်း နားလည်သဘောပေါက်သွား၏။

သူက ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်ရန် လှုပ်ရှားနေသည့် သန်းမောင်တို့ အား လှည့်ကွက်ဆင်ရန် စဉ်းစားသည်။

ပြေးလွှားရင်း စဉ်းစားရင်းနှင့် တစ်ဘက်တောရှိ ကျောက်ဆောင်ကြီးကို တွေ့လိုက်သည်။ သူက ထိုကျောက်ဆောင် ရှိရာသို့ ကွေ့ပတ်ပြီး ပြေးတက်သည်။

ကျောက်ဆောင်မှ တစ်ဖတ်တောင်ပေါ်သို့ စီးမြင်နိုင်သော အမြင့်တွင် တည်ရှိနေသည်။ မင်းနောင်သည် သစ်ပင်များ

အကွယ်မှ မြွေလိမ်မြွေကောက် ပြေးတက်ရင်း တစ်ဖက်တောင်ပေါ်သို့ လှမ်းကြည့်သည်။

သန်းမောင်နှင့် သိန်းတန်တို့သည် မင်းနောင် ယခုလိုတစ်ဖက်တွင် ရှိသော တောင်ပေါ်သို့ တက်သွားလိမ့်မည်ဟု ထင်ထားပုံမရပေ။

ထိုတောင်မှာ သိန်းတန်၏ အပန်းဖြေအိမ်ရှိရာနှင့်နီးကပ်ပြီး ထွက်ပေါက်ဖြစ်သော ကားလမ်းနှင့် ဆန့်ကျင်ဘက်ဖြစ်နေသဖြင့် မင်းနောင် ထိုနေရာမျိုးကို ရွေးချယ်မှာ မဟုတ်ဟုထင်ထားပုံရသည်။

သန်းမောင်သည် မင်းနောင်ရှိနေမည်ဟု ထင်သော်တောင်အောက်ဘက်သို့ ပြေးဆင်းနေသည်။ ကျောက်ဆောင်ပေါ်သို့ ရောက်ပြီး နေရာယူမိသည်နှင့် မင်းနောင်က သစ်ပင်တွေကြား ကွေ့လိမ်ပြီး ပြေးနေသော သန်းမောင်ကို ရိပ်ခနဲ ရိပ်ခနဲတွေ့သည်။

သန်းမောင်အား ရိုင်ဖယ်ဖြင့် လှမ်းပစ်မည်ပြုပြီး ပစ်ကွင်းမကောင်းသဖြင့် ကျောက်ဆောင်အကွယ်တွင် မှောက်ကာကြည့်နေသည်။





သန်းမောင်ကို ရိပ်ခနဲ ရိပ်ခနဲ တွေ့နေသော်လည်းသိန်းတန်အား မတွေ့သဖြင့် မင်းနောင်က မှန်ပြောင်းသုံးပြီးရှာသည်။

သိန်းတန်မှာ ပျောက်ခြင်းမလှ ပျောက်နေသဖြင့် စိတ်ထဲတွင် ထူးဆန်းသွားသည်။ သူက သန်းမောင်တို့အား ထောင်ချောက်ဆင်ရန် မစဉ်းစားတော့ဘဲ အခွင့်အရေးရလျှင် ရသလိုတိုက်ခိုက်ရန် ဆုံးဖြတ်သည်။ ထို့ကြောင့် သန်းမောင် ပြေးဆင်းရာသို့ လိုက်ကြည့်သည်။

သန်းမောင်သည် တောင်ဘက်သို့ ပြေးဆင်းနေရင်းမှရပ်လိုက်ပြီး ပတ်ဝန်းကျင်ကို ကြည့်သည်။ မင်းနောင်မှာ သန်းမောင်အား တွေ့နေရသော်လည်း ပစ်ကွင်းက မရှင်း . . သူသည်ရိုင်ဖယ်ကို ကျောက်ဆောင်ပေါ် မေးတင်ပြီး သန်းမောင်ရှိရာသို့ ချိန်ရွယ်လိုက်သည်။

ပတ်ဝန်းကျင်ကို အကဲခတ် ကြည့်နေပုံရသော သန်းမောင် သစ်ပင်ရှင်းသည့် နေရာသို့ ထွက်လာသည်။ သူက ဘေးဘီကို ကြည့်ရင်း မင်းနောင် ရှိနေသည့် တောင်ပေါ်သို့ လှမ်းကြည့်သည်။ ကျောက်ဆောင်ရှိရာသို့ အကြည့်ရောက်စဉ် ကိုယ်

ကိုလိုမ့်ချပြီး စက်သေနတ်ဖြင့် ပစ်ခတ်ရန် ပြင်သည်။

သန်းမောင် လှုပ်ရှားပစ်ခတ်တော့မည်ကို သိနေသော မင်းနောင်က သေနတ်မောင်းကို ဖြည်းညင်းစွာ ဆွဲညှစ်လိုက်သည်။ မြည်ဟီးပေါက်ကွဲသံနှင့်အတူ ရိုင်ဖယ်သေနတ် တုန့်ခံနဲ ခါသွား၏။ ကျည်ဆန်က သန်းမောင်၏ ကိုယ်ထဲသို့ ဖောက်ဝင်သည်။ သန်းမောင်မှာ ကိုင်အရိုက်ခံရသည့်ပမာ မြေပြင်ပေါ်သို့ ပစ်ကျသည်။

မင်းနောင်က ပစ်ပြီးပြီးခြင်း ကျောက်ဆောင်အကွယ်သို့ ငုံ့ချသည်။ ထိုအချိန်မှာပင် ညာဘက်အမြင့်ပိုင်းမှ သေနတ်သံတစ်ချက်ပေါ်လာပြီး ကျည်ဆံက ကျောက်ဆောင်ပေါ် တင်ထားသည့် ရိုင်ဖယ်ကို လာရောက်ထိမှန်သည်။ ရိုင်ဖယ်မှာ လွင့်စင်ပြီး ကျောက်ဆောင်အောက်သို့ ကျသွားသည်။

မင်းနောင်သည် ခါးတွင်ထိုးထားသော ပစ္စတိုကို ထုတ်ကိုင်သည်။ ရိုင်ဖယ်သမား ဖြစ်သော သိန်းတန်ရှိရာသို့ ကျောက်ဆောင်အကွယ်မှနေ၍ လှမ်းကြည့်သည်။ ပစ္စတိုဖြင့် ပစ်ခတ်၍မရနိုင်သော အကွာအဝေးမို့ ပစ်ခတ်ရန် လက်လျှော့လိုက်ပြီး ကျောက်ဆောင် ကျောက်တုံးများကို အကာအကွယ်ယူကာ





အောက်သို့ ပြေးဆင်းသည်။

မင်းနောင် ပြေးဆင်းလာစဉ်မှာပင် သိန်းတန်ကလည်း သူရောက်နေသော နေရာမှ ပြေးထွက်သည်။ ထင်းရှူးပင်နှစ်ပင်ကြားမှ ဖြတ်ပြီး ပြေးဆင်းစဉ် မြေပြင်ပေါ်မှ ကြွတက်လာသော ကြိုးတစ်ချောင်းကို ခလုတ်တိုက်မိပြီး ရှေ့ကိုဟပ်ထိုးလဲကျသည်။

အရှိန်ဖြင့် ပစ်ကျသဖြင့် သိန်းတန်၏ လက်ထဲမှ သေနတ် လွင့်ထွက်သွား၏။ မြေပြင်ကို ပခုံးတစ်ဖက်ဖြင့် ဆောင့်မိရာ သိန်းတန်မှာ နေရာမှ ရုတ်တရက် မထနိုင်ဘဲ ရှိသည်။ ထိုအချိန်မှာပင် သစ်ကိုင်းခြောက်များပေါ် နင်းလာသည့် ခြေသံကို ကြားရပြီး တောစီးဘိနပ် စီးထားသော ခြေတစ်စုံ သူ့ရှေ့တွင် လာရပ်တာကို တွေ့ရ၏။

"ထစမ်း"

သိန်းတန် ဖျပ်ခနဲ မော်ကြည့်သည်။ ပျောက်ကျားဘောင်းဘီ ဖိးလ်ဂျက်ကက်တို့ ဝတ်ဆင်ထားသည့် လူတစ်ယောက်က ပစ္စတိုတစ်လက်ဖြင့် ချိန်ရွယ်ပြီး ထခိုင်းနေသည်ကို တွေ့လိုက်ရ၏။

"ထ . . ငါ့နာမည် စိုင်းနွတ်၊ မှူခင်းနိမ်နင်းရေးက အရာရှိတစ်ယောက်ဘဲ၊ မင်း ဒုစရိုက်သမားဖြစ်တဲ့ သန်းမောင်ကို ကူညီတဲ့အတွက် ဖမ်းတယ်"

စိုင်းနွတ်က စကားပြောရင်းမှ သိန်းတန်အား လက်ထိပ်ခတ်လိုက်သည်။ တစ်ဆက်တည်းပင် လက်ထိပ်မှနေ၍ ဆွဲကာ သိန်းတန်အား ထူမသည်။

"စိုင်း . . မင်းရောက်လာပြီကိုး . . ဒီကောင်က ငါ့ကို အသေလိုက်ဆော်နေတာကွာ၊ သူ့ဆရာ သန်းမောင်တော့ ဇာတ်သိမ်းသွားပြီ"

စကားသံနှင့်အတူ မင်းနောင် အနားသို့ ရောက်လာသည်။ သိန်းတန်မှာ မင်းနောင်နှင့်စိုင်းနွတ်တို့ကို မကြည့်တော့ဘဲ ခေါင်းငုံ့လိုက်လေ၏။



အခန်း(၂၁)

မင်းနောင်အိမ်ထဲသို့ ဝင်လိုက်စဉ်မှာပင် ဧည့်ခန်းတွင် ထိုင်နေသော ကောင်းမြတ်ကို တွေ့ရသည်။ ကောင်းမြတ် မျက်နှာမှာ အလိုမကျဟန်ဖြင့် ညိုပုပ်နေသည်။

"ဟော . . ကိုကောင်းမြတ် ခင်ဗျား ဘယ်တုန်းက ရောက်နေတာလဲ"

"ဆယ်မိနစ်လောက် ရှိသွားပြီ၊ မင်းဒီမှာ သန်းမောင်နဲ့ တွေ့သေးသလား"

မင်းနောင်က မျက်မှောင်မသိမသာ ကြုံ့ပြီး ခေါင်ခါ

လိုက်သည်။

"ဒီရောက်ကတည်းက သူ့သတင်းကို လိုက်စုံစမ်းနေတာ၊ စုံစမ်းလို့တောင် မရဘူး၊ သူက သတင်းအစအန မရအောင် ပျောက်နေတယ်"

"မင်းကသာ ပျောက်တယ်ပြောနေတယ်၊ သူတို့က ဒီမနက်ဘဲ လုပ်စရာရှိတာ လုပ်သွားကြပြီ"

"ဘာလဲဗျ . . သူတို့က ဘာလုပ်သွားကြလို့လဲ"

ကောင်းမြတ်က မင်းနောင်အား မျက်နှာထားတည်တည်နှင့် လှမ်းကြည့်သည်။ သူ့မျက်လုံးအစုံတွင် အလိုမကျဟန်တွေ ထင်နေကြောင်း မင်းနောင် သတိပြုမိ၏။

"ဒီမနက် ရတနာပစ္စည်းတွေ အလုခံရတာ မင်းသိသလား၊ ရွှေတောင်ကုန်း တစ်မြို့လုံး အုံးအုံးကျွတ်ကျွတ် ဖြစ်သွားတဲ့ကိစ္စကို မင်းမသိတာ အံ့အောစရာဘဲ"

မင်းနောင်က ခပ်ကြောင်ကြောင် အမူအရာနှင့် ကောင်းမြတ်အား ကြည့်သည်။ ကောင်းမြတ်က တစ်စုံတစ်ရာ ဆက်ပြောမည်ပြုပြီးမှ အခန်းထဲသို့ ဝင်လာသော ဒိုင်ယာနာအား တွေ့ရသဖြင့် ဘာမှမပြောတော့ဘဲ နှုတ်ပိတ်နေလိုက်သည်။





ဒိုင်ယာနာက အိမ်ထဲသို့ ဝင်လာပြီး နှုတ်ခမ်းလေးစူကာ မင်းနောင်ကို မကျေမနပ်နှင့် ကြည့်သည်။

"အစ်ကိုက ဘယ်လိုလုပ်တာလဲ"

"ဘာလဲ ဒိုင်ယာနာရဲ့ ကိုယ်က ဘာလုပ်လို့လဲ"

"ဒီနေ့တစ်နေကုန် ဒိုင်ယာနာဆီမှာပဲ နေမယ်ဆိုပြီး ဖြစ်လို့ တိတ်တိတ်လေး ထွက်လာခဲ့တာလဲ ပြောပါဦး"

"ကိုယ့်မှာ လုပ်စရာလေးတွေ ရှိလို့ပါ၊ အခုလည်း တစ်နေကုန်နေပါပြီ . . နေတောင် ဝင်တော့မယ်ဟာဘဲ၊ အဲဒါကြောင့် ကိုယ်ပြန်လာခဲ့တာပါ"

"ပြန်မယ်ဆိုလည်း ကျွန်မကို ပြောသွားပေါ့၊ အခုတော့ အစ်ကိုက တိတ်တိတ်လေး ပြန်လာခဲ့တာ . . ဒီလိုလုပ်တာ ကျွန်မ နည်းနည်းမှ မကျေနပ်ဘူး သိလား"

"ဆောရီး ဒိုင်ယာနာ . . ကိုယ်တောင်းပန်ပါတယ်နော်၊ ဒီမှာ ညည်သည်လည်း ရောက်နေလို့"

မင်းနောင်က ဒိုင်ယာနာအား စူးစိုက်ကြည့်ရင်းမှ ပြောသည်။ ဒိုင်ယာနာက ကောင်းမြတ်အား ယခုမှ သတိပြုမိဟန်ဖြင့် အသာအယာ ပြုံးလိုက်ပြီး . . .

"ဪော် . . ဟုတ်သားဘဲ၊ ညှို့သည် ရောက်နေတာ သတိမထားလိုက်မိဘူး"

ဒိုင်ယာနာ၏ မျက်နှာအမူအရာ ပြောင်းသွားပြီး နီရ ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။ ကောင်းမြတ်က ရှူးရှူးစမ်းစမ်း နိုင်သော အမူအရာနှင့် ဒိုင်ယာနာအား လှမ်းကြည့်သည်။

"သူက ဘယ်သူလဲ မင်းနောင်"

"ဒိုင်ယာနာပါ . . စမစ်ရဲ့ ယုံကြည်စိတ်ချရတဲ့ မိတ်ဆွေ တစ်ယောက်ပါ"

"မင်း ဒီမနက် သူ့ဆီကို ရောက်နေတာပေါ့ ဟုတ်လား"

မင်းနောင်က ခေါင်းညိတ်ပြသည်။ ဒိုင်ယာနာက ရှက်ပြုံးပြုံးရင်း မျက်နှာလွှဲသွား၏။

"စမစ်ပြောတော့ မင်းညကတည်းက ဒီမှာမရှိဘူးနော်"

မင်းနောင်က ပြုံးဖြီးဖြီးလုပ်ပြီး ခေါင်းညိတ်ပြသည်။ မျက်နှာလွှဲထား ခေါင်းငုံ့ထားသော ဒိုင်ယာနာအား တစ်ချက်ကြည့်ပြီး . . .

"ကျွန်တော်တို့ ညက နိုက်ကလပ်တစ်ခုကို သွားနေကြတာ၊ အဲဒါနဲ့ ပြန်မလာ ဖြစ်တော့ဘဲ ဒိုင်ယာနာဆီမှာ နေလိုက်





တယ်"

"ဒါနဲ့ဘဲ တစ်လောကလုံးကို အဆက်ဖြတ်လိုက်ရသလားကွ . . စမစ်က မင်းကို ဖုန်းဆက်တာလဲ မရဘူးလို့ ပြောတယ်"

"ကျွန်တော် ဖုန်းကို ပိတ်ထားလိုက်လို့ပါ"

"ကောင်းရော . . မင်းမေ့မေ့ပျောက်ပျောက်နဲ့ နေနေတဲ့ အချိန်မှာ သန်းမောင်တို့က လေယာဉ်နဲ့ ပို့လိုက်တဲ့ ရတနာတွေကို ဖြတ်လုသွားတယ်"

"သူတို့မှာ အစကတည်းက ရတနာတွေ လုမယ့်အစီအစဉ် ရှိနေတာဘဲ၊ ကျွန်တော်က ဒီအလုပ်ကို မလုပ်ချင်လို့ သူတို့နဲ့ လမ်းခွဲလိုက်တာ"

"သူတို့ ဘယ်ကယူလာမယ့် ရတနာတွေကို ဘယ်မှာ လုမယ်ဆိုတာ မင်းမသိဘူးလား၊ သိရင် ငါ့ကို ဘာဖြစ်လို့ အသိမပေးတာလဲ"

မင်းနောင်က ကောင်းမြတ်အား ဆတ်ခနဲ လှမ်းကြည့်လိုက်သည်။

"ကျွန်တော့်ကို ဘာဖြစ်လို့ အပြစ်တင်နေရတာလဲ ကို

ကောင်းမြတ်၊ ခင်ဗျားက ဒီရတနာတွေ လုယက်ဖို့ စီစဉ်ထားတာမှ မဟုတ်ဘဲ . . သန်းမောင်တို့က သူတို့အလုပ် သူတို့လုပ်တာ"

"ဘာ . . သူတို့အလုပ်လဲ၊ အခု အလုခံရတာ ငါတို့ဆရာကြီးရဲ့ ပစ္စည်းတွေကွ သိရဲ့လား"

"ဟင် . . ဟုတ်လား"

"ဟုတ်တယ် . . ဟုတ်တယ်၊ ဒေါ်လာသိန်းငါးဆယ်ကျော်တန်တဲ့ ပစ္စည်းတွေ၊ သန်းမောင်တို့က ပစ္စည်းသယ်လာတဲ့ တစ်ဖွဲ့လုံးကို ရှင်းပြီး ရတနာသေတ္တာကို မသွားတာ . . အခု ဒီကိစ္စကြောင့် ရွှေတောင်ကုန်းကို ငါလာခဲ့တာ"

"ဪ . . ဒီလိုလား"

"ဒီလိုလား မနေနဲ့ . . မင်းဒီမှာ ရှိနေရဲ့သားနဲ့ သတင်းအစအနတောင် မရလိုက်တာ တော်တော်အံ့အောဖို့ ကောင်းတယ်၊ ဒီကိစ္စနဲ့ ပတ်သက်လို့ မင်းမှာ တာဝန်ရှိတယ်ဆိုတာ မင်းစဉ်းစားမိရဲ့လား"

"ဟာ . . အမိပွါယ်မရှိလိုက်တာ၊ ကျွန်တော့်မှာ ဘာဖြစ်လို့ တာဝန်ရှိရမှာလဲ၊ ခင်ဗျားက ကျွန်တော့်ကို တာဝန်ပေး





ခဲ့လို့ လား၊ ခုချိန်ထိ ခင်ဗျားမှာ ဆရာကြီးရှိတယ်ဆိုတာတောင် ကျွန်တော် မသိဘူး၊ ခင်ဗျားရဲ့ ဆရာကြီးက ရုတ်တရက်ကြီး ပေါ်လာပြီး သူ့ပစ္စည်းတွေ ရုတ်တရက်ကြီး ပျောက်သွားတာ ကျွန်တော် ဘာတတ်နိုင်မှာလဲ"

ကောင်းမြတ်က မကျေမနပ် ဖြစ်သွားပြီး မင်းနောင်အား တစ်စုံတစ်ရာ ပြောမည်ပြုသည်။ သို့သော် သူ့စိတ်ထဲမှ လက်ကိုင်ဖုန်း အသံမြည်လာသဖြင့် မင်းနောင်အား စကားမပြောဖြစ်ဘဲ ဖုန်းကို ထုတ်ယူနားထောင်လိုက်သည်။

"ကျွန်တော် ကောင်းမြတ်ပါ"

". . . . . . . ."

"ဟုတ်ကဲ့ ကျွန်တော် အခုဘဲစပြီး စုံစမ်းနေပါပြီ၊ ဒီမှာ ယုံကြည်စိတ်ချပြီး အားကိုးရတဲ့ ကျွန်တော့် လူတစ်ယောက် ရှိပါတယ်၊ သူ့အကူအညီနဲ့ သန်းမောင်တို့ကို တွေ့အောင်ရှာပါမယ်"

". . . . . . . . ."

"ခင်ဗျာ . . သန်းမောင်ရဲ့ အဖေက ဒီမှာ မရှိပါဘူး၊ သူ ရေဗေလာမှာ ကျန်ခဲ့ပါတယ်"

“. . . . . . . . . .”

“ဟုတ်ကဲ့ . . ဟုတ်ကဲ့၊ ကျွန်တော့်လူရဲ့ နာမည်က မင်းနောင်ပါ . . ဟုတ်ကဲ့ . . စိတ်ချပါ”

ကောင်းမြတ်က ဖုန်းကို ပိတ်သိမ်းလိုက်သည်။

“မင်းအခုအားပြီလား မင်းနောင်”

မင်းနောင်က ဒိုင်ယာနာအား တစ်ချက်လှမ်းကြည့်သည်။ ပြီး ခေါင်းညိတ်လိုက်၏။

“အားပါတယ်”

“အားတယ်ဆိုတာ သူမရှိမှ မဟုတ်လား၊ သူ့ကို ပြန်ပို့လိုက်၊ ချက်ချင်း ပြန်လာနော် . . ငါတို့ ဒီမှာ လုပ်စရာတွေ ရှိတယ်”

မင်းနောင် ခေါင်းညိတ်လိုက်ပြန်သည်။

“ကောင်းပါပြီ ကျွန်တော် ခုချက်ချင်း ပြန်လာပါ့မယ်၊ ကဲ . . ဒိုင်ယာနာ ကိုယ်မင်းကို ပြန်လိုက်ပို့မယ်၊ ဒီမှာ အလုပ်ပေါ်လာတာ မင်းအကြားဘဲ”

ဒိုင်ယာနာက နှုတ်ခမ်းလေး မသိမသာ စူရင်းနေရာမှ ထသည်။ မင်းနောင်က ကောင်းမြတ်ကို လှမ်းကြည့်ကာ မျက်စိ





တစ်ဖက် မှိတ်ပြ၏။ သူ့လက်တစ်ဖက်က ဒိုင်ယာနာ၏ လက်မောင်းကို တယုတယ ဆွဲကိုင်ကာ အိမ်ပြင်သို့ ထွက်သည်။

အပြင်ဘက်တွင် ဒိုင်ယာနာ၏ မတ်စကန် ကားလေး ရပ်ထားသည်။ မင်းနောင်က ယာဉ်မောင်းနေရာတွင် ဝင်ထိုင်ပြီး ဒိုင်ယာနာထံမှ ကားသော့ကို လက်ဖြန့်တောင်းသည်။

မင်းနောင်နှင့်အတူ ကားပေါ်သို့ တက်လိုက်သော ဒိုင်ယာနာက ပိုက်ဆံ အိတ်ထဲမှ ကားသော့ထုတ်ပြီး ပေးသည်။ မင်းနောင်သည် သော့ပေါက်တွင် သော့တပ်ကာ ကားကို စက်နှိုးမောင်းထွက်လိုက်၏။

“ကျေးဇူးဘဲ ဒိုင်ယာနာ”

“ရှင်”

“ဩော် . . မမျှော်လင့်တဲ့ ဧည့်သည်ကိုတွေ့ပြီး ကိုယ်ဘေးကျပ်နံ့ကျပ် ဖြစ်သွားတုန်းမှာ ဝင်ကူညီတဲ့အတွက် ဒိုင်ယာနာကို ကျေးဇူးတင်တယ်လို့ ပြောတာ”

ဒိုင်ယာနာက ခေါင်းမော့ကာ ဆံပင်ကို သပ်တင်ရင်းမှ ရယ်မောလိုက်သည်။

“ရှင်ပိတ်မိနေပြီဆိုတာ သိလို့ ကျွန်မလည်း အကြံရ

ပြီး ပြောလိုက်တာ . . အိမ်ထဲကို မဝင်ခင်မှာ ရှင်တို့ အပြန်အလှန် ပြောနေတဲ့ စကားကို ကျွန်မ ကြားတယ်လေ"

"ဒိုင်ယာနာ ရုတ်တရက် ရောက်လာတော့ ကိုယ်ရင်တွေဘာတွေ ထိတ်သွားတယ်၊ ပြဿနာတော့ ပိုရှုပ်တော့မယ်လို့ ထင်မိတာ"

"ထင်သလို မဖြစ်ဘဲ အခု ပြဿနာ ရှင်းသွားပြီ မဟုတ်လား"

မင်းနောင်က ကားကို ကျဉ်လည်စွာ မောင်းနှင်ရင်းမှ ခေါင်းညိတ်လိုက်သည်။

"အစ်ကိုစိုင်းနွတ်က ကိုမင်းနောင်နဲ့အတူ လိုက်သွားတာ မဟုတ်လား၊ သူကော . ."

"သူက ဒိုင်ယာနာဆီ သွားမယ်ဆိုပြီး ထွက်သွားတယ်လေ ကိုယ်က သူနဲ့လမ်းခွဲပြီး စမစ်ဆီကို ပြန်တာ"

"ဒါဆို အစ်ကိုစိုင်းနွတ် ကျွန်မ အိမ်ကို ရောက်နေလိမ့်မယ် ထင်တယ်၊ ရှင်တို့ အဆင်ပြေတယ် ကိစ္စပြီးပြီလို့ ဖုန်းဆက်ပြောကတည်းက ကျွန်မ ရှင်နဲ့တွေ့ဖို့ ပြင်ဆင်ထားတာ ရှင်တို့ ပြန်ရောက်လောက်ပြီဆိုမှ စမစ်အိမ်ကို ထွက်ခဲ့တာ"





မင်းနောင်က လေးထပ်တိုက် တစ်တိုက်ရှေ့တွင် ကားကို ရပ်လိုက်သည်။ ကားရပ်သွားစဉ်မှာပင် ကားအနီးသို့ စိုင်းနွတ် ချဉ်းကပ်လာသည်။

"အရေးတော့ ပေါ်ပြီ စိုင်း"

"ဘာလဲ မင်းနောင်၊ ဘာအရေးပေါ်တာလဲ"

"ကောင်းမြတ် ဒီကိုရောက်နေပြီ . . ဟိုပစ္စည်းတွေက သူ့ဆရာကြီးရဲ့ ပစ္စည်းလို့ ပြောတယ်"

"ဩော် . . ဟုတ်လား"

"အခု သူက သန်းမောင်တို့ကို လိုက်ရှာမယ်တဲ့၊ ငါ့ကို အမြန်ပြန်လာဖို့ ပြောတယ်၊ ငါသူနဲ့အတူ လှုပ်ရှားရမယ်"

"ကောင်းတယ် . . ဒါဇာတ်သိမ်းတော့မယ့် သဘောဘဲ၊ ဒါထက် သူတို့ဆရာကြီး ဆိုတာက"

"ရတနာတွေ ပို့လိုက်တဲ့ လူလေ . . အဲဒါမင်းစုံစမ်းပေါ့၊ ငါမင်းကို ဖုန်းနံပါတ်တစ်ခု ပေးမယ်၊ ဒီဖုန်းနံပါတ်ကို စုံစမ်း ဒီနံပါတ်က ကောင်းမြတ်ကို ဖုန်းဆက်သွယ်တဲ့ ဆရာကြီးရဲ့ ဖုန်းဘဲ"

မင်းနောင်က စိုင်းနွတ်အား ဖုန်းနံပါတ်တစ်ခု ရွတ်ပြ

လိုက်သည်။ စိုင်းနွတ်က ဖုန်နံပါတ်ကို မှတ်မိအောင် မှတ်သား လိုက်၏။

"ရပြီ . . ငါစုံစမ်းလိုက်မယ်"

"ဒါဆိုရင် ငါသွားမယ် စိုင်း"

"အေး . . သတိထားကွာ၊ ရန်သူကို လျှော့မတွက်နဲ့"

မင်းနောင်နှင့်စိုင်းနွတ်တို့ စကားပြော အပြီးတွင် ဒိုင်ယာနာ ကားပေါ်မှ ဆင်းသည်။ မင်းနောင်က စက်နှိုးထားဆဲဖြစ်နေသော ကားကို ညင်သာစွာ မောင်းထွက်သည်။

သူအခိက လိုက်နေသူနှင့် ပတ်သက်သော သဲလွန်စကို ရလာသဖြင့် စိတ်ထဲတွင် ကျေနပ်သွားသည်။ တစ်ဆက်တည်းပင် နီနီနန်းဝေကို သတိရလိုက်၏။

ယခုရက်အတွင်း၌ အဆက်အသွယ် ပြတ်နေသဖြင့် နီနီနန်းဝေ စိတ်ပူနေလိမ့်မည်ဟု တွေးမိသည်။

နီနီနှင့် ဆက်နွယ်ပြီး ဖြူဖြူကို ဖျပ်ခနဲ သတိရသည်။ ထိုအခါ ရင်ထဲတွင် ဆိုနင့်တင်းကျပ်သော ဝေဒနာတစ်ရပ် ပေါ်လာသည်။

ခါးခါးသီးသီး နာနာကျင်ကျင် ခံစားခဲ့ရသည့် အဖြစ်





များ ယခုပင် ဖြစ်နေသကဲ့သို့ စိတ်မှာထင်မိ၏။

စမစ်၏အိမ်နှင့် နီးလာသဖြင့် သူက သူ့စိတ်ကို သူထိန်းသည်။ ရုတ်တရက် လှုပ်ရှားသွားသော စိတ်ကိုထိန်းပြီး ကားအရှိန်ကို လျှော့သည်။

ထို့နောက် ကားကို မနှေးမမြန် ဆက်ပြီး မောင်းခဲ့လေသည်။

ကွန်ပျူတာစာစီ - ထွေးထွေးမို့အောင်
ဆန်း DTP ၊ ၁၂၆, မြိတ်လမ်း၊ ဒဂုံမြို့သစ် (တောင်ပိုင်း)

# အခန်း(၂၂)



သိန်းတန်၏အပန်းဖြေအိမ်မှာ တိတ်တဆိတ် ငြိမ်သက်နေသည်။ မြစ်ဘက်သို့ မျက်နှာမူထားသော ဝရံတာတွင် အသက်ငါးဆယ်ကျော်အရွယ် တောင့်တင်းဆဲ ဖြစ်သော လူကြီးတစ်ယောက် ထိုင်နေသည်။

ထိုသူ၏ဘေးတွင် မုတ်ဆိတ်နီနီ ဆံပင်နီနီနှင့် အသက်သုံးဆယ်ဝန်းကျင်အရွယ် အနောက်တိုင်းသားတစ်ယောက် ထိုင်နေသည်။

"သူတို့က ကျွန်တော့်ကို သေသေချာချာ စောင့်ခိုင်းထား

လို့ ကျွန်တော် တစ်နေကုန် စောင့်နေခဲ့ပါတယ်၊ မစ္စတာအေးချို ညမိုးချုပ်သွားပြီး သူတို့ရောက်မလာတော့မှ ကျွန်တော် မစ္စတာ အေးချိုကို ဆက်သွယ်ခဲ့တာ”

“ဒီကြားထဲမှာ သူတို့က ဖုန်းအဆက်အသွယ် မလုပ်ဘူးလား”

“လုပ်ပါတယ် . . မစ္စတာသန်းမောင်က လုပ်တာမဟုတ်ပါဘူး၊ မစ္စတာသိန်းတန်က လုပ်တာ . . ဒီမှာပြဿနာပေါ်နေလို့ ဆက်ပြီးစောင့်ပါလို့ သူက ပြောပါတယ်”

ဦးအေးချို ခေါင်းတစ်ဆတ်ဆတ် ညိတ်သည်။ သူက မေးခွန်းဆက်မထုတ်တော့ဘဲ တစ်စုံတစ်ရာကို စဉ်းစားဟန်ဖြင့် ငြိမ်သွား၏။ ထိုအချိန်မှာပင် ဦးအေးချို၏ ရှေ့စားပွဲပေါ် တင်ထားသော ဆက်သွယ်ရေးစက်မှ စကားသံ ပေါ်လာသည်။

“တောထဲမှာ အစ်ကိုလေးရဲ့ သေနတ်ရယ်၊ သူကိုင်နေကျ ရွှေရောင်မီးခြစ်ရယ်ကို တွေ့တယ်၊ ဒီပစ္စည်းတွေ တွေ့တဲ့ နေရာမှာ သွေးတွေခဲနေပြီး လူတစ်ယောက် အတော်ကြာကြာ လဲနေတဲ့ပုံနဲ့ မြက်တွေပိပြားနေတယ်”

“သေနတ်တွေ့ပြီ . . လူကို မတွေ့ဘူး ဟုတ်လား”





“သေနတ်က ချုံတစ်ချုံထဲက တွေ့ရတာ . . ကျွန်တော့်စိတ်အထင် ပြောရမလား ဆရာကြီး”

“အေး . . ပြော”

“အစ်ကိုလေးကို တစ်ယောက်ယောက်က ချောင်းပစ်တာ ဖြစ်မယ်၊ ရုတ်တရက် သေနတ်နဲ့ အပစ်ခံရလို့ အစ်ကိုလေး လက်ထဲက သေနတ်လွင့်ထွက်သွားတာ ဖြစ်မယ်”

“မီးခြစ်ကကော”

“သူ သေနတ်တစ်ဖက် မီးခြစ်တစ်ဖက်နဲ့ ဆေးလိပ်သောက်မယ် လုပ်နေတုန်း အပစ်ခံရတာ ဖြစ်မှာပေါ့”

“မင်းကလည်း အဖြစ်အပျက်ကို မြင်ထားသလိုဘဲ ပြောနေပါလား . . နောက်ဘာထူးခြားတာ တွေ့သလဲ”

“သစ်ပင်တွေမှာ ကျည်ဆံရာတွေ တွေ့တယ်၊ မြစ်ကမ်းတစ်နေရာမှာ ကုန်းပေါ်ကို တက်တဲ့ ခြေရာတွေ တွေ့ရတယ်၊ ကျွန်တော့်စိတ်အထင် . . ”

“ဟေ့ကောင် . . တော်တော့၊ မင်းစိတ်က ထင်တာကို ငါမသိချင်ဘူး၊ ရှာစရာရှိတာ ဆက်ရှာ . . ထူးမှ ငါ့ကိုသတင်းပို့ ကြားလား ဘထိုက်”

"ဟုတ်ကဲ့ ဆရာကြီး"

ဆက်သွယ်ရေးစက်မှ စကားသံ ပျောက်သွားသည်။ ဦးအေးချိုက သူ့ဘေးရှိ မှတ်ဆိတ်နီဘက်သို့ လှည့်လိုက်သည်။

"မစ္စတာရီလီ"

"ဟုတ်ကဲ့ ပြောပါ မစ္စတာအေးချို"

"ကျုပ်သား ဒဏ်ရာရသွားတယ်နဲ့ တူတယ်၊ ခင်ဗျား အဆက်အသွယ်နဲ့ ဆေးရုံတွေကို စုံစမ်းကြည့် . . ပြီးတော့ ဒေသခံရဲတွေက ရတနာသေတ္တာ လုယက်မှုနဲ့ ပတ်သက်ပြီး ဘာတွေ လုပ်နေသလဲဆိုတာ ကျုပ် သိချင်တယ်၊ ဒီမှာ စပိဘုတ်ရှိတာ စပိဘုတ် ပျောက်နေတာ တော်တော်ဆန်းတယ်၊ ဒါကြောင့် အကျိုးအကြောင်း သိရမှ ဖြစ်မယ်"

ရီလီက ခေါင်းညိတ်လိုက်သည်။

"နာရီဝက်အတွင်းမှာ သိချင်တာ သိရအောင် ကျွန်တော် စုံစမ်းပေးပါ့မယ်"

ရီလီက ဝရံတာမှ ခွာထွက်သည်။ အပန်းဖြေအိမ် အရှေ့ဘက်သို့ ထွက်ခွာသည်။ လက်ကိုင်ဖုန်းဖြင့် တစ်နေရာသို့ ဆက်သွယ်သည်။





ဦးအေးချိုနှင့်ရီလီတို့ အပြန်အလှန် စကားပြောနေသည်ကို၎င်း . . ရီလီက နေရာအတော်များများသို့ ဖုန်းဖြင့် ဆက်သွယ် စကားပြောနေသည်ကို၎င်း . . အပန်းဖြေအိမ် မျက်နှာချက်တွင် တပ်ဆင်ထားသည့် အသံဖမ်းစက်က အသံဖမ်းပြီး ရွှေတောင်ကုန်းရှိ စမစ်၏ အသံဖမ်းစက်သို့ ပို့သည်။ စမစ်က ထိုစကားများကို တစ်လုံးမကျန် မှတ်သားပြီး အသံသွင်းယူထား၏။

ဦးအေးချိုနှင့်ရီလီတို့မှာ မျက်နှာချက်တွင် အသံဖမ်းခွက် တပ်ဆင်ထားသည်ကို မသိကြပေ။ သူတို့က အပန်းဖြေအိမ်မှာ လုံခြုံစိတ်ချရသည်ဟု ယုံကြည်ပြီး လွတ်လွတ်လပ်လပ် ပြောဆိုနေကြ၏။

ရီလီသည် နေရာအတော်များများသို့ ဖုန်းဆက်သွယ်မေးမြန်းပြီး သူလိုချင်သော အဖြေကို ရလိုက်ဟန်ဖြင့် ဦးအေးချိုရှိနေသော ဝရံတာသို့ ထွက်လိုက်သည်။ ဦးအေးချိုက ခြေသံအကြားတွင် ရီလီအား မော်ကြည့်သည်။

"ဘာသတင်းရသလဲ"

"ဝမ်းနည်းပါတယ် မစ္စတာအေးချို"

"ဘာလဲ . . ဘာသတင်းမှ မရဘူးလား"

"မဟုတ်ပါဘူး . . သတင်းက မကောင်းလို့ပါ၊ မစ္စတာ သန်းမောင် သေဆုံးသွားပါပြီ၊ သူ့အလောင်းကို ဒေသခံ တာဝန်ရှိသူတွေက သင်္ဂြိုလ်လိုက်ပါပြီ၊ မစ္စတာသိန်းတန်ကတော့ အဖမ်းခံရတယ်လို့ သိရပါတယ်"

ကြားရသည့် သတင်းစကားကြောင့် ဦးအေးချို ငိုင်ကျသွား၏။ သူက အိတ်ထဲမှ ဆေးပြင်းလိပ် တစ်လိပ်ကို ထုတ်ယူပြီး တုန်ရီသောလက်ဖြင့် နှုတ်ခမ်းများတွင် တပ်လိုက်သည်။ ရီလီက မာတ်ငွေ့မီးခြစ်ကို ဖျောက်ခနဲခြစ်ပြီး မီးညွန့်ကို ဆေးပြင်းလိပ်အဖျားတွင် ကော့ပေးလိုက်၏။ ဆေးပြင်းလိပ် မီးစွဲမှ မီးခြစ်ကို ပိတ်လိုက်သည်။

ဦးအေးချိုက ဆေးပြင်းလိပ်ကို မီးခိုးတထောင်းထောင်းထအောင် ဖွာသည်။ ရီလီသည် စီးကရက်တစ်လိပ် ထုတ်သောက်ပြီး ဝရံတာလက်ရမ်းကို မှီပြီးရပ်သည်။ သူက ဦးအေးချိုအား တစ်စုံတစ်ရာ ဖြောင်းဖျပြောဆိုခြင်း မပြုဘဲ ငြိမ်နေလိုက်၏။

ဦးအေးချို သက်ပြင်းရှည်ကြီး တစ်ချက်ချသည်။ ပြီး ဆက်သွယ်ရေးစက်ကို လှမ်းကိုင်လိုက်၏။





"ဘထိုက် . . မင်းလူတွေကို ခေါ်ပြီး ပြန်လာတော့"

"ဆရာကြီး . . ဒီမှာ"

"စကားမများနဲ့ ပြန်လာတော့"

"ဟုတ်ကဲ့"

ဆက်သွယ်ရေးစက်ကို ပြန်ချထားပြီး ဦးအေးချိုက ရီလီကို လှမ်းကြည့်သည်။

"ရတနာတွေ ဘယ်သူ့ပစ္စည်းလဲဆိုတာ သိသလား"

"ကျွန်တော် မသိပါဘူး မစ္စတာအေးချို"

"ဒါကိုသိအောင် စုံစမ်းပါ . . ပစ္စည်းပိုင်ရှင်အား ထက်မြက်တဲ့လူ တစ်ယောက် ဖြစ်လိမ့်မယ်၊ ပစ္စည်းရှင်ကို သိရရင် ကျုပ်တို့ဘာလုပ်ရမလဲဆိုတာ စဉ်းစားလို့ရမယ်"

"ကျွန်တော် . . အမြန်ဆုံး စုံစမ်းပေးပါ့မယ်"

"အခု . . ကျုပ်တို့ ဒီကနေ တောင်စခန်းကို ပြန်မယ်"

"ဟုတ်ကဲ့ . . မစ္စတာအေးချို"

"မင်းလွတ်လွတ်လပ်လပ် နေလို့ရပါပြီ၊ ကျုပ်လူတွေ ပြန်ရောက်လာတာနဲ့ ဒီကနေ ထွက်မယ်"

ရီလီ ခေါင်းညိတ်ပြပြီး ဝရံတာမှ ခွာထွက်သွား၏။ ဦး

အေးချိုက ဆက်သွယ်ရေးစက်ကို သိမ်းပြီး ဆေးပြင်းလိပ်ကို ဆက်ဖွာသည်။ ဆေးပြင်းလိပ်မှ တလူလူ လွင့်တက်သွားသော မီးခိုးငွေ့များကို ကြည့်ရင်း အတွေးနက်နေမိသည်။

ဦးအေးချို ငြိမ်သက်စွာ အတွေးနက်နေဆဲတွင် အပြင်ဘက်မှ လူသံများ ကြားရသည်။ ကြားရသည့် အသံများကြောင့် ဦးအေးချို နေရာမှထပြီး အိမ်ရှေ့ဘက်သို့ ထွက်လိုက်သည်။ အိမ်ရှေ့တွင် သူ၏လူယုံ ဘထိုက်နှင့်နောက်လိုက် ငါးယောက်တို့ ရောက်နေကြသည်ကို တွေ့ရ၏။ ရီလီမှာ ဘထိုက်တို့နှင့် မနီးမဝေးတွင် ရပ်နေလေသည်။

"ဆရာကြီး ဒီကနေ သွားတော့မယ်ဆို"

"အေး . . မင်းတို့ အစ်ကိုလေး မရှိတော့ဘူး သေသွားပြီ"

"ဗျာ"

"သူသေသွားပြီဆိုတာ ငါအတိအကျ သိရတယ်၊ ဒီအတွက် တရားခံကို ရှာရမယ်"

"ဆရာကြီး ဒီမှာ . . "

"ဘာလဲ . . ကွ"





"ယမင်းရုပ်သော့တွဲပါ . . တောထဲမှာ တွေ့လို့ ယူလာခဲ့တာ"

ဦးအေးချိုက ဘထိုက်ပေးသည့် သော့တွဲမှ ယမင်းရုပ်ကို ယူကြည့်သည်။ ယမင်းရုပ်ကို ကြည့်နေရင်း ဦးအေးချို၏ မျက်နှာမှာ ခက်ထန်တင်းမာဟန်တွေ ပေါ်လာသည်။

"လက်စသတ်တော့ . . သူ့လက်ချက်ကိုး"

"ဘယ်သူလဲ ဆရာကြီး ဘယ်သူ့လက်ချက်လဲ"

"ငါ့မိတ်ဆွေဟောင်း . . အခုတော့ ရန်သူဟောင်း ဆိုပါတော့ . . ဒီကောင်က ပုန်းကွယ်ပြီး အလုပ်လုပ်နေတာ ကြာပြီ၊ သူ့ရဲ့နောက်လိုက် ခွေးတွေလောက်ဘဲ လှုပ်ရှားနေကြတာ"

"ဆရာကြီး ပြောတာ ကောင်းမြတ်တို့ အုပ်စုက . . "

"အေး . . ဟုတ်တယ်၊ ဒီအရုပ်က ကောင်းမြတ်ကို ငါကိုယ်တိုင် ပေးခဲ့တဲ့ လက်ဆောင်ဘဲ"

"ဒါ . . ဒါဖြစ်ရင် . . "

"ကောင်းမြတ်က သာမြင့်ရဲ့ နောက်လိုက်ခွေးပါ၊ တောက် . . သာမြင့်ကွာ၊ ငါနဲ့စီးပွားပြိုင်ရုံနဲ့ တော်ရောပေါ့၊ အခုတော့ ငါ့သားကိုပါ လုပ်ကြံတယ်"

ဦးအေးချို အံတင်းတင်း ကြိတ်သည်။ လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်သည်။ သူ့မျက်နှာမှာ တင်းမာခက်ထန်နေပြီး သူ့မျက်လုံးအစုံက အရောင်တစ်လက်လက် ထွက်တော့မည့်ပမာ ရှိနေ၏။

"သွားကြမယ် . . ရန်သူက ငါတို့ကို အချိန်မရွေး တိုက်ခိုက်လာလိမ့်မယ် . . အားလုံး သတိထားကြ . . ရန်သူကို ရင်ဆိုင်ဖို့ အသင့်ပြင်ထားကြ"

ဦးအေးချိုက အပန်းဖြေအိမ်ရှေ့တွင် ရပ်ထားသော မာစီဒီးတံခါး ခြောက်ပေါက်က ကားဆီသို့ လျှောက်ခဲ့သည်။ ဘထိုက်က ကားရပ်ထားရာသို့ အပြေးအလွှားသွားပြီး ကားနောက်ခန်းတံခါးကို ဖွင့်ပေးသည်။ ထိုအချိန်မှာပင် ကားအနီးတွင်ရပ်နေသော ရီလီက ကားမောင်းသူနေရာသို့ ဝင်ထိုင်လိုက်သည်။

ဘထိုက်သည် ဦးအေးချိုကားပေါ်သို့ ရောက်သည်နှင့် ကားတံခါးကို ပိတ်သည်။ ပြီး ကားရှေ့ခန်းတံခါးကို ဖွင့်ကာ ကားပေါ်သို့ တက်လိုက်သည်။

မာစီဒီးကား စက်နှိုးမောင်းထွက်စဉ်တွင် ကျန်လူလေးယောက်က နောက်ကားတစ်စီးပေါ်သို့ အပြေးအလွှားတက်ပြီး





ကားကို စက်နှိုးမောင်းထွက်ကာ မာစီဒီးကားနောက်မှ လိုက်သည်။

မာစီဒီးကားသည် မြစ်နှင့်ပြိုင်နေသော လမ်းအတိုင်း မြစ်ကူးတံတားဘက်သို့ ဦးတည်ပြီး ပြေးသည်။ ဦးအေးချိုသည် ကားပေါ်တွင် ပါသည်။

ရေခဲသေတ္တာ ပေါက်စလေးထဲမှာ ဟင်နက်ဆီဘရန်ဒီပုလင်းကို ထုတ်ယူပြီး ဖန်ခွက်ထဲသို့ နှစ်ပက်စာခန့် ငှဲ့ထည့်သည်။ ထို့နောက် ပုလင်းကို ပြန်သိမ်းပြီး အရက်ဖန်ခွက် ထဲသို့ ရေခဲတုံးလေးများ ထည့်သည်။

ကားက တငြိမ့်ငြိမ့်လေး ပြေးနေသည်။ ဦးအေးချိုသည် ဘရန်ဒီကို တစ်စိမ့်စိမ့်သောက်ရင်း ကားမှန်ပြတင်းမှနေ၍ အပြင်ဘက်သို့ လှမ်းကြည့်သည်။

ကျောက်ခင်းလမ်း အဆုံးရှိ မြစ်ကူးတံတားကို လှမ်းမြင်ရသည်။ သားနှစ်ယောက်စလုံးသည် မိမိနှင့်မြစ်ချောင်းခြား သကဲ့သို့ ခြားသွားကြပြီ ဖြစ်သည်။

ဘဝချင်းခြားသွားသော သားနှစ်ယောက်အတွက် လူ့လောကသို့ ပြန်ကူးလာစရာ တံတားမရှိ။ အိမ်ကသာ သူတို့

ထံ သွားရန်လမ်း ရှိသည်ဟု ဦးအေးချို တွေးမိသည်။

သားနှစ်ယောက်နှင့် ဘဝခြင်း ခြားစေသူကို မကျေနပ်နိုင် ဖြစ်မိသည်။ မကျေနပ်စိတ်က ရင်ထဲတွင် မီးတောက်တစ်ခုပမာ တောက်လောင်လာသည်။ ပြင်းထန်သော အပူသည် ရင်ထဲမှနေ၍ တစ်ကိုယ်လုံးသို့ ပျံ့နှံ့လာသကဲ့သို့ ရှိလေ၏။



# အခန်း(၂၃)

လက်ဖက်ရည်ကို နှစ်ခွက်ဆင့်သောက်လိုက်သည်။ လက်ဖက်ရည် ပူပူလေးက ခေါင်းထဲတွင် နောက်ကျိနေသည် တို့ကို ဖယ်ရှားလိုက်၏။

"ဟော . . အစ်ကို အိပ်ရာက နိုးပြီကိုး"

"ခေါင်းထဲမှာ နောက်တောက်တောက် ဖြစ်နေတာနဲ့ လက်ဖက်ရည် ဖျော်သောက်တာ စိုင်းတို့ကော . . "

"အစ်ကိုစိုင်းနွတ်နဲ့ စမစ်က စီစဉ်ထားတာတွေကို အကောင်အထည်ဖော်ဖို့ အပြင်ထွက်သွားကြတယ်၊ အစီအစဉ်

သွားလုပ်ကြတာလေ"

မင်းနောင်က အနားမှ ရပ်နေသော ဒိုင်ယာနာအား မော့ကြည့်ရင်း ခေါင်းညိတ်ပြသည်။ ပြီး တတိယအကြိမ် အဖြစ် လက်ဖက်ရည် ပန်းကန်ထဲသို့ လက်ဖက်ရည် ငှဲ့ထည့်သည်။ ပန်းကန်အဖုံးတစ်လုံးဆွဲပြီး ဒိုင်ယာနာအတွက်ပါ လက်ဖက်ရည် ငှဲ့ပေးလိုက်၏။

"လက်ဖက်ရည် သောက်နော် ဒိုင်ယာနာ"

မင်းနောင်က ငါးသေတ္တာညှပ်ပေါင်မုန့်ကို စားသည်။ ပေါင်မုန့်စားရင်း လက်ဖက်ရည်ကို တစ်ကျိုက်ခြင်း သောက်၏။ ဒိုင်ယာနာက မင်းနောင်နှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

"ပွဲကတော့ ကြမ်းတော့မယ် အစ်ကို၊ ဒီမနက်ရတဲ့ သတင်းအရဆိုရင် ဦးအေးချို့တို့က ကောင်းမြတ်တို့ လူစုကို အပြင်းအထန် လိုက်ရှာနေကြပြီ"

"အဲဒါ မကောင်းဘူးလား . . သူတို့အချင်းချင်း ထချကြပြီး မောနေတဲ့အခါ ကိုယ်တို့အသာလေး ဝင်လိုက်ရုံပေါ့"

"အစီအစဉ်အတိုင်း ဖြစ်လာရင်တော့ ကောင်းတာပေါ့၊





တစ်ကယ်လို့ အတိမ်းအစောင်း ရှိခဲ့ရင် . . "

"ကိစ္စတိုင်းဟာ စင်းလုံးချော ဘယ်ရှိပါ့မလဲ ဒိုင်ယာနာ တိမ်းစောင်းတာ ချွတ်ချော်တာတွေ မရှိမဖြစ် ရှိမှာပေါ့၊ အဲဒီတော့လည်း အခြေအနေအရ လှုပ်ရှားရတာပေါ့"

ဒိုင်ယာနာက မင်းနောင်အား ကြည့်ပြီး ပြုံးသည်။

"ဒီကိစ္စနဲ့ ပတ်သက်ပြီး အစ်ကိုက တစ်ကယ်စိတ်အား ထက်သန်တယ်နော်"

"ဒီကိစ္စပြီးရင် ကိုယ့်တာဝန်တစ်ခု ပြီးပြီလေ၊ ဒီတော့လည်း စိတ်ထက်သန်ရတာပေါ့"

ဒိုင်ယာနာက သက်ပြင်းတစ်ချက်ချရင်း ခေါင်းညိတ်လိုက်သည်။

"ကျွန်မလည်း ဒီကိစ္စကို မြန်မြန်ပြီးစေချင်ပါတယ်၊ အစ်ကိုပြောသလိုဘဲ ဒီကိစ္စပြီးရင် တာဝန်တစ်ခု ပြီးပြီမဟုတ်လား"

မင်းနောင်က လက်ဖက်ရည်ကို ကုန်အောင် သောက်ပြီး စီးကရက် တစ်လိပ် မီးညှိသည်။ စီးကရက်ကို အရသာခံ ဖွာရှိုက်ရင်း ဒိုင်ယာနာအား ကြည့်မိ၏။ သူ့ထံသို့ စူးစိုက်ရောက်ရှိ

နေသော ဒိုင်ယာနာ့မျက်လုံး အစုံမှာ ရွှန်းလဲ့တောက်ပနေသဖြင့် ရင်ထဲတွင် လှုပ်လှုပ်ရှားရှား ဖြစ်သွားရသည်။

"အစ်ကို့ကို တစ်ခုမေးမလို့"

"မေးလေ ဒိုင်ယာနာ၊ ဘာမေးမလို့လဲ"

"ဟိုလေ . . စပ်စုတာတော့ မဟုတ်ပါဘူးနော်၊ ကျွန်မက အစ်ကို့ကို ခင်မင်မိလို့ သိချင်အားကြီးတာနဲ့ မေးမှာ"

"ဟုတ်ပါပြီ . . ဘာမေးမလို့လဲ မေးပါ"

"အစ်ကိုစိုင်းနွတ်က ပြောတယ် . . အစ်ကိုဟာ မိန်းမတစ်ယောက်ကြောင့် လေလွင့်ပြီး နှစ်အတော်ကြာကြာ ပျောက်ဆုံးနေခဲ့တယ်ဆို"

စိုင်းနွတ်ကတော့ လုပ်ပြီဟုတွေးရင်းမှ မင်းနောင် ရယ်လိုက်သည်။ ရယ်ရင်းက ပြင်ပြင်စိမ်းနေသော ဖြူဖြူမျက်နှာအတွေးမှာ ထင်လာသည်။ ရင်မှာ ကျင်ခနဲ နာသွားသည့် ခံစားချက်ကို ရလိုက်၏။

"လေလွင့်တာ မဟုတ်ပါဘူး . . ဒဏ်ရာကို ကုစားတာပါ၊ ထိချက်က ပြင်းတော့ ဒဏ်ရာက တော်တော်ပြင်းတယ်၊ ဒါပေမယ့် ကိုယ်သတိလက်လွတ် မဖြစ်ပါဘူး၊ နာကျင်နေတဲ့





ကြားကနေ ကိုယ့်ကိုကိုယ် ပြန်ကုစားခဲ့တယ်၊ အခုတော့ ရင်ထဲမှာ ဘာဒဏ်ရာဒဏ်ချက်မှ မရှိတော့ပါဘူး"

"အစ်ကို တစ်ကယ်ပြောတာနော်"

ဒိုင်ယာနာက ပြုံးပြီးမေးသည်။ မင်းနောင် ခေါင်းညိတ်ပြလိုက်၏။

"ကိုယ်က ဘာအကြောင်းရှိလို့ လိမ်ပြောရမှာလဲ၊ ဒိုင်ယာနာကို ကိုယ်မလိမ်ပါဘူး"

ဒိုင်ယာနာ၏ မျက်နှာတွင် မှိုင်းညို့ဟန်တွေ ရိပ်ခနဲ ထင်သွား၏။ သူမက မျက်တောင်တဖျပ်ဖျပ် ပုတ်ခတ်ပြီး အမှုအရာ မပျက်အောင် ထိန်းသည်။ လျှပ်တစ်ပြက်ခမျှ ထင်သွားသော အမူအယာ ဒိုင်ယာနာ၏ မျက်နှာမှ ပျောက်ကွယ်သွား၏။

"ကျွန်မကို အရေးထားတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်"

"ဟာ . . လုပ်ပြန်ပြီ၊ မင်းက ကိုယ်ရဲ့အလုပ်အတူလုပ်ဖက် ညီမတစ်ယောက်လေ . . မင်းကို တန်ဖိုးထားရမှာပေါ့၊ လေးစားခင်မင်ရမှာပေါ့"

ဒိုင်ယာနာ့ထံမှ သက်ပြင်းချသံကို ကြားရပြန်၏။ သူမ

က မင်းနောင်အား မကြည့်ဘဲ မျက်နှာလွှဲလိုက်သည်။

"ကျွန်မ အစ်ကို့ကို ပြောပြချင်ပါတယ်"

"ဟုတ်လား . . ဘာပြောပြချင်တာလဲ"

"ကျွန်မ ရင်ထဲမှာ ခံစားနေရတာတွေကိုပေါ့၊ ဒါပေမယ့် အခုပြောလို့ မဖြစ်သေးပါဘူး"

"ဘာဖြစ်လို့လဲ ဒိုင်ယာနာ"

ဒိုင်ယာနာ ပြုံးပြီး ခေါင်းခါသည်။ သူမ၏ အမူအရာ ထူးခြားနေသည်ဟု မင်းနောင် စိတ်တွင် ထင်မိ၏။

"ပြောပါအုံး"

ဒိုင်ယာနာက အဖြေမပေး ခေါင်းခါမြဲ ခါသည်။ သူမ၏နှုတ်ခမ်းဖျားမှာ အပြုံးရိပ်များ ထင်လာသည်ကို မင်းနောင် သတိပြုမိ၏။

"ဒိုင်ယာနာ့ကို ကြည့်ရတာ တစ်ခုခု လျှို့ဝှက်ထားသလိုဘဲ"

ဒိုင်ယာနာက အံ့အားတသင့် ဖြစ်သွားဟန်နှင့် မျက်ခုံးလေးပင့်ပြီး မင်းနောင်အား ကြည့်သည်။ ထို့နောက် ခေါင်းခါလိုက်၏။





"ကျွန်မမှာ ဘာလျှို့ဝှက်ချက်မှ မရှိပါဘူးရှင်"

"တစ်ကယ်နော် ဒိုင်ယာနာ . . တစ်ကယ်မရှိဘူးနော်"

ဒိုင်ယာနာက ခေါင်းညိတ်ပြသည်။

"ထားလိုက်ပါတော့ . . ဒါတွေက သိပ်အရေးမပါပါဘူး၊ အရေးကြီးတာက ကိုယ်တို့ရှေ့ဆက် လုပ်ရမယ့် အစီအစဉ်ဘဲ၊ အဲဒီအစီအစဉ်ကို ခိုင်သထက်ခိုင်အောင် လုပ်ဖို့လိုတယ်"

"စီစဉ်ထားတာ မပြည့်စုံဘူးထင်ရင် အစ်ကိုကဘဲ ပြည့်စုံအောင်လုပ်ပေါ့၊ ကျွန်မက ဒါလုပ်ဆိုရင် ဖြစ်အောင် လုပ်တတ်ပေးမယ့် . . စီစဉ်ဖို့ကျတော့ သိပ်အစွမ်းအစ မရှိဘူး"

"ဒိုင်ယာနာက ကိုယ့်ကိုကိုယ် လျှော့တွက်နေတာကိုး၊ မစီစဉ်တတ်ဘူးဆိုတာ မရှိပါဘူး၊ မစီစဉ်ဖြစ်သေးတာဘဲ ရှိပါတယ်၊ လူ့သဘာဝက မှီလို့ရရင် မှီတတ်တယ်၊ မှီစရာ မရှိဘူးဆိုရင်တော့ ကိုယ်ပိုင်အစွမ်းအစကို ထုတ်သုံးတတ်တယ်"

"အစ်ကိုက ကျွန်မ စိတ်ချမ်းသာအောင် ပြောနေတာမဟုတ်လား . . သိပါတယ်နော်"

"ဟာ . . မဟုတ်ပါဘူး၊ သဘာဝကို ပြောနေတာပါ၊ ကံပါလေ . . ဒီကိစ္စနဲ့ပတ်သက်ပြီး ငြင်းခုန်စရာ မရှိပါဘူး၊

စိုင်းတို့ ပြန်လာတာနဲ့ ကိုယ်တို့လုပ်စရာရှိတာ လုပ်ကြတာပေါ့"

အပြန်အလှန် စကားပြောနေစဉ် အပြင်ဘက်မှ စကားပြောသံ ခြေသံတို့ကို ကြားရသည်။ စိုင်းနွှတ်တို့ ပြန်လာကြခြင်းဖြစ်မည်ဟု တွေးထင်မိဆဲ ထမင်းစားခန်း တံခါးဝတွင် လာရပ်သူကို တွေ့ရသဖြင့် မင်းနောင် ထိုင်နေရာမှ ဖျပ်ခနဲ ထရပ်လိုက်၏။

"ဟင် .. နီနီ .. ဒါ .. ဘယ်လိုဖြစ်"

"သိပ်အံ့အားသင့်သွားသလား ကိုကို .. အစ်ကိုစိုင်းနွှတ်က လှမ်းခေါ်လိုက်လို့ နီနီ လာခဲ့တာပါ၊ နီနီနဲ့အတူ အစ်ကိုကြီး စဝ်ရန်နိုင်လည်း ပါတယ်"

"ဪ"

"ဟုတ်တယ်ဟေ့ .. မင်းပေးလိုက်တဲ့ ဖုန်းနံပါတ်ကို စုံစမ်းကြည့်တော့ တစ်ကယ့်ထိပ်သီး တစ်ယောက်ဖြစ်နေတာနဲ့ စဝ်ကို အကူအညီ လှမ်းခေါ်လိုက်တာ"

စကားပြောသံနှင့်အတူ စိုင်းနွှတ်အား လှမ်းမြင်ရသည်။ နီနီနန်းဝေနှင့် စိုင်းနွှတ်တို့ ထမင်းစားခန်းထဲသို့ ဝင်လာကြ၏။ သူတို့နောက်မှ စဝ်ရန်နိုင်နှင့် စမစ်တို့ ဝင်လာကြသည်။





"နေပါအုံး .. မင်းက နီနီကို လှမ်းခေါ်တယ်၊ အစ်ကိုရန်နိုင်ကိုလည်း လှမ်းခေါ်တယ်၊ အဲဒါ ဘာအဓိပ္ပါယ်လဲ"

"ပြောပြီးပြီလေကွာ .. စဝ်ကိုခေါ်တာက အကူအညီလိုလို့ .. နီနီကို ခေါ်တာက သက်သေခံနိုင်းမလို့"

မင်းနောင်က စိုင်းနွှတ်အား မျက်မှောင်ကြုံ့ပြီး ကြည့်သည်။

"သက်သေခံနိုင်းမလို့ ဟုတ်လား .. ဘာသက်သေလဲ"

စိုင်းနွှတ်နှင့် စဝ်ရန်နိုင်တို့တတွေ ထမင်းစားပွဲတွင် ပတ်ဝိုင်းပြီး ထိုင်လိုက်ကြသည်။ မင်းနောင်၏ဘေးတွင် ဝင်ထိုင်လိုက်သော စိုင်းနွှတ်က တစ်ချက်ရယ်ပြီး . . .

"လူတစ်ယောက်ကို ပြမလို့ .. အဲဒီလူဟာ ငါတို့လိုချင်တဲ့လူ ဟုတ်မဟုတ် နီနီက သက်သေခံနိုင်တယ်"

"အဲဒီလူက ဘယ်သူလဲ"

"သာမြင့်လေ"

မင်းနောင်၏ကိုယ် ဆတ်ခနဲ ဖြစ်သွားသည်။ သူက နီနီအား မျက်မှောင်ကြုံ့ပြီး လှမ်းကြည့်လိုက်၏။

"မင်း .. သာမြင့်ကို မြင်ဖူးလို့လား နီနီ"

နီနီနန်းဝေ ခေါင်းခါသည်။

"မမြင်ဖူးပါဘူး"

"မမြင်ဖူးဘဲနဲ့ မင်းက ဘယ်လိုလုပ် သက်သေခံမှာလဲ"

"မင်းနောင်ရာ . . မင်းကလည်း အမေးအမြန်း ထူလိုက်တာ . . နီနီက သာမြင့်ကိုတွေ့ရင် ဒီလူဟာ သာမြင့်ပါလို့ အလိုလို ထုတ်ဖော်လာလိမ့်မယ်၊ နီနီကို အဲဒီအတွက် ခေါ်တာ"

မင်းနောင် ခေါင်းဆတ်ခါလိုက်သည်။

"ငါ့စိတ်ထဲမှာ မရှင်းသေးဘူး . . သာမြင့်က နီနီကို တွေ့တာနဲ့ ဘာဖြစ်လို့ သူ့ကိုယ်သူ သာမြင့်ပါလို့ ဝန်ခံမှာလဲ"

စိုင်းနွတ်က စိတ်ရှုပ်ထွေးဟန်ဖြင့် ပြောနေသော မင်းနောင်၏ပခုံးကို လှမ်းကိုင်လိုက်သည်။

"မင်းက အရိပ်ပြလို့ အကောင်မထင်တော့လည်း ငါက ဘဲ ရှင်းရှင်းလင်းလင်း ပြောပြရမှာပေါ့၊ သာမြင့်နဲ့ဖြူဖြူတို့ အဖြစ်ကို မင်းပြောပြလို့ ငါသိပြီးပြီ၊ မင်းက ဖြူဖြူကြောင့် သာမြင့်နောက်ကို လိုက်တယ်၊ ငါတို့ကလည်း သူ့ကို အလိုရှိနေလို့ လိုက်တယ်၊ ဟုတ်ပြီနော်"

"အေးပါ . . နိဒါန်းပျိုး မနေနဲ့လိုရင်းကိုပြော"





"ပြောပါ့မယ် . . နီနီက ဖြူဖြူညီမအရင်း၊ သူက သူ့အမနဲ့ တော်တော်တူတယ်၊ နည်းနည်းလေး မိတ်ကပ်ပြင်ပေးလိုက်ရင် လူတောင်မှားနိုင်တယ် ဟုတ်တယ် မဟုတ်လား"

"အင်း . . ဟုတ်ပါတယ်"

"ကောင်းပြီ . . ဒါဆိုရင် သာမြင့်က ဖြူဖြူနဲ့ တူတဲ့ မိန်းကလေးကို တွေ့ရင် ဘာဖြစ်သွားမလဲ . . ဘယ်လောက်ဘဲ ဟန်ဆောင်ကောင်းကောင်း အနည်းနဲ့အများတော့ သူတုန်လှုပ်သွားမှာဘဲ၊ ဒီလိုတုန်လှုပ်သွားတာနဲ့ သာမြင့်ကို သာမြင့်လို့ ငါတို့သိနိုင်ပြီ၊ သာမြင့်ဆိုတဲ့လူက ဒီမှာနာမည်ပြောင်း ဘဝပြောင်းပြီး ဖာတ်မြုပ်နေနေတာ၊ မင်းသဘောပေါက်ပြီလား"

မင်းနောင် ခေါင်းညိတ်လိုက်သည်။ သို့သော် သူ့မျက်နှာပေါ်တွင် ကျေနပ်သွားဟန်တို့ ပေါ်မလာဘဲ ရှိနေ၏။

"ဒီအကြောင်းအရာလေးနဲ့ နီနီကို လှမ်းခေါ်လိုက်တာ သိပ်တော့မဟုတ်သေးဘူး စိုင်း . . နီနီအတွက် သိပ်အန္တရာယ်များတာပေါ့"

"နီနီက အဲဒီအန္တရာယ်ကို ရင်ဆိုင်ချင်လို့ပါ၊ အစ်ကို စိုင်းနွတ်က နီနီဆီကိုလာပြီး စုံစမ်းမေးမြန်းတော့ နီနီက အဲဒီ

အခွင့်အရေးလေးတစ်ခု တောင်းဆိုခဲ့တယ်၊ အခုဒီကိုလာတာ အစ်ကိုစိုင်းနွတ်က ခေါ်လို့ဆိုပေမယ့် နီနီဆန္ဒကြောင့်ပါ"

မင်းနောင် သက်ပြင်းချသည်။ ပြီးနောက် ခေါင်းညိတ်လိုက်သည်။

"နီနီဆန္ဒအရဆိုရင် ပြီးတာပါဘဲ၊ တစ်ခုတော့ ရှိတယ်နော်၊ အခုကိစ္စအတွက် လှုပ်ရှားရင် အတင့်မရဲရဘူး၊ အစ်ကို ပြောသလိုဘဲ လုပ်ကိုင်ရမယ်၊ အစ်ကိုစကားကို နားထောင်ရမယ် ကြားလား နီနီ"

"ဟုတ်ကဲ့ပါ အစ်ကို"

စကားအပြန်အလှန် ပြောနေသော မင်းနောင်နှင့်နီနီ နန်းဝေတို့ကိုကြည့်ပြီးနောက် ဒိုင်ယာနာ မျက်နှာလွှဲလိုက်သည်။ ဒိုင်ယာနာ၏ မျက်နှာတွင် အလိုမကျဟန်တွေ ပေါ်နေသည်ကို စဝ်ရန်နိုင် သတိပြုမိ၏။

"သိပ်လည်း စိတ်သောက ရောက်မနေပါနဲ့ မင်းနောင် နီနီဘေးမှာ ငါတို့လည်း ရှိနေမှာပါ"

စဝ်ရန်နိုင်၏ စကားကြောင့် စိုင်းနွတ်တို့တတွေ မင်းနောင်အားကြည့်ပြီး ရယ်ကြသည်။ ဒိုင်ယာနာ တစ်ယောက်သာ





လိုက်မရယ်ဘဲ ခေါင်းငုံ့သည်ထက် ငုံ့လိုက်သည်။

"သူက ဘယ်သူလဲ စိုင်း . . သူ့ကိုကိုယ်နဲ့ မိတ်ဆက်ပေးပါအုံး"

ဒိုင်ယာနာ၏ အမူအယာကို သတိထားမိသဖြင့် စဝ်ရန်နိုင်က စကားလမ်းကြောင်းပြောင်းပြီး စိုင်းနွတ်အား လှမ်းပြောသည်။ စိုင်းနွတ်က ခေါင်းညိတ်လိုက်၏။

"ဟုတ်သားဘဲ . . ကျွန်တော့်လူတွေကို စဝ်သိနေပေမယ့် ဒိုင်ယာနာ့ကိုမှ မသိသေးတာ၊ သူက ဒိုင်ယာနာလေ . . ဒေသခံ ဒုစရိုက်နှိမ်နင်းရေး တာဝန်ခံပေါ့ . . ဒိုင်ယာနာ သူက စဝ်ရန်နိုင် . . ကိုယ့်ရဲ့သေဘော်သေဘက် ရဲဘော်တစ်ယောက်ဘဲ"

ဒိုင်ယာနာ ဖြည်းညင်းစွာ ခေါင်းမော့လာသည်။ သူမက အားယူပြုံးရသော အပြုံးဖြင့် စဝ်ရန်နိုင်အား လှမ်းကြည့်လိုက်၏။

"ကိုရန်နိုင်ရဲ့ အကြောင်းကို ကြားဖူးနေတာ ကြာပါပြီ"

"ကိုယ်က နာမည်ကျော်ပဲလေ . . ဒီလိုဘဲ ဒိုင်ယာနာကို မသိပေမယ့် သတင်းကြားနေတာ ကြာပါပြီ၊ ထူးချွန်ထက်မြက်တဲ့ ဒေသခံတာဝန်ခံနဲ့ တွေ့ရတာ ဝမ်းသာပါတယ်"

ဒိုင်ယာနာ၏ မျက်နှာပေါ်မှ အပြုံးတွေ ပီလာသည်။ သူမက ဝမ်းသာအားရ အမူအယာနှင့် စစ်ရန်နိုင်အား လက်ဆွဲနှုတ်ဆက်သည်။

"ကျွန်တော်တို့သွားဖို့ အချိန်တန်ပြီနဲ့ တူတယ်စစ်"

စစ်ရန်နိုင်က စိုင်းနွတ်အား လှမ်းကြည့်ပြီး ခေါင်းညိတ်ပြသည်။ စိုင်းနွတ်က မင်းနောင်တို့အား မျက်လုံးဝေ့ကြည့်သည်။

"အချိန်ကတော့ မင်္ဂလာအချိန်ဘဲ သွားကြမယ်"



အခန်း (၂၄)

ပတ်ဝန်းကျင်တစ်ခုလုံးမှာ အေးချမ်းဆိတ်ငြိမ်နေသည်။ ကျယ်ဝန်းသော ခြံဝင်းကြီး အတွင်းရှိ နှစ်ထပ်တိုက်ကြီး မှာလည်း အေးချမ်းဆိတ်ငြိမ်သော အသွင်ကို ဆောင်နေသည်။

စမစ်က ကားကို ထိုအိမ်ကြီးနှင့် မနီးမဝေးတွင် ရပ်လိုက်သည်။ စဝ်ရန်နိုင်တို့ငါးယောက် ကားပေါ်မှ ဆင်းသည်နှင့် စမစ်က ကားကို လမ်းချိုးတစ်ခုသို့ ရောက်သည်ထိ မောင်းထွက်သွားသည်။

စဝ်ရန်နိုင်တို့ ငါးယောက်က ခြံဝင်းကျယ်ကြီး၏ ဘယ်

ညာတစ်ဖက်တစ်ချက်သို့ လူချင်းခွဲပြီး ထွက်သည်။ ဒိုင်ယာနာ နှင့်နီနီနန်းဝေက ခြံဝင်းကျယ်ကြီးရှေ့ နှစ်ထပ်တိုက်ရှိရာ ခြံဝင်း ထဲသို့ ဝင်သည်။

စစ်ရန်နိုင်၊ စိုင်းနွတ်နှင့် မင်းနောင်တို့က တစ်ယောက် တစ်နေရာစီခွဲပြီး ခြံဝင်းကျယ်ကြီး အနီးသို့ ချဉ်းကပ်သည်။ ခြံဝင်းကျယ်ကြီး ရှေ့ဘက်တွင် ကင်းတဲတစ်တဲနှင့် အစောင့် နှစ်ယောက် ရှိနေသည်ကို တွေ့ရသဖြင့် စစ်ရန်နိုင်တို့က ဘယ် ညာတစ်ဖက်တစ်ချက်စီ ခွဲထွက်သည်။ စိုင်းနွတ်က ခြံဝင်း ကျယ်ကြီး အနောက်ဖက်သို့ ထွက်ခဲ့သည်။

ခြံဝင်းကျယ်ကြီး အတွင်းရှိ နှစ်ထပ်တိုက်တွင် ကောင်း မြတ်နှင့်သူ၏ နောက်လိုက်များ ရှိနေသည်။ သူသည် ဖုန်းဘေး တွင် ထိုင်နေပြီး တစ်စုံတစ်ယောက်က ဆက်သွယ်လာမှာကို စောင့်နေ၏။

ကောင်းမြတ်စောင့်နေဆဲမှာပင် တယ်လီဖုန်း အသံမြည် လာသည်။ သူက ဖုန်းခွက်ကိုယူပြီး နားထောင်လိုက်၏။

"ဒေသခံရဲတွေ ကားနှစ်စီးနဲ့ ရောက်လာတယ် ဆရာ"

"ဟေ .. ရဲတွေဟုတ်လား .. သူတို့က ငါတို့ ဒီမှာ





ရှိနေတာကို ဘယ်လိုသတင်းရသွားပါလိမ့်"

"သူတို့က ဆရာနဲ့ တွေ့ချင်တယ်လို့ ပြောပါတယ်"

"တောက် .. ဒီနေ့မှကွာ၊ ကဲ .. လွှတ်လိုက် .. လွှတ် လိုက်၊ သူတို့ကို မြန်မြန်ပြန်ထွက်သွားအောင် လုပ်ရမှာပေါ့"

ကောင်းမြတ်က ဖုန်းပြန်ချလိုက်သည်။ သူနှင့်မနီးမဝေး တွင် ရှိနေသူများအား မျက်လုံးတစ်ချက်ဝေ့ပြီး ကြည့်သည်။

"ဟေ့ကောင်တွေ .. အပြင်မှာ မင်းတို့အဖေတွေ ရောက်နေပြီ၊ မင်းတို့လက်နက်တွေကို ဝှက်လိုက်ကြ .. မြန်မြန် လုပ်"

ကောင်းမြတ်နှင့်အတူ ရှိနေသူများ လျင်မြန်စွာ လှုပ်ရှား ကြသည်။ ထိုင်နေရာမှထပြီး အတွင်းခန်းများသို့ အလျှိုလျှို ဝင် ကုန်ကြ၏။ လက်နက်ကိုင်ထားခြင်း မရှိသူ နှစ်ယောက်သာ ကောင်းမြတ်နှင့် မနီးမဝေးတွင် ကျန်ရစ်သည်။

အိမ်ရှေ့တွင် ကားတစ်စီး ထိုးဆိုက်ရပ်နားသံကို ကြားရ သည်။ ကောင်းမြတ်က သူနှင့်မနီးမဝေးတွင် ရှိနေသူ နှစ်ယောက် အား မျက်ရိပ်ပြလိုက်သည်။ ထိုသူနှစ်ယောက် နေရာမှထပြီး အိမ်တံခါးကို ဖွင့်ပေးလိုက်၏။

( )နိုင်ငံ၏ အမှတ်အသားပါ တံဆိပ်တပ် ခတ်ထားသော ဒေသခံရဲများ အိမ်ထဲသို့ ဝင်လာကြသည်။ ရဲအရာရှိက ကောင်းမြတ်ရှေ့တွင် လာရပ်သည်။ ကျန်ရဲများက အိမ်အတွင်းဘက်သို့ လျင်မြန်စွာ ဝင်သွားကြ၏။

"ဒါက ဘာသဘောလဲ၊ ခင်ဗျားတို့ ဘာလုပ်တာလဲ"

ကောင်းမြတ်က ဒေသခံ စကားဖြင့် မေးလိုက်သည်။ ကောင်းမြတ်၏ရှေ့တွင် ရပ်နေသော ရဲအရာရှိက တစ်ချက်ရယ်ပြီး ခါးကြားတွင် ထိုးထားသည့် ပစ္စတိုကို ထုတ်ယူလိုက်သည်။

"ဘာလုပ်တာလဲဆိုတော့ မင်းတို့ကိုရှင်းဖို့ ပြင်ဆင်တာပေါ့၊ လက်နှစ်ဖက်စလုံးကို မြှောက်ထားလိုက်စမ်း ကောင်းမြတ်"

"ဟင် . . မင်း . ."

"ငါ . . ဘထိုက်ဘဲ၊ ဆရာကြီးကိုယ်တိုင် မင်းကိုစီရင်လိမ့်မယ်"

ဘထိုက်က ကောင်းမြတ်ကို နဖူးတည့်တည့်သို့ သေနတ်ဖြင့် ချိန်ရွယ်ထားရင်းမှ ပြောသည်။ ထိုအချိန်မှာပင် အိမ်ထဲသို့ ရီလီနှင့်ဦးအေးချိုတို့ ဝင်လာသည်။

"ကောင်းမြတ် . . မင်း . . ငါ့ကို မှတ်မိပါတယ်နော်"





"ဟာ . . အစ်ကိုကြီး၊ ဘယ်လိုလုပ်ပြီး ဒီကိုရောက်လာတာလဲ"

ဦးအေးချို တစ်ချက်ရယ်လိုက်သည်။

"ငါ့သားအတွက် လက်စားချေမလို့လေ . . ရတနာသေတ္တာ ဘယ်မှာလဲ"

"ဗျာ"

"မင်း ငါ့သားကို သတ်ပြီး ယူသွားတဲ့ ရတနာသေတ္တာလေ . . ဘယ်မှာလဲ"

"ဟာ . . မဟုတ်ပါဘူး အစ်ကိုကြီး အထင်လွဲနေပြီ၊ အဲဒါ ကျွန်တော်တို့ လက်ချက်မဟုတ်ပါဘူး"

ဦးအေးချို ရယ်လိုက်ပြန်သည်။ ရယ်ရင်း ယမ်းရုပ်ပါသော့တွဲကို ကောင်းမြတ်ရှေ့တွင် ချပေးသည်။

"ဒါဘာလဲ . . ဒီသော့တွဲကို ငါ့သားရဲ့ အလောင်းဘေးက ရခဲ့တာ"

"ဟာ . . မဟုတ်ပါဘူး အစ်ကိုကြီး မဟုတ်ဘူး၊ ဒါ တစ်ယောက်ယောက်က . ."

"တိတ်စမ်း . . ဘာစကားမှ အပိုမပြောနဲ့၊ ဒီကိစ္စက

မင်းတို့လက်ချက်ဆိုတာ ငါသိပြီးပြီ၊ သာမြင့် ဘယ်မှာလဲ"

"ဟို . . ဟို"

"ဘယ်မှာလဲ ပြောစမ်း"

"အစ်ကိုကြီး . . ကျွန်တော်"

ဦးအေးချို့က ကောင်းမြတ်အား လက်ပြန်ရိုက်ချလိုက်သည်။ ဖြန်းခနဲ မြည်သွားသံနှင့်အတူ ကောင်းမြတ်ထိုင်ခုံပေါ်မှ ကျသွား၏။

ကြမ်းပြင်ပေါ်သို့ ကျသွားစဉ်မှာပင် ကောင်းမြတ်က စားပွဲအောက်၌ ဝှက်ထားသည့် ပစ္စတိုကို ဆွဲယူပြီး ဦးအေးချို့အား ချိန်ရွယ်သည်။ ဦးအေးချို့က ဂရုမစိုက်သည့်ဟန်ဖြင့် ရှေ့တိုးလာသည်။ ရှေ့ကိုတိုးရင်း သူ့ပခုံးသိုင်းအိတ်ထဲမှ ပစ္စတိုကို လျှပ်တစ်ပြက် ဆွဲထုတ်ကာ ကောင်းမြတ်အား ပစ်ခတ်သည်။

'ဒိုင်း"

သေနတ်သံက ကျယ်လောင်စွာ ပေါ်ထွက်လာသည်။ ကောင်းမြတ် ကြမ်းပြင်ပေါ် မှောက်ကျသွား၏။ ဦးအေးချို့က ကောင်းမြတ်၏ မျက်နှာကို ရှူးဘိနပ်စီးထားသည့် ခြေထောက်ဖြင့် လှမ်းကန်သည်။





အိမ်ရှေ့ခန်းမှ ဦးအေးချို့၏ သေနတ်သံ ပေါ်လာချိန်မှာပင် အိမ်အတွင်းဘက်မှ သေနတ်သံတွေပါ ပေါ်လာသည်။ ဦးအေးချို့က ဘထိုက်အား လှမ်းကြည့်ပြီး ခေါင်းတင်ချက် ညိတ်ပြလိုက်၏။ ဘထိုက် နေရာမှခွာထွက်ပြီး အိမ်အတွင်းပိုင်းသို့ ပြေးဝင်သည်။

အိမ်အတွင်းမှ ပစ်ခတ်သံများ ပေါ်လာချိန်တွင် နီနီနန်းဝေနှင့်ဒိုင်ယာနာတို့က သူတို့ဝင်သွားသည့် အိမ်ထဲမှ ပြန်ထွက်လာကြသည်။ ထိုအချိန်မှာပင် စိုင်းနွတ်တို့တတွေ နှစ်ထပ်တိုက်အတွင်းသို့ ပြေးဝင်ကြသည်။

နောက်ဖေးဘက်မှနေ၍ အိမ်ထဲသို့ ဝင်လျှင်ဝင်ခြင်း ပြေးထွက်လာသော သေနတ်သမားတစ်ယောက်ကို တွေ့ရသဖြင့် စိုင်းနွတ်က အသံထိန်းပြောင်း ပိုတပ်ထားသော သေနတ်နှင့် လှမ်းပစ်လိုက်သည်။ ခတ်အုပ်အုပ် မြည်သွားသော သေနတ်သံနှင့်အတူ မျက်နှာချင်းဆိုင်မှ သေနတ်သမား တုန့်ခနဲရပ်ကာ တုန်းခနဲ လဲကျသွားသည်။

စိုင်းနွတ်က သေနတ်သမား တစ်ယောက်ကို ရှင်းလိုက်စဉ်မှာပင် စဝ်ရန်နိုင်နှင့် မင်းနောင်တို့ကလည်း သေနတ်သမား

များကို ရှင်းလိုက်သည်။ သူတို့က တွေ့သမျှ သေနတ်သမားများကို ပစ်ခတ်တိုက်ခိုက်ရင်း ဧည့်ခန်းသို့ ပြေးဝင်လာကြသည်။

ဧည့်ခန်းတွင် ရှိနေသော အေးချိုက အသံထိန်းပြောင်းပိုတပ် သေနတ်သံကိုကြားသည်။ သူက ဆိုဖာ ကစ်ခု အကွယ်သို့ ဖျပ်ခနဲ ဝင်၏။ ထိုသို့ဝင်လိုက်စဉ်မှာပင် ဧည့်ခန်းသို့ ပြေးဝင်လာသော ဘထိုက်ကို တွေ့ရသည်။

ဘထိုက်သည် ဧည့်ခန်းသို့ ပြေးဝင်ရင်း တစ်ဖက်မှ ပြေးလာသော မင်းနောင်နှင့် မျက်နှာချင်းဆိုင်မိသွားသည်။ နှစ်ယောက်စလုံး တစ်ယောက်ကိုတစ်ယောက် ကြည့်ကြပြီး လက်ထဲမှ သေနတ်များကို မြှောက်လိုက်သည်။

မင်းနောင်သည် ဘေးတစ်ဖက်သို့ ခုန်ထွက်ရင်းမှ သေနတ်မောင်းကို ဖြုတ်လိုက်သည်။ ခတ်အုပ်အုပ် မြည်သွားသော သူ့သေနတ်သံနှင့် ပေါက်ကွဲမြည်ဟီးသွားသော ဘထိုက်၏သေနတ်သံတို့ တပြိုင်နက်တည်း ပေါ်လာသည်။ မင်းနောင်၏ သေနတ်ကျည်ဆံက ဘထိုက်အား ဇိဝိန်ခြွေပစ်လိုက်သည်။ ရီလီမှာ အခွင့်အရေးရခိုက် အိမ်ထဲမှ ထွက်ပြေးသည်။

ဘထိုက်လဲကျအသွားတွင် မင်းနောင်၏အာရုံ ဦးအေး





ချိုထံသို့ ရောက်သွားသည်။ ဦးအေးချိုနှင့် မျက်နှာချင်းဆိုင်လိုက်သူမှာ စစ်ရန်နိုင် ဖြစ်၏။ ဦးအေးချို သေနတ်ကို အပင့်တွင် စစ်ရန်နိုင်က သူ့လက်ထဲမှ သေနတ်ကို မောင်းဖြုတ်လိုက်၏။ ချောင်းဆိုးသကဲ့သို့ ခတ်အုပ်အုပ် မြည်သွားသော သေနတ်သံပေါ်လာပြီး ဦးအေးချို လက်ထဲမှ သေနတ် လွင့်ထွက်သွားသည်။ စစ်ရန်နိုင်က ဦးအေးချိုထံသို့ ပြေးဝင်ပြီး လက်ထိပ်ခတ်လိုက်သည်။

"သာမြင့် ဘယ်မှာလဲ"

ဦးအေးချိုက စစ်ရန်နိုင်အား မျက်မှောင်ကြုံ့ပြီး ကြည့်သည်။

"ငါမသိဘူး"

"သူဒီကိုလာမယ်ဆိုတာ ကျွန်တော် သိတယ်၊ ခင်ဗျား သူ့ကို သတ်ပစ်လိုက်ပြီလား"

"ငါသူ့ကို တွေ့တောင် မတွေ့သေးဘူး၊ တွေ့ရင်လည်း သတ်မလို့ စဉ်းစားထားတယ်"

"သာမြင့်က ခင်ဗျားကို အရှုံးပေးမယ်များ ထင်နေသလား ဦးအေးချို"

ဦးအေးချိုက စစ်ရန်နိုင်အား တည်ငြိမ်သော အမူအယာနှင့်ကြည့်သည်။

"စစ်ရန်နိုင် . . ငါ မင်းလက်ထဲကို ရောက်နေပြီ၊ မင်း ငါ့ကို ကြိုက်သလို လုပ်လို့ရတယ်၊ လုပ်ချင်တာသာလုပ် . . ဒါပေမယ့် စကားလုံးတွေနဲ့ ငါ့ကို နှိပ်စက်ဖို့ မစဉ်းစားနဲ့"

ဦးအေးချိုနှင့်စစ်ရန်နိုင်တို့ စကားပြောနေစဉ် အပြင်တွင် စောင့်နေသော အစောင့်နှစ်ယောက် ပြေးဝင်လာပြီး စစ်ရန်နိုင်အား သေနတ်ဖြင့် ဝိုင်းပစ်သည်။ စစ်ရန်နိုင်က ဦးအေးချိုကို တွန်းလှန်ပြီး သူပါ ကြမ်းပြင်ပေါ် မှောက်ချလိုက်၏။ မင်းနောင်နှင့်စိုင်းနွတ်တို့က အစောင့်နှစ်ယောက်ကို ပစ္စတိုဖြင့် လှမ်းပစ်သည်။

အိမ်အတွင်း၌ ပစ်သံခတ်သံများ ပေါ်ထွက်နေစဉ် ခြံဝင်းရှေ့သို့ ကားတစ်စီး ရောက်လာသည်။ ကားဒီလက်ကားကြီးပေါ်မှ ဆံပင်ဖြူဖြူ နှုတ်ခမ်းမွှေးဖြူဖြူနှင့်လူကြီး ကစ်ယောက်က ပြတင်းပေါက်မှန်ချပြီး ခြံဝင်းအတွင်းသို့ လှမ်းကြည့်သည်။ ခြံဝင်းအတွင်းသို့ ကြည့်ရင်း မျက်နှာကို လှည့်လိုက်စဉ် မျက်နှာချင်းဆိုင်မှ ပြေးလာနေသော မိန်းကလေးနှစ်ယောက်ကို တွေ့ရ





သည်။ မိန်းကလေး နှစ်ယောက်မှာ နီနီနန်းဝေနှင့် ဒိုင်ယာနာတို့ ဖြစ်၏။

"ဟော့ . . ဟိုကောင်မလေး နှစ်ယောက်ကို ဖမ်းစမ်း"

နှုတ်ခမ်းမွှေးဖြူဖြူနှင့်လူကြီးက ကားရှေ့ခန်းတွင် ထိုင်လိုက်လာသော ဗလကောင်းကောင်းနှင့်လူ တံခါးဖွင့်ပြီး ကားပေါ်မှဆင်းသည်။ သူက ကားပေါ်မှ ဆင်းလိုက်စဉ်မှာပင် အိမ်ထဲမှ ပြေးထွက်လာနေသော ရီလီအား တွေ့ရသဖြင့် ခါးကြားတွင် ထိုးထားသော သေနတ်ကို ဆွဲထုတ်ပြီး ပစ်သည်။ ပြီး ရောက်နေရာမှ ပြန်လှည့်ပြေးမည် ပြင်နေသော နီနီနန်းဝေတို့ကို သေနတ်ဖြင့် ချိန်လိုက်သည်။

"မပြေးနဲ့ပြေးရင် ပစ်လိုက်မယ်၊ ဟိုကောင်မလေး လက်ထဲက သေနတ်ကို ချလိုက်"

နီနီနန်းဝေနှင့်ဒိုင်ယာနာတို့ တုန့်ခနဲ ရပ်လိုက်ကြသည်။ ဒိုင်ယာနာမှာ သူ့လက်ထဲမှ သေနတ်ကို လမ်းပေါ်သို့ ပစ်ချလိုက်၏။

"နှစ်ယောက်စလုံး လာခဲ့"

နီနီနန်းဝေတို့က တုန့်ဆိုင်းဆိုင်းနှင့် သေနတ်သမားရှိ

ရာသို့ လျှောက်သွားသည်။ ကားနောက်ခန်းတွင် ထိုင်နေသော နှုတ်ခမ်းမွှေးဖြူဖြူနှင့် လူကြီးက ကားနောက်ခန်း တံခါးကို ဖွင့်လိုက်၏။

"ကားပေါ် တက်ကြစမ်း"

ဗလကောင်းကောင်းနှင့်လူက အမိန့်ပေးသည်။ နီနီနန်းဝေတို့ ကားပေါ်သို့ တက်လိုက်ကြ၏။ ဗလကောင်းကောင်းနှင့် လူက သူတို့နောက်မှ ကားပေါ်သို့ လိုက်တက်သည်။ ထိုအချိန် မှာပင် ယာဉ်မောင်းက ကားကို တရှိန်ထိုး မောင်းထွက်လိုက်လေသည်။



## အခန်း(၂၅)

"ဒီဖုန်းနံ့ပါတ်ပိုင်ရှင်ဟာ ဦးကောင်းယုံတဲ့ . . ဒီမြို့မှာ ကျိုကျိုဟာက် ချမ်းသာတဲ့ မြို့မျက်နှာဖုံး သူဌေးကြီးဘဲ၊ အဲဒီဦးလေးယုံဟာ ငါတို့လိုချင်တဲ့ သာမြင့်ဘဲ မင်းနောင်"

"ဒီလူက နီနီတို့ကို ဖမ်းခေါ်သွားတာ သေချာတယ် နော်"

"ရီလီ ဒဏ်ရာနဲ့ မသေခင် အဲသလို အစစ်ခံသွားတာဘဲ၊ သူက သာမြင့်မို့သာ နီနီတို့ကို ဖမ်းခေါ်သွားတာပေါ့၊ ငါတော့ အဲသလိုဘဲ တွက်တယ်"

စိုင်းနွတ်က စကားပြောနေစဉ် အသံမြည်လာသော လက်ကိုင်ဖုန်းကို ထုတ်ကိုင်သည်။

"စိုင်းနွတ်ပါ . . ပြောပါစင်"

" . . . . . . . . "

"ဪ . . ဟုတ်ပြီ၊ ကျွန်တော်တို့ အခုဘဲ လာပါ့မယ်"

စိုင်းနွတ်က ဖုန်းကိုသိမ်းပြီး ကားမောင်းသူ နေရာတွင် ထိုင်နေသော စမစ်အား လက်ပြသည်။

"စမစ် . . နဂါးစံအိမ်ကိုမောင်း"

စမစ်က ခေါင်းညိတ်ပြပြီး ကားကို မောင်းထွက်သည်။ မြို့အထွက်ဘက် တောင်ကုန်းရှိရာသို့ မောင်းခဲ့ပြီး သီးသန့်လမ်းသို့ ဝင်သည်။ စိုင်းနွတ်က ကားမောင်းနေသော စမစ်အား လက်တို့ပြီး ရပ်ခိုင်းလိုက်သည်။

"တော်ပြီ . . ရပ်တော့၊ ငါတို့ဖြတ်လမ်းကနေ တောင်ပေါ်ကို တက်မယ်၊ မင်းရဲတွေကို သွားခေါ်ခဲ့ . . "

စမစ် ခေါင်းညိတ်ပြသည်။ စိုင်းနွတ်နှင့်မင်းနောင်တို့ ကားပေါ်မှ ဆင်းတွင် ကားကို နောက်ပြန်ဆုတ်ပြီး ချိုးကွေ့ကာ မြို့ဘက်သို့ မောင်းထွက်သွားသည်။





မင်းနောင်နှင့်စိုင်းနွတ်တို့က ပစ္စတိုကိုယ်စီ ထုတ်ကိုင်ပြီး တောင်ကုန်းပေါ်သို့ ဖြတ်တက်သည်။ ကားလမ်းမှာ ဘောင်ကို ပတ်ပြီး ဖောက်ထားသဖြင့် ခရီးရှည်သော်လည်း တောင်ထိပ်မှာ ဝေးလှခြင်း မရှိပါ။ မင်းနောင်နှင့် စိုင်းနွတ်တို့က တောင်ပေါ်သို့ မျဉ်းတစ်ကြောင်း ဆွဲသည့်ပမာ တက်လိုက်သည့်အခါ ငါးမိနစ် အကြာတွင် တောင်ပေါ်သို့ ရောက်သည်။

တောင်ပေါ်တွင် ရဲတိုက်ကြီးတစ်မျှ ခန်းနားသော အိမ်ကြီးတစ်အိမ် ရှိသည်။ အိမ်ကြီးရှေ့တွင် ပြောင်ပြောင်တင်းတင်းပင် သေနတ်ကိုင်ပြီး စောင့်နေသော အစောင့်နှစ်ယောက်ကို တွေ့ရသည်။

မင်းနောင်နှင့်စိုင်းနွတ်တို့က အိမ်ကြီး၏ဘေးဖက်ရှိ သစ်ပင်များကြားသို့ ဝင်ခဲ့ကြသည်။ မင်းနောင်က အိမ်ကြီး၏ ဝရံတာရတစ်ခုပေါ်သို့ ကျော်ထွက်အောင် မြင့်သောသစ်ပင်တစ်ပင်ပေါ်သို့ တက်လိုက်သည်။

မင်းနောင် သစ်ပင်ပေါ်သို့ တက်သွားစဉ် အိမ်ပတ်ဝန်းကျင်ကို လှည့်ပတ်ပြီး စောင့်နေဟန်ရှိသော အစောင့်တစ်ယောက် သစ်ပင်အောက်သို့ ရောက်လာသည်။

သစ်ပင်အောက်တွင် ပုန်းကွယ်ပြီး စောင့်နေသော စိုင်းနွတ်က လက်နက်ကိုင်အစောင့် အနားသို့ အရောက်တွင် လျှပ်တစ်ပြက် လှုပ်ရှားတိုက်ခိုက်သည်။ သူက အစောင့်၏ သေနတ်ကိုင်လက်ကို ခြေဖဝါးစောင်းဖြင့် ခတ်ကန်သည်။

အစောင့်လက်ထဲမှ သေနတ် လွတ်အကျတွင် ရှေ့ကို ဖျပ်ခနဲတိုးပြီး ပြင်းထန်သောလက်ဝါးစောင်း ရိုက်ချက်ဖြင့် အစောင့်၏ ဇက်ပိုးကို ခုတ်ချလိုက်၏။ အစောင့်ရှေ့ကို ငိုက်အကျတွင် အရိုက်ကို ဒူး ဖြင့်ပင့်တိုက်လိုက်သည်။ နှုတ်မှအွတ်ခနဲ မြည်သံနှင့်အတူ အစောင့်နောက်သို့ လှန်ကျသွား၏။

စိုင်းနွတ်က အစောင့်၏လက်ထဲမှ လွတ်ကျသွားသော စက်သေနတ်ကို ကောက်ယူလိုက်သည်။ တစ်ဆက်တည်းပင် အစောင့်၏ခါးတွင် ပတ်ထားသော ကျည်ခါးပတ်ကို ဖြုတ်ပြီး သူ့ခါးတွင် ပတ်လိုက်သည်။

စိုင်းနွတ်က ပစ္စတိုကို ခါးကြားထိုးပြီး သစ်ပင်အောက်မှ ခွာထွက်သည်။ ထိုအချိန်မှာပင် စူးလက်သော အလင်းရောင် သူ့မျက်နှာပေါ် ကျလာသဖြင့် မျက်လုံးရှေ့တွင် လက်ဖြင့်ကာပြီး စက်သေနတ်ကို လက်တစ်ဖက်တည်းဖြင့် ပင့်ချိန်လိုက်သည်။





ထိုအခါ တိုက်အနောက်ဘက်မှ မှန်ထောင်ပြပြီး ရပ်နေသော စဝ်ရန်နိုင်အား တွေ့လိုက်ရသည်။

စဝ်ရန်နိုင်က သူ့အပေါ်ထပ်သို့ တက်မည့်အကြောင်း စိုင်းနွတ် အောက်ထပ်သို့ ဝင်ရန်လက်ဟန်ပြပြီး ပြောသည်။ စိုင်းနွတ်က နားလည်ကြောင်း အချက်ပြ၏။

တစ်ဆက်တည်းပင် တိုက်ကြီး၏ဝရံတာသို့ ရောက်နေပြီဖြစ်သော မင်းနောင်အား ညွှန်ပြသည်။ စဝ်ရန်နိုင် ခေါင်းညိတ်ပြပြီး သစ်ပင်တစ်ပင်အောက်သို့ ပြေးဝင်သွားသည်။ စိုင်းနွတ်က တိုက်အောက်ထပ်သို့ ဝင်ရန် ပုန်းလျှိုးကွယ်လျှိုးနှင့် လမ်းရှာသည်။

မင်းနောင်မှာ ဝရံတာပေါ်သို့ ရောက်သည်နှင့် ဝရံတာသို့ ထွက်သည့်တံခါးပေါက်ကို ဖွင့်ရန် ကြိုးစားသည်။ အတွင်းမှ ပိတ်ထားသော တံခါးကို ဖွင့်၍မရနိုင်သဖြင့် နည်းလမ်းရှာ စဉ်းစားရင်း တခဏမျှ ငြိမ်နေလိုက်သည်။ ထိုစဉ်မှာပင် ပိတ်ထားသည့် တံခါးဖြည်းညင်းစွာ ပွင့်သွားသည်။ မင်းနောင်က ဖျပ်ခနဲ လှုပ်ရှားပြီး တံခါးဖွင့်သူအား သေနတ်ဖြင့် ချိန်လိုက်သည်။

"အစ်ကို . . ကျွန်မပါ"

"ဟင် . . ဒိုင်ယာနာ"

ဒိုင်ယာနာက ခေါင်းညိတ်ပြပြီး မင်းနောင်အား အိမ်ထဲသို့ ဝင်ရန် လက်ဟန်ပြသည်။ မင်းနောင်က အိမ်ထဲသို့ ဖျပ်ခနဲ ဝင်လိုက်၏။

"နီနီကော . ."

"ရှုတ် . . သူရှိတယ်၊ ဦးကောင်းယုံက သူ့အခန်းထဲ ခေါ်ထားတယ်၊ ကျွန်မ အစ်ကို့ကို လိုက်ပြပါ့မယ်"

"နေပါဦး . . မင်းက . . "

မင်းနောင်က ဒိုင်ယာနာအား မသင်္ကာသော အကြည့်ဖြင့် ကြည့်သည်။ ဒိုင်ယာနာက ရီဝေသော မျက်လုံးအစုံဖြင့် မင်းနောင်ကို ကြည့်လိုက်၏။

"ကျွန်မလည်း ဦးကောင်းယုံရဲ့ သားကောင်ပါဘဲ အစ်ကို၊ နီနီရဲ့အစ်မအပေါ် သူယုတ်မာခဲ့တာ . . အစ်ကိုခံစားခဲ့ရတာတွေကိုသိလို့ သူနဲ့လမ်းခွဲဖို့ ဆုံးဖြတ်ခဲ့တာပါ၊ ဒါကြောင့်လည်း အခုကိစ္စမှာ ဦးကောင်းယုံဟာ ဘာသဲလွန်စမှ မရခဲ့တာပါ"





"သူက . . နီနီကို ဘာဖြစ်လို့ ဖမ်းတာလဲ"

"နီနီကို ဖြူဖြူလို့ထင်ပြီး ဖမ်းခေါ်တာ . . ဖြူဖြူသေသွားပြီဆိုတာ သူသိမှ မသိတာဘဲ"

မင်းနောင် ရင်ထဲတွင် တင်းကျပ်သော ခံစားချက်တွေ တိုးဝင်လာသည်။ ဒိုင်ယာနာက မင်းနောင်၏ မျက်နှာကို မော်ကြည့်ရင်း အားနည်းဖျော့တော့စွာ ပြုံးပြသည်။

"အစ်ကိုလက်ထဲက သေနတ်ကို သိမ်းလိုက်မယ်နော်၊ အစ်ကို ယုံယုံကြည်ကြည်နဲ့ ကျွန်မနောက်ကို လိုက်ခဲ့ပါ၊ ကျွန်မက အစ်ကို့ကိုဖမ်းခေါ်လာတဲ့ ပုံစံနဲ့ ဦးကောင်းယုံဆီကို ဝင်မယ်"

မင်းနောင် တွေခနဲ ဖြစ်သွားသည်။ ပြီးမှ ခေါင်းညိတ်လိုက်ပြီး လက်ထဲမှ ပစ္စတိုကို ဒိုင်ယာနာအား အပ်လိုက်သည်။ ဒိုင်ယာနာက မင်းနောင်၏သေနတ်ကို ခါးကြားတွင် ထိုးလိုက်သည်။ ပြီး သူ့လက်ထဲက သေနတ်ဖြင့် မင်းနောင်အား ချိန်ရွယ်လိုက်၏။

"အစ်ကို . . ရှေ့ကနေသွား"

မင်းနောင် ခေါင်းညိတ်ပြပြီး ဒိုင်ယာနာ၏ရှေ့မှ လျှောက်ထွက်သည်။ ဒိုင်ယာနာက စင်္ကြံလမ်းအတိုင်း လျှောက်

ခဲ့ပြီး အခန်းကျယ်ကြီး တစ်ခန်းထဲသို့ ဝင်လိုက်သည်။ ထိုအခန်းတွင် ဘဲဥပုံရေကူးကန် တစ်ကန်ရှိပြီး ကန်ဘေးရှိ ထိုင်ခုံတွင် နှုတ်ခမ်းမွှေးဖြူဖြူနှင့်လူကြီး ထိုင်နေသည်။ သူ့ဘေးထိုင်ခုံတွင် နီနီနန်းဝေ ရှိနေ၏။ ဘေးတစ်ဖက်၌ လက်နက်ကိုင် အစောင့်တစ်ယောက် ရပ်နေသည်။

"ဘာလဲဟေ့ . . ဒီအခန်းထဲကို ဘာဖြစ်လို့ ခွင့်မတောင်းဘဲ ဝင်လာတာလဲ"

"သူ့ကိုဖမ်းမိလာလို့ပါ အစ်ကိုကြီး . . ကိုကောင်းမြတ်ပြောတဲ့ မင်းနောင်ဆိုတာ သူပါဘဲ"

နှုတ်ခမ်းမွှေးဖြူဖြူနှင့် ဦးကောင်းယံ့ (ခေါ်) သာမြင့်က မင်းနောင်အား လှမ်းကြည့်သည်။ မျက်နှာနီနီပါးမို့မို့ . . မျက်လုံးပြူးပြူးနှင့် ပြုံးရယ်လိုက်သော ဦးကောင်းယံ့ကို မင်းနောင်က မှန်းတီးစွာ ကြည့်သည်။

"မင်းနောင်ဆိုတာ မင်းကိုး . . ဒီထိအောင် လိုက်လာတယ်ဆိုတော့ မင်းရဲ့ဇက မသေးဘူးဘဲ"

မင်းနောင် မဲ့ပြုံးပြုံးလိုက်သည်။

"ဟုတ်တယ် . . ကျုပ် ခင်ဗျားကို သတ်ဖို့လာတာ"





"အောင်မာ . . မင်းက . . "

မင်းနောင် ရယ်လိုက်သည်။ ဒိုင်ယာနာက မင်းနောင်အား သေနတ်ဖြင့် ချိန်ရင်း ဘေးခြင်းယှဉ်၍ ရပ်သည်။ ဒိုင်ယာနာ၏ခါးကြားတွင် ထိုးထားသည့် သေနတ်မှာ မင်းနောင့်လက်နှင့်ထိနေသည်။

"ဒိုင်ယာနာ နင်ဘာလုပ်တာလဲ"

"ရှင်"

"နင်က သူခိုးဓားရိုး ကမ်းတာပေါ့လေ၊ ဟေ့ . . သူ့ကို ရှင်း . . "

ပါးနပ်လွန်းသော ဦးကောင်းယံ့က မင်းနောင်နှင့် ဒိုင်ယာနာတို့ အနေအထားကို သဘောပေါက်သွားပုံ ပေါ်သည်။ ထို့ကြောင့် သူ့အနားမှ သေနတ်သမားကို လှမ်းပြီး အမိန့်ပေးသည်။

သေနတ်သမားက ခါးကြားမှ သေနတ်ကို ဆွဲထုတ်ပြီး ဒိုင်ယာနာအား ပစ်သည်။ မင်းနောင်က ဒိုင်ယာနာ ခါးကြားမှ သေနတ်ကို ဆွဲထုတ်ကာ ကြမ်းပြင်ပေါ် လိမ့်ချရင်း သေနတ်သမားကို ပစ်သည်။

သေနတ်သံနှစ်ချက် ဆက်တိုက်ပေါ်လာသည်။ ခိုင်ယာနာ၏ အော်သံနှင့် သေနတ်သမား၏ အော်သံ တစ်ပြိုင်နက်တည်း ပေါ်လာ၏။ သေနတ်သမားက မျက်လုံးကြီးပြူးပြီး ဒူးညွတ်ကျသွားသည်။

သေနတ်သမား ဒူးညွတ်အကျမှာပင် ဦးကောင်းယုံ ထိုင်ခုံပေါ်မှ လိမ့်ချသည်။ သေနတ်သမား၏ လက်ထဲမှ သေနတ်ကို ဖျပ်ခနဲ ဆွဲယူပြီး အနားတွင်ရှိသော နီနီနန်းဝေအား ချိန်ရွယ်လိုက်သည်။

"မင်းလက်ထဲက သေနတ်ကို ပစ်ချလိုက်စမ်း မင်းနောင်"

"ခင်ဗျာ"

"ပစ်ချလိုက် . . မပစ်ချရင် မင်းကောင်မလေး သေမယ်"

"သေနတ်မချနဲ့ ကိုကို . . သေနတ်မချနဲ့၊ ဒီလူယုတ်မာကို အခွင့်အရေး မပေးနဲ့ . . "

နီနီက အော်ပြောသည်။ ဦးကောင်းယုံသည် နီနီ၏ဆံပင်ကို ဆောင့်ဆွဲလိုက်၏။ မင်းနောင်မှာ သက်ပြင်းတစ်ချက်နှင့်





အတူ လက်ထဲမှ သေနတ်ကို လွှတ်ချလိုက်သည်။

မင်းနောင်က သေနတ်လွှတ်ချလိုက်စဉ်မှာပင် အောက်ထပ်မှ ပစ်သံခတ်သံများ ပေါ်လာသည်။ တစ်ဆက်တည်းပင် အိမ်အပေါ်ထပ် အနောက်ဘက်ခြမ်းမှ ပစ်သံခတ်သံများ ပေါ်လာသည်။

"ရဲတွေရောက်လာပြီ . . ဦးသာမြင့်၊ ခင်ဗျားအတွက် လွတ်လမ်းမရှိတော့ပါဘူး"

"မလွတ်ရင်လည်း မင်းတို့ကို ငါနဲ့အတူ သေမင်းဆီ ခေါ်သွားမယ်ဟေ့"

ဦးကောင်းယုံ (ခေါ်) သာမြင့်က သေနတ်ကို ပင့်ချိန်လိုက်သည်။ မင်းနောင်က သူ့ခြေထောက် အနီးတွင် ရှိနေသော ပလပ်စတစ် ခုံတစ်လုံးကို ဦးကောင်းယုံထံသို့ ကန်ထုတ်လိုက်သည်။

ပလပ်စတစ် ထိုင်ခုံလွင့်လာသဖြင့် ဦးကောင်းယုံ ကြောင်အန်းအန်း ဖြစ်သွားခိုက် သေနတ်သံတစ်ချက် ကျယ်လောင်စွာ ပေါ်လာသည်။ ဦးကောင်းယုံ၏ ရင်ဘတ်တွင် အပေါက်လေးတစ်ပေါက် ဖြစ်သွား၏။

ဦးကောင်းယုံက ဒဏ်ရာဖြင့် လဲကျနေရာမှ သူ့အား သေနတ်နှင့် ပစ်လိုက်သည့် ဒိုင်ယာနာကို အံ့အားတသင့် ကြည့်သည်။ ပြီး ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲ ပစ်ကျ၏။

နီနီနန်းဝေမှာ ဦးကောင်းယုံ၏ အချုပ်အနှောင်မှ လွတ်သွားသည်။ သူမသည် ဦးကောင်းယုံ၏ လက်ထဲမှ သေနတ်ကို ဆွဲယူသည်။ ဦးကောင်းယုံက နီနီထံမှ သေနတ်ကို ပြန်လုသည်။ ထိုသို့ ဆွဲလားလုလား ဖြစ်နေစဉ် သေနတ်သံ တစ်ချက်ပေါ်လာပြီး ဦးကောင်းယုံ ငြိမ်ကျသွား၏။

အပြင်ဘက်မှ သေနတ်သံတွေ တစ်ခဲနက် ပေါ်လာသည်။ မင်းနောင်က နီနီနန်းဝေထံသို့ ပြေးဝင်ပြီး ကြမ်းပြင်ပေါ်တွင် လှဲချလိုက်၏။ သူကိုယ်တိုင်ကလည်း နီနီနန်းဝေ၏ ဘေးတွင် လှဲချလိုက်သည်။

"ဦးကောင်းယုံ လက်နက်ချပါ . . ခင်ဗျားအိမ်ကို ပြည်နယ်ရဲတွေက ဝိုင်းထားပြီ"

အပြင်ဘက်မှ အသံချဲ့စက်ဖြင့် အော်ပြောလိုက်သံကို ကြားရ၏။ သေနတ်သံတွေ စဲသွားပြီး အော်သံဟစ်သံ အမိန့်ပေးသံများကို ကြားရသည်။





မင်းနောင်နှင့် နီနီနန်းဝေတို့ နေရာမှထကာ ဒိုင်ယာနာထံသို့ ပြေးဝင်သည်။

"ဒိုင်ယာနာ . . ဒိုင်ယာနာ"

ပြုံးနေသော ဒိုင်ယာနာကို ခေါ်ကြည့်သည်။ ဒိုင်ယာနာ မထူးတော့ မလှုပ်တော့၊ မင်းနောင်က ဒိုင်ယာနာအား သွေးစမ်းကြည့်သည်။ သွေးမတိုးတော့ . . ။

"သူ အသက်မရှိတော့ဘူး နီနီ"

နီနီနန်းဝေ ဟင့်ခနဲ ရှိုက်ပြီး မင်းနောင်၏ ရင်ခွင်ထဲသို့ တိုးဝင်သည်။ မင်းနောင်၏ စိတ်ထဲမှာ အမှောင်တွေ ကွယ်ပျောက်ပြီး လဝန်းသစ် ထွန်းလင်းလာသလို မှတ်ထင်ခံစားလိုက်ရသည်။

သူက နီနီနန်းဝေအား ဖက်တွယ်အားပေးနေသဖြင့် အခန်းထဲသို့ ဝင်လာသော စစ်ရန်နိုင်နှင့် စိုင်းနွတ်တို့ကို မတွေ့မိပေ။

ဇော်ထက်အောင်

ပြီးပါပြီ။

